ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖြိုဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ 27, Wednesday July 2016 (၈၆၃၅)

**သီလဂုဏ်သတင်းကျော်ကြားခြင်း**

သီလတည်းဟူသော ပန်းရနံ့သည် တောင်ဇလပ်ပန်း၊ စန္ဒကူးပန်းတို့၏ရနံ့ထက် အဆပေါင်းများစွာ ကြိုင်လှိုင်၏။ သီလရှိသောသူတို့၏ သီလသည် ထူးကဲမွန်မြတ်သည်ဖြစ်၍ နတ်ပြည်သို့တိုင် ကြိုင်လှိုင်၏။ သီလသည် ဂုဏ်သတင်းကျော်ကြားခြင်း၏ အကြောင်းရင်းဖြစ်၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၆)

# (၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်



(၁၇) ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။ (သတင်းစဉ်)

**ဗီယင်ကျန်း ဇူလိုင် ၂၆**

(၄၉) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၇) ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၆)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၂၃) ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ် သီးသန့်အစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ မျက်နှာစုံညီအစည်းအဝေးတို့ကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဆွေးနွေးသည်။

(၁၇)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဒေသတွင်း စီးပွားရေးကို တည်ငြိမ်စေမည့် ဒေသဆိုင်ရာ ဘဏ္ဍာရေးကို အမြဲခိုင်မာစေသော Chiang Mai Initiative Multilateralization (CMIM)၊ ASEAN Plus Three Macroeconomic Research Office (AMRO)၊ The Asian Born Market Initiative (ABMI) နှင့် The Credit Guaranty Investment Facility (CGIF)တို့ကို ကြိုဆိုခဲ့သည်။

ထို့ပြင် စဉ်ဆက်မပြတ် အာမခံချက်ပေးနိုင်သော အာဆီယံ + ၃ အရေးပေါ်အရန်ဆန် (APTERR) အကောင်အထည်ဖော်ဆောင်ခြင်းအားဖြင့် စားနပ်ရိက္ခာဖူလုံမှုရရှိရန် ဝန်ကြီးများက အားပေးခဲ့သည်။ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရာတွင် အာဆီယံ + ၃ ၏ အရေးပါသောအခန်းကဏ္ဍကို နိုင်ငံခြားရေးဝန်ကြီးများက ထပ်လောင်းအတည်ပြုခဲ့သည်။

ထို့အပြင် အာဆီယံ + ၃ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြင့်မားသော အဆင့်ထိ တိုးမြှင့်ရန် ရည်ရွယ်၍ 2013-2017 Work Plan နှင့် East Asia Vision Group II (EAVGII) ၏ အကြံပြုချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများကိုလည်း တိုက်တွန်းပြောကြားခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

# ခရီးဝေးဒေသမှ တိုင်းရင်းသားလူငယ်များ နေပြည်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်မောင်မယ် ၁၀၀ အား ဖိတ်ကြား၍ ဇူလိုင် ၂၆ ရက်မှ ၂၉ ရက် အထိ လေးရက်ကြာ နေပြည်တော်နှင့် ပတ်ဝန်းကျင်တို့သို့ လေ့လာရေးပို့ဆောင်ပေးလျက်ရှိသည်။

ယခု ဒုတိယအကြိမ်အဖြစ် ဖိတ်ကြားခေါ်ယူခဲ့သော ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၊ မံစီမြို့နယ်နှင့် ပန်ဝါဒေသမှ ဂျိန်းဖော့နှင့် လာချိဒ်၊ လော်ဝေါ် တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ ဒီမော့ဆိုမြို့နယ်နှင့် ဖားဆောင်းမြို့နယ်များမှ ကယား၊ ကယန်း၊ ကယော၊ ကရင်နှင့် မနောတိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး၊ မွန်ပြည်နယ် ရေးမြို့နယ်နှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)ရှိ မျိုးစေ့ဘဏ်၌ တိုင်းရင်းသားလေ့လာရေးအဖွဲ့ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)






ကြေးမုံ

# သဘာဝဘေးအန္တရာယ်သတိပြုကာကွယ်

ယခုကာလတွင် မြစ်ရေကြီးမှုအခြေအနေသတင်းများကို ဦးစားပေးသတင်းအဖြစ် သတင်းစာမျက်နှာများတွင် နေ့စဉ် ဖော်ပြလျက်ရှိသည်ကို မြင်တွေ့ကြားသိနေရပါသည်။ မိုးရာသီကာလတွင် ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်အားလုံး၏ ၉၀ ရာခိုင်နှုန်းတွင် ရေနှင့်ပတ်သက်၍ ဖြစ်ပျက်နေခြင်းသည် ကျွန်ုပ်တို့နိုင်ငံ၏ ဖြစ်နေကြသဘာဝပင်ဖြစ်သည်။

အထူးသဖြင့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မြစ်ရေကြီးမှုအဖြစ်များပြီး ဆည်ရေလျှံခြင်း၊ တောင်ကျရေ လျှပ်တစ်ပြက်ကျခြင်း၊ မုန်တိုင်း၊ ဒီရေတက်ခြင်း၊ မြစ်ချောင်းများ ရေလွှမ်းမိုးခြင်းတို့ တစ်ခုမဟုတ်တစ်ခု မရိုးနိုင်သောအဖြစ်များသဖွယ် ဖြစ်နေပါသည်။ ကြာသောအခါ ကျွန်ုပ်တို့နိုင်ငံသားများအဖို့ ရေကြီးရေလျှံမှုဖြစ်စဉ်ကို ဖြစ်ရိုးဖြစ်စဉ်သဘာဝဘေးဟု သိမှတ်လာကြပါသည်။

မဖြစ်မီကြိုတင်ကာကွယ်ခြင်း၊ ဖြစ်နေစဉ်တွင်လည်း အန္တရာယ်မဖြစ်ရအောင် နေထိုင်ခြင်း၊ ဆိုးကျိုးသက်ရောက်ကြုံတွေ့ရလည်း ဖြစ်ပျက်နိယာမကို သိထားပြီးဖြစ်၍ ဘာသာရေးအဆုံးအမအောက်တွင် တရားသဘောဖြင့် ဖြေတတ်၊ နေတတ်ကြသည်။ သဘာဝက ခံနိုင်ရည်ရှိအောင် သွန်သင်ပြသထားသည့် ဘဝနေနည်းများဟုပင် ဆိုရမလိုဖြစ်သည်။

နေ့စဉ်ကြုံတွေ့နေကြ မြစ်ရေကြီးမှုအခြေအနေသတင်းဖော်ပြချက်တွင် အထူးသဖြင့် ချင်းတွင်း၊ ဧရာဝတီမြစ်ရေမြင့်တက်မှုက စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေကြောင်းသိရသည်။ ယခုအခါ ချင်းတွင်းမြစ်ရေမြင့်တက်ပြီး စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိလာနေ၍ ခန္တီးမြို့နယ်နှင့်ဟုမ္မလင်းမြို့နယ်တို့အတွင်း စာသင်ကျောင်း လေးဆယ်ကျော်ယာယီပိတ်ထားရကြောင်းသိရသည်။ ရေပြန်ကျချိန်တွင် ကျောင်းဖွင့်ပြီး အစားပြန်တက်၊ ရေတက်လာလျှင် ကျောင်းပြန်ပိတ်ရနှင့် မြစ်ရေ အတက်အကျအလိုက် ကျောင်းဖွင့်၊ ကျောင်းပိတ်လုပ်နေရသည်။

ချင်းတွင်းမြစ်ရေအတက်ကြမ်းသည့် အကျိုးဆက်ကြောင့် အမြန်ရေယာဉ်များကိုလည်း ယာယီရက်တို ရပ်နားထားရကြောင်းသိရသည်။ မြစ်ညာဘက်တွင် မိုးဆက်တိုက်ရွာသွန်းခြင်း၏ အကျိုးဆက်အဖြစ် မြစ်ကမ်းနဘေး ဝဲယာနှစ်ဖက်ရှိ မြို့နယ်အတွင်းမှ ကျေးရွာများ အနည်းအများအလိုက် ရေလွှမ်းမိုးမှုဒဏ်ခံရပြီး မြစ်အတွင်း၌လည်း ဝဲဂယက်ထဆိုးရွားလာမှုကြောင့် ခရီးသည်တင်နှင့်ကုန်တင်ရေယာဉ်များ ပြေးဆွဲမှုကို ယာယီရပ်နားထားရသည်။

ချင်းတွင်းမြစ်၏ မိုးရာသီကာလ ပုံမှန်ဖြစ်စဉ်ဟုဆိုရမည်။ ယခုကဲ့သို့ ရာသီဥတုဖောက်ပြန်ချိန်တွင် အခြေအနေပိုဆိုးလာတတ်သည်။ မြစ်ညာအရပ်ဒေသများတွင် မိုးသည်းထန်မှုကြောင့် ချင်းတွင်းမြစ်အပြင် ဧရာဝတီမြစ်ရိုးတစ်လျှောက် အချို့ဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ငဝန်မြစ်ကလည်း ရေကြီးရေလျှံမှုသည် စိုးရိမ်ရေမှတ်အထက်တွင် ရှိလာနေသည်။ အချို့ဒေသများသည် မြစ်ရေလျှံတက်မှုကြောင့် စိုက်ပျိုးရေးကို နှောင့်နှေးစေသည်။ စိုက်ပျိုးမြေများကို ပျက်စီးစေသည်။ သို့သော် ယခုဖြစ်စဉ်သည် ယနေ့အချိန်အထိ လူအသေအပျောက်မရှိသဖြင့် အဆိုးထဲက အကောင်းဟု ဆိုရမလိုဖြစ်သည်။

မိုးရာသီကာလ ရေကြီးရေလျှံမှုအန္တရာယ်သည် ကျွန်ုပ်တို့နိုင်ငံတစ်နိုင်ငံတည်းသာ ကြုံတွေ့နေခြင်းမဟုတ်၊ အိမ်နီးချင်းနိုင်ငံကြီးတွင်လည်း ရေကြီးရေလျှံမှုကြောင့် လူအသေအပျောက်များစွာဖြစ်ခဲ့သည်။ ရေကြီးခြင်းနှင့်အတူ အခြားသဘာဝဘေးများကြောင့် ကောက်ပဲသီးနှံများပျက်စီးခဲ့သဖြင့် ဆင့်ပွားဘေးအန္တရာယ်များ အပိုဆောင်းပါလာသည်။ ရေဟူသည် လူတို့အတွက် အသက်သခင်ကျေးဇူးရှင်၊ ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက် ဆိုရိုးစကားဖြစ်သော်လည်း ယခုရေမှာမူ ဘေးအန္တရာယ်များပြီး သတိထားရမည့်အခြေအနေဖြစ်သည်။

သက်ရှိများ အသက်ရှင်သန်နိုင်ရေးအတွက် ရေသည်အခြေခံလိုအပ်ချက်၊ စိုက်ပျိုးမွေးမြူရေးမှအစ ရေသည် အဓိက၊ သို့သော် ရေသည် လိုသည်ထက် ပိုမိုလွန်ကဲလာသောအခါ သက်ရှိများအတွက် သတိထားစရာအန္တရာယ်အဖြစ် မရှိမကောင်း၊ ရှိမကောင်းသော ရေဖြစ်နေသည်ကိုလည်း သတိမူရမည်ဖြစ်သည်။ ။

# စီမံ/ဘဏ္ဍာဝန်ကြီးအား ပြည်ပဧည့်သည်အဖွဲ့များ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi HIGUCHI ဦးဆောင်သည့် အဖွဲ့အား ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ၊ ပဲခူးတံတားတည်ဆောက်ရေး စီမံကိန်းကိစ္စ၊ ဂျပန်နိုင်ငံ၏ ချေးငွေအသစ်စီမံကိန်းများကိစ္စ၊ Myanmar-Japan Joint Initiative (MJJI) Meeting ကျင်းပရေးကိစ္စများ၊ သီလဝါ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ တိုးမြှင့်ဆောင်ရွက်သွားမည့် အဓိကမဏ္ဍိုင်များနှင့် ဂျပန်နိုင်ငံ အစိုးရမှလုပ်အားပေးများ စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Myanmar Fiber Optic Communication Network Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Ms. Dana Dong နှင့် နံနက် ၁၀ နာရီတွင် တွေ့ဆုံ၍ လက်ရှိရင်းနှီးမြှုပ်နှံထားရှိမှုအခြေအနေများနှင့် ထပ်မံရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းအား အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ရထားပို့ဆောင်ရေးကော်မရှင် ဥက္ကဋ္ဌ Mr. David Porter ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံပြီး ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ရထားပို့ဆောင်ရေးကဏ္ဍများ၌ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်မှုများတိုးချဲ့ ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား Perseus Strategies, LLC, USA မှမန်နေဂျင်းဒါရိုက်တာ Mr. Jared Genser လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# သန်လျင်ရှိ အထည်ချုပ်စက်ရုံများနှင့် စက္ကူထုပ်ပိုးပစ္စည်းစက်ရုံတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ စက်မှုဝန်ကြီးဌာနမှ ရွှေစကားကုမ္ပဏီလီမိတက်သို့ ငှားရမ်းထားသည့် အမှတ်(၁၈) အထည်ချုပ်စက်ရုံ (သန်လျင်)သို့ ရောက်ရှိပြီး စက်ရုံတာဝန်ခံက စက်ရုံများ ငှားရမ်းထားရှိမှုအခြေအနေ၊ ဝန်ထမ်းအင်အားအခြေအနေနှင့် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ ထိန်းသိမ်းထားသည့် သီလဝါဆည်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သီလဝါဆည်မှ ဖြန့်ဖြူးပေးပို့သည့် စက်ရုံ၊ အလုပ်ရုံများ ရေပြတ်လပ်မှု မရှိစေရေးအတွက် စက်ပစ္စည်းကိရိယာများအား အစဉ်အမြဲ ပြုပြင်ထိန်းသိမ်းနေရန်၊ အရည်အသွေးမီ ချုပ်ထည်များရရှိရေးအတွက် အသုံးပြုသည့် စက်ပစ္စည်းများ ကောင်းမွန်စေရန်နှင့်လုပ်သားများကိုလည်း ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ပေးရန်၊ မီးဘေးအန္တရာယ်မဖြစ်စေရေးအတွက် အလေးထားဆောင်ရွက်ရန်၊ အလုပ်ရုံအတွင်း လေဝင်လေထွက် ကောင်းမွန်အောင် စီမံဆောင်ရွက်ရန်၊ ယခုထက် ပိုမိုထုတ်လုပ် ရောင်းချနိုင်ရေးအတွက် ဈေးကွက်သုတေသနပြုလုပ်ပြီး ဈေးကွက်ထိုးဖောက်ရန်နှင့် စက်ရုံငှားရမ်းကုမ္ပဏီအနေဖြင့် ရရှိသည့်အမြတ်အစွန်းအချို့ကို ဝန်ထမ်းများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍတို့တွင် ပြန်လည်ကျခံသုံးစွဲရန် လိုကြောင်းမှာကြားပြီး စက်ရုံအတွင်း အထည်ချုပ်လုပ်သည့်နည်းစဉ် အဆင့်ဆင့်နှင့် သီလဝါဆည်မှ ပတ်ဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံများသို့ ရေဖြန့်ဖြူးပေးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် စက်မှုဝန်ကြီးဌာနမှ မိဘဂုဏ်ရည်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်သို့ ငှားရမ်းထားသည့် အမှတ်(၃) အထည်ချုပ်စက်ရုံ (သန်လျင်)နှင့် သန်လျင်ကျောက်ပြား စက်ရုံအတွင်း Leader One (Myanmar) Limited တို့သို့ ရောက်ရှိပြီး စက်ရုံမှ ထုတ်လုပ်ထားသည့် ထုတ်ကုန်များနှင့် ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်ကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ မြတ်မိဘကုမ္ပဏီသို့ငှားရမ်းထားသည့် စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ (သန်လျင်)သို့ ရောက်ရှိပြီး စက္ကူထုပ်ပိုးခွံများ ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




# ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေး

**ဘားအံ ဇူလိုင် ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ယာဉ်မတော်တဆဖြစ်ပွားမှု ၂၂၄ မှုတွင် ဒဏ်ရာရရှိသူ ၃၉၆ ဦး၊ သေဆုံးသူ ၇၄ ဦးရှိခဲ့ပြီး ယာဉ်မတော်တဆဖြစ်ပွားမှုများ မရှိစေရေးအတွက် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ရပ်ကွက်နှင့်ကျေးရွာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်းများ၊ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် အိန္ဒုကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာနေပြည်သူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခဲ့ကြသည်။

အမှတ်(၁၀)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတိယရဲမှူးအောင်မြင့်ဦးဆောင်သောအဖွဲ့သည် ကျေးရွာနေပြည်သူများ၊ ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများအား ဆိုင်ကယ်စီးနင်းပါက မေးသိုင်းကြိုးပါရှိသော ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပို၍စီးနင်းခြင်းမပြုရန်၊ ဆိုင်ကယ်နှင့် မော်တော်ယာဉ်မောင်းသူတိုင်း ယာဉ်နှင့်ယာဉ်မောင်းလိုင်စင်များရှိရေးနှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေများအား အသိပညာပေးခဲ့ကြောင်း သိရသည်။ **(နေမျိုးလွင်)**

# ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စုစာရင်းများထုတ်ပေး

**လားရှိုး ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်း ရက်(၁၀၀) သစ္စာစီမံချက်အရ လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မေ ၁ ရက်မှစတင်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စုထုတ်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိသည်။

အဆိုပါ အိမ်ထောင်စုများအတွက် တရားဝင်အိမ်ထောင်စုစာရင်းထုတ်ပေးခြင်း အခမ်းအနားကို ရပ်ကွက်(၄) အရုဏ်ဦးခန်းမ၌ ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူး ဦးစောနိုင်၊ ပြည်နယ်/ခရိုင်/မြို့နယ် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အိမ်ထောင်စုလက်ခံရရှိသည့် ဒေသခံပြည်သူများအပါအဝင် စုစုပေါင်း ၁၂၀ ခန့်တက်ရောက်ခဲ့ပြီး ဒုတိယပြည်နယ်ဦးစီးမှူး ဦးစောနိုင်က ရက်(၁၀၀) သစ္စာစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းခဲ့သည်။ အိမ်ထောင်စု ၉၀ အတွက်အိမ်ထောင်စုစာရင်းများပေးအပ်ခဲ့ရာ မြို့မိမြို့ဖတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၁၂
မန်နေဂျာ ၀၁-၈၆၁၀၁၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၅




(၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

### ❒ (၄၉)ကြိမ်မြောက်မှ

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်တွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေးတွင် ချမှတ်မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်မှုဆိုင်ရာ အာဆီယံ + ၃ ထုတ်ပြန်ချက်မူကြမ်းဟု အမည်ပေးထားသော လာအိုနိုင်ငံ၏ ကနဦးဆောင်ရွက်ချက်ကို ယင်းအစည်းအဝေးတွင် အလေးအနက်ထား ထောက်ခံကြောင်းဖော်ပြခဲ့သည်။

(၆)ကြိမ်မြောက်အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲမှ ဦးစားပေးကဏ္ဍခြောက်ရပ်ကို ချမှတ်နိုင်ခဲ့ရာ ဘဏ္ဍာရေး၊ စွမ်းအင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေးနှင့်ဆက်သွယ်ရေး၊ သဘာဝဘေးအန္တရာယ် ထိန်းသိမ်းရေးနှင့် အာဆီယံနိုင်ငံအချင်းချင်း ချိတ်ဆက်ပြီး ကွာလာလမ်ပူကြေညာချက်သဘောထားအတိုင်း ချမှတ်ဆောင်ရွက်ခြင်းအပါအဝင် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲကို ခိုင်မာစေရန်အတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ခေါင်းဆောင်များက ဦးဆောင်ကျင်းပသည့် ဖိုရမ်မှတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေးရာကိစ္စရပ်များနှင့်ပတ်သက်သည့် အကျိုးစီးပွားများကို မဟာဗျူဟာမြောက်ပြောဆိုဆွေးနွေးခြင်း၊ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်စီးပွားရေးရာကိစ္စရပ်များ မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြင့် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ၏အခန်းကဏ္ဍကို ၎င်းတို့၏ ကတိကဝတ်အတိုင်း ခိုင်မာစေရန် လုပ်ဆောင်သွားမည်ဟု ဝန်ကြီးများက ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် အာဆီယံဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော လာအိုနိုင်ငံက အဆိုပြုထားပြီး (၁၁)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးက အတည်ပြုချမှတ်မည့် အရှေ့အာရှအတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဗီယင်ကျန်း ကြေညာချက်မူကြမ်းကို ထောက်ခံခဲ့ကြသည်။ ထို့နောက် ဝန်ကြီးများက ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် (၂၃) ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ် သီးသန့်အစည်းအဝေးနှင့် (၂၃)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ မျက်နှာစုံညီအစည်းအဝေးတို့ကို ဆက်လက်ကျင်းပရာ အာဆီယံဒေသဆိုင်ရာ ဖိုရမ်အဖွဲ့ဝင် ၂၇ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



(၁၇)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးတို့ တွေ့ဆုံ



**ဗီယင်ကျန်း ဇူလိုင် ၂၆**

လာအိုနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး Mr. V.K Singh တို့သည် ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၅ မိနစ်တွင် တွေ့ဆုံဆွေးနွေးကြသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ရော်ဘာအသုံးချရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗီယင်ကျန်းမြို့ရှိ မြန်မာသံရုံး၌ လာအိုနိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ သံရုံး၊ စစ်သံရုံးတို့မှ မိသားစုဝင်များ၊ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အိန္ဒိယနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာဗစ်ခရမ်မစ်ဆရီအားခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်ပါသည်။

မစ္စတာ ဗစ်ခရမ် မစ်ဆရီသည် ၁၉၆၄ ခုနှစ်တွင် မွေးဖွား၍ ဝိဇ္ဇာဘွဲ့(သမိုင်း)နှင့် မဟာဘွဲ့(စီးပွားရေး)တို့ကို ရရှိခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်တွင် ထမ်းဆောင်ခဲ့ကာ ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဝါရှင်တန်ဒီစီရှိ အိန္ဒိယသံရုံးတွင် သံမှူးအဖြစ် လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကိုလံဘိုမြို့ရှိ အိန္ဒိသံရုံးတွင် ဒုတိယမဟာမင်းကြီးအဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ မြူးနစ်မြို့ရှိ အိန္ဒိယသံရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ မဒရစ်မြို့ အိန္ဒိယသံရုံးတွင် စပိန်နိုင်ငံဆိုင်ရာ အိန္ဒိသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားတစ်ယောက်နှင့် သမီးတစ်ယောက်ရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို စနစ်တကျဖြစ်စေရန်နှင့် ပိုမိုတိုးတက်အောင်မြင်စေရန်အတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိ ဟိုတယ်၌ကျင်းပသည့် မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးသားအဆင့်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်းဦးစီးဌာန အနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကို အဓိကလုပ်ငန်းတစ်ရပ် အနေဖြင့်ချမှတ်ပြီး မူလတန်းကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား နည်းပညာနှင့် ငွေကြေးထောက်ပံ့ ပေးအပ်ခြင်း၊ ပညာရပ်ဆိုင်ရာ သင်တန်းများ၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

ကလေးသူငယ်များကို ပြုစုပျိုးထောင်နိုင်စေရန် တိုးတက်လာသော နည်းစနစ်များနှင့်အညီ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ဆရာလမ်းညွှန်၊ အထောက်အကူပြု လက်စွဲစာအုပ်များကို မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေးသားပြုစုထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက်အကူပြု ဗဟိုဌာနကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် နိုင်ငံတစ်ဝန်းလုံးမှာရှိသည့် လူ့စွမ်းအား အရင်းအမြစ်၏ အခြေခံအကျဆုံးဖြစ်သည့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အထောက်အကူပေးနေခြင်းပင် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ကိုယ်စား UNICEF မှ ဒုတိယဌာနေကိုယ်စားလှယ် မစ္စတာ Paul Edwards က အမှာစကားပြောကြားပြီး ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုမှတ်တမ်းအား ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**



မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးသားအဆင့်ဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

## ဦးသာအောင်ညွန့်အား ဩစတြေးလျမနေသဟာယနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်အား ဩစတြေးလျမနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်ခန့်အပ်

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းအား ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ်(၂၅)အား စီရင်ချက်ချ

**နေပြည်တော် ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝေဖြိုးက စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်အပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း၊ လျှောက်ထားခံရသူသည် ရွေးချယ်ခံရကြောင်း ကြေညာခွင့်ရထိုက်သူမဟုတ်ဟု ဆုံးဖြတ်၍ လျှောက်ထားသူအား ခိုင်လုံမဲအများဆုံး ရရှိသူဖြစ်ကြောင်းနှင့် ရွေးကောက်ခံရသူဖြစ်ကြောင်း ကြေညာပေးပါရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၇၊ ၆၈ နှင့် နည်းဥပဒေ ၈၇ အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ်(၂၅/၂၀၁၅)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူတို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲ ခုံအဖွဲ့(၄)က ကြားနာစစ်ဆေးပြီးနောက် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးသန်းညွန့်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်သည်ဟုဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးဝေဖြိုးက တရားစရိတ် ငွေကျပ်နှစ်သိန်းအား လျှောက်ထားခံရသူ ဦးသန်းညွန့်အားပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော မြန်မာ့စီးပွားရေးတိုးတက်မှု အရှိန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

Renaissance Institute နှင့် United States Agency for International Development (USAID) တို့ ပူးပေါင်း၍ ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော မြန်မာ့စီးပွားရေး တိုးတက်မှု အရှိန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို နေပြည်တော်ရှိ Park Royal Hotel တွင် ယနေ့နံနက်ပိုင်းကကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံတော် အစိုးရသစ်အနေဖြင့် ပြုပြင်ပြောင်းလဲသင့်သည်များအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ခေတ်မီ ဆန်းသစ်မှုနှင့် ဘဏ္ဍာရေးကဏ္ဍတွင် ပြည်သူအားလုံး ပါဝင်ဆောင်ရွက်လာနိုင်မှု လုပ်ငန်းစဉ်များသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသဖြင့် ယင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများဖြစ်ကြသော ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂ အရင်းအနှီး ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် USAID တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသော ကျေးလက်ဒေသပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်ရာ ဘဏ္ဍာရေးကဏ္ဍတွင် ပြည်သူအားလုံး ပါဝင်ဆောင်ရွက်မည့်လမ်းပြမြေပုံ (၂၀၁၄-၂၀၂၀)ကို ချမှတ်၍ ကောင်းမွန်သော ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ယင်းတို့နှင့် ဆက်စပ်၍ အာမခံလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံပိုင်ဘဏ်များ အဆင့်မြှင့်တင်တည်ဆောက်ခြင်း ကဏ္ဍများကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကမ္ဘာအနှံ့တွင် မငြိမ်မသက်ဖြစ်မှုများ၊ စစ်ပွဲများ၊ စားနပ်ရိက္ခာပြတ်လပ်မှုများကြောင့် ပြည်သူများ အခက်အခဲများနှင့် ကြုံတွေ့လျက်ရှိရာ ကမ္ဘာ့မိတ်ဖက် အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မှုသည် မဖြစ်မနေ လိုအပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းစဉ်များတွင် မိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ ယင်းနောက် USAID မှ Mission Director Ms. Teresa Mcghie က အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**




ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော မြန်မာ့စီးပွားရေးတိုးတက်မှု အရှိန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

## မသန်စွမ်းကလေးများအတွက် သင်ထောက်ကူပြု ကွန်ပျူတာဆော့ဝဲမိတ်ဆက်

**မန္တလေး ဇူလိုင် ၂၆။** မသန်စွမ်းကလေးများအတွက် ကွန်ပျူတာဖြင့် လေ့လာနိုင်မည့် သင်ထောက်ကူပြု ဆော့ဝဲမိတ်ဆက်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက စတင်ကာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ ဘီလမ်းရှိ မသန်စွမ်းသက်ငယ်ပညာသင်ကျောင်း၌ ကျင်းပကြောင်း သိရသည်။ အဆိုပါမိတ်ဆက်ပွဲတွင် Moveahead Software မှထုတ်လုပ်သည့် Flashcards နှင့် Story Maker ဆော့ဝဲကိုမိတ်ဆက်ကာ လက်တွေ့လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပြီး Dr.Trevor & Helen Geddes တို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသားမိဘများ တက်ရောက်လေ့လာကြသည်။ အဆိုပါဆော့ဝဲ အသုံးပြုလိုသူများအနေဖြင့် ကွန်ပျူတာတစ်လုံးကို တစ်နှစ်စာအတွက် လိုင်စင်ကြေးမှာ Flashcards က ၁၀၀၀၀ ကျပ်၊ StoryMaker က ၁၅၀၀၀ ကျပ် ကျသင့်မှာဖြစ်ကြောင်း သိရသည်။

"လိုင်စင်ကြေးက ဒီဆော့ဝဲတွေ အဆင့်မြှင့်ဖို့နဲ့ နောက်ထပ်တီထွင်ထုတ်လုပ်နိုင်ဖို့ ကောက်ခံတာပါ။ ကျွန်တော်တို့ရဲ့သားငယ်ကိုယ်တိုင်က မသန်စွမ်းကလေးပါ။ သားငယ်ကိုအကြောင်းပြုပြီး ဘဝတူကလေးတွေကို အကျိုးပြုနိုင်ဖို့ ဒီဆော့ဝဲကို တီထွင်ခဲ့တာပါ"ဟု Dr. Trevor က ပြောသည်။ အဆိုပါဆော့ဝဲဖြင့် အသံ၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ဗီဒီယိုများဖြင့် ကလေးများသင်ကြားရေးတွင် စိတ်ဝင်စားဖွယ်ဖြစ်အောင် ကိုယ်ပိုင်စိတ်ကူးဖြင့် ဖန်တီးနိုင်ကြောင်းသိရသည်။ **(၀၀၂)**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း ခုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေး

**နေပြည်တော် ဇူလိုင် ၂၆**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ဒုတိယ နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်း သုံးခုမေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူခြင်းများ ဆောင်ရွက်ကြသည်။



ဦးအေးနိုင်

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၏ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း ဆေးဝါးပြည့်စုံသော၊ လုံလောက်သော ဆရာဝန်အရေအတွက်ဖြင့် ခုတင်(၁၀၀)ဆံ့ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် (၂၅)ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ လေးထောင့်ကန်တိုက်နယ်ဆေးရုံတစ်ရုံ၊ ဒေသန္တရကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန နှစ်ခုတို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရပ်ကွက် ၃၂ ခု လူဦးရေစုစုပေါင်း ၂၉၆၉၇၉ ဦး နေထိုင်လျက်ရှိပြီး အဆိုပါဆေးရုံနှင့် ဆေးခန်းတို့မှာ မြို့နယ် ပြည်သူလူထုက အဓိကအားကိုးအားထားရသော ဆေးရုံ၊ ဆေးခန်းများ ဖြစ်ပါကြောင်း၊ ထို့အပြင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၏ အနောက်ဘက်တွင် ခုတင်(၅၀၀)ဆံ့ သယ်န်းကျွန်းစံပြ အထွေထွေရောဂါကုဆေးရုံကြီး၊ တောင်ဘက်တွင် ခုတင်(၂၀၀)ဆံ့ သန်လျင်ခရိုင် ပြည်သူ့ဆေးရုံတို့ဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ရာ တိုးပွားလာသော လူဦးရေအနေအထားနှင့်အညီ ယခုလက်ရှိ ခွင့်ပြုထားသော (၂၅) ခုတင်ဆံ့ဆေးရုံကို အထူးကုဘာသာရပ်(၈)မျိုးပါဝင်သော ခုတင်(၅၀)ဆံ့ စံကိုက်ဖွဲ့စည်းပုံအသစ်သို့ တိုးမြှင့်ရန် ဖွဲ့စည်းပုံခွင့်ပြုမိန့် ရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ဆေးရုံ၏ လုပ်ငန်းဆောင်ရွက်မှုအညွှန်းကိန်းတွင် ဆေးရုံခွင့်ပြုခုတင်အသုံးချမှုရာခိုင်နှုန်းမှာ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ပျမ်းမျှ ၄၉ ဒသမ ၃ ရာခိုင်နှုန်းသာရှိပြီး Increasing Trend ဖြစ်သော်လည်း သတ်မှတ်ရာခိုင်နှုန်းပြည့်မီရန် များစွာလိုအပ်လျက် ရှိနေသေးသည်ကို တွေ့ရှိရပါသဖြင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဦးစိုင်းထွန်းစိန်

ယင်းနောက် မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်၏ မိုင်းပျဉ်းမြို့နယ်တွင် လက်ရှိ (၂၅)ခုတင်ဆံ့ ဆေးရုံဟောင်းအစား ခုတင်(၅၀)ဆံ့ ဆေးရုံအသစ်ဖြင့် အစားထိုးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုသရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံများအား ခုတင်(၅၀)ဆံ့သို့တိုးမြှင့်ရန်အတွက် အမျိုးသားစီမံကိန်း (၂၀၁၆-၂၀၁၇) မှ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အထိ လျာထားချက်များရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ်သည့်အတွက် ရှမ်းပြည်နယ်(အရှေ့) မိုင်းပျဉ်းမြို့နယ် (၂၅) ခုတင်ဆံ့ဆေးရုံကို ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ်သို့တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဝေလှိုင်ထွန်းက ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူအတည်ပြုသည်။

ထို့နောက် ရွှေဘိုမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ် တင်သွင်းသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထုအား ထိရောက်လုံလောက်စွာ ပေးနိုင်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မိုးညှင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိက မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် သွားလာရေးခက်ခဲပြီး ထိရောက်လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို မရရှိကြကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သည်ဆိုသော ဆိုရိုးစကားကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ကယားပြည်နယ် ရှားတောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်းက ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတည်ဆောက်ရာ၌ မကုန်ခန်းနိုင်သော နိုင်ငံသူ၊ နိုင်ငံသားများ၏ စွမ်းအားကသာလျှင် အရေးအကြီးဆုံးဖြစ်ကြောင်း၊ လူ့အရင်းအမြစ်သယံဇာတကိုသာ အသုံးပြုမည်ဖြစ်ကြောင်းကို အလေးအနက်ထား ပြောကြားခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယင်းမကုန်ဆုံးနိုင်သည့် စွမ်းအားကို အပြည့်အဝအသုံးပြုနိုင်ရန်အတွက် အခြေခံအကျဆုံးအချက်မှာ မိခင်နှင့် ကလေးကျန်းမာရေး၊ ကလေးနှင့် အမျိုးသမီးရှင်သန်ရေးတို့ပင်ဖြစ်ပါကြောင်း၊ ထို့အတွက် ပံ့ပိုးမှုများက များစွာအရေးကြီးသည်ဟု တင်ပြလိုပါကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

# ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုစီးပွားဘဝများ တိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**
မြန်မာနိုင်ငံသည် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့သို့ ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီး ကမ္ဘာ့နိုင်ငံများအတွင်း ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ယင်းတို့၏ လူမှုစီးပွားဘဝများ တိုးမြှင့်ပေးနိုင်ရေးတို့ကို အထူးအလေးပေးဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၏ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများ၊ စိန်ခေါ်မှုများကို ပြည်ထောင်စုအစိုးရအနေဖြင့် လုပ်ငန်းစဉ်များချမှတ်ကာ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက လက်ရှိတွင် မြန်မာနိုင်ငံမှ ပြည်ပသို့ အလုပ်သမားများ တရားဝင်စေလွှတ်နိုင်ရန် မှတ်ပုံတင်ခွင့်ပြုထားသည့် အေဂျင်စီပေါင်း ၂၄၃ ခုရှိပြီး မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ကိုလည်း ဖွဲ့စည်းပေးထားပါကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာအလုပ်သမားများအား ပြည်ပသို့ မထွက်ခွာမီ သွားရောက်အလုပ်လုပ်ကိုင်မည့် နိုင်ငံ၏ဥပဒေများ၊ ဓလေ့ထုံးတမ်းများနှင့် ဘာသာစကားစသည်တို့ကို အတန်အသင့်သိရှိထားရန်အတွက် အကြိုသင်တန်းများပေးခြင်း၊ လိုအပ်သည့်မှာကြားမှုများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး စည်းကမ်းလိုက်နာမှုမရှိသည့် အေဂျင်စီများကိုလည်း ယင်းတို့၏ စည်းကမ်းဖောက်ဖျက်မှုအနည်းအများအလိုက် အလုပ်သမားစေလွှတ်ခြင်းကို ယာယီရပ်ဆိုင်းခြင်းမှ အပြီးပိတ်သိမ်းခြင်းအထိ အဆင့်ဆင့်အရေးယူမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ပြည်ပနိုင်ငံများသို့ စေလွှတ်ခဲ့သည့် အလုပ်သမားများနှင့်ပတ်သက်၍ အလုပ်သမားနှင့် အလုပ်ရှင်အကြား နှစ်ဖက်သဘောတူစာချုပ်တွင် အလုပ်သမား၏ လုပ်ခလစာ၊ အချိန်ပိုလုပ်ခ၊ အလုပ်အမျိုးအစား၊ နေရာထိုင်ခင်း၊ အစားအသောက်၊ အလုပ်ချိန်၊ နားရက်၊ ဆေးဝါးကုသခွင့်နှင့် ခရီးသွားလာခွင့်စသည့် အချက်အလက်များပြည့်စုံစွာပါရှိသည့်အပြင် အသက်အာမခံကိစ္စရပ်များကိုလည်း စီစဉ်ပေးထားပါကြောင်း၊ ထို့ပြင် မြန်မာအလုပ်သမားများအား သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေအတိုင်း အကျိုးခံစားခွင့်ရရှိစေရန် စီစဉ်ပေးခြင်းတို့ကို ထည့်သွင်းချုပ်ဆိုဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်သော အေဂျင်စီများအတွက် ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများနှင့် လိုက်နာရမည့်စည်းမျဉ်း၊



ဦးဥက္ကာမင်း



ဒေါက်တာခင်မကြီး

စည်းကမ်းများကိုလည်း ချမှတ်ပေးထားပြီးဖြစ်၍ အေဂျင်စီများအနေဖြင့် အလုပ်သမားများ စတင်စေလွှတ်သည်မှစ၍ မြန်မာနိုင်ငံသို့ အလုပ်သမားပြန်လည်ရောက်ရှိသည်အထိ တာဝန်ယူဆောင်ရွက်လုပ်ကိုင်စေပါကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံကြေညာစာတမ်းတွင်ပါရှိသော ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အာဆီယံနိုင်ငံများအနက် အလုပ်သမားစေလွှတ်သော နိုင်ငံများနှင့် လက်ခံသောနိုင်ငံများရှိ အစိုးရ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများအကြား ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်နေရသော အခက်အခဲများ ဖြေလျှော့နိုင်ရေး၊ ကောင်းမွန်လုံခြုံစိတ်ချရသော လုပ်ငန်းခွင်ဖြစ်စေရေး၊ ခွဲခြားဆက်ဆံခံရမှုမရှိစေရေး၊ ခေါင်းပုံဖြတ်မခံရစေရေးတို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်၏ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေအရ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ဖွဲ့စည်းခဲ့သော အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ တစ်နာရီ ငွေကျပ် ၄၅၀ နှုန်းဖြင့် တစ်ရက်အလုပ်ချိန် ၈ နာရီအတွက် ငွေကျပ် ၃၆၀၀ သတ်မှတ်ချက်နှုန်းထားကို ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အနည်းဆုံးအခကြေးငွေ နှုန်းထားတစ်ခု သတ်မှတ်ရာ၌ အဓိကအားဖြင့် အလုပ်သမားများ၏ လိုအပ်ချက်များကို ဖြေရှင်းနိုင်မည့် ငွေကြေးပမာဏဖြစ်ရန် လိုအပ်သကဲ့သို့ အလုပ်ရှင်များက အမှန်တကယ်ပေးနိုင်မည့် ငွေကြေးပမာဏဖြစ်ရန် လိုအပ်ပါကြောင်း။

အနည်းဆုံးအခကြေးငွေနှုန်းထားသတ်မှတ်ရန်အတွက် မျက်မှောက်ကာလဖြစ်ပေါ်လျက်ရှိသည့် ကုန်ဈေးနှုန်းအခြေအနေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ အလုပ်ရှင်၊ အလုပ်သမားအခြေအနေများ၊ အလုပ်အကိုင် အခွင့်အလမ်းအခြေအနေများ၊ ငွေကြေးတည်ငြိမ်မှုအခြေအနေများနှင့် နယ်မြေဒေသအခြေအနေများအပေါ် မူတည်၍ ဘက်စုံထောင့်စုံမှ လေ့လာစောင့်ကြည့်ရန်လိုအပ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ ထုတ်ပြန်ခဲ့သည့် အနည်းဆုံးအခကြေးငွေနှုန်းထားသည် ပထမဆုံးအကြိမ် ထုတ်ပြန်သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ပြန်လည်ပြင်ဆင်ရန် သက်ဆိုင်ရာ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးကော်မတီများနှင့် ဆွေးနွေးညှိနှိုင်းရန် လိုအပ်ပါသဖြင့် လတ်တလောတွင် ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီးက နိုင်ငံအတွင်း လာရောက်အလုပ်လုပ်ကိုင်နေကြသော နိုင်ငံခြားသားအလုပ်သမားများအား မည်သည့်ဥပဒေအထောက်အထား ကန့်သတ်ချက်များဖြင့် လုပ်ကိုင်ခွင့်ပြုထားသည်ကို သိရှိလိုကြောင်းနှင့် ၎င်းအလုပ်သမားများထံမှ အခွန်အခများ ကောက်ခံရယူခြင်း ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားသားများ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း၊ နေထိုင်ခွင့်ပြုခြင်းတို့ကို တည်ဆဲဥပဒေများဖြစ်သည့် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ)အက်ဥပဒေ၊ ၁၉၄၀ ခုနှစ် နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၄၈ ခုနှစ် နိုင်ငံခြားသားများ မှတ်ပုံတင်ရေးနည်းဥပဒေများ၊ ၁၉၅၁ ခုနှစ် ချုပ်နှောင်ခြင်းနည်းဥပဒေ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်နေ့မှစ၍ ပြောင်းလဲပြင်ဆင်အသုံးပြုလျက်ရှိသည့် ပြည်ဝင်ဗီဇာ (၁၂)မျိုး၊ ပြည်ပြန်ဝင်ခွင့်ဗီဇာ (၃)မျိုး၊ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ သတ်မှတ်အခငွေများကောက်ခံပြီး စနစ်တကျစိစစ်ခွင့်ပြုဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

❏

# တကယ်ဖြစ်ပျက်နေသည်

## ဒေါက်တာကျော်စွာမြင့်

"ကျုပ်တို့အလှည့် မရောက်သေးဘူးလားဗျို့"
"ကျုပ်တို့ရောက်တာ မနက်ကတည်းကဗျ"
"ဆရာဝန်တွေ ဘယ်လိုလုပ်နေကြတာတုန်းဗျို့"
"အခု ညနေ ၄ နာရီထိုးပြီ၊ ကျုပ်ကလေးပြဖို့ ညအိပ်စောင့်ရတော့မယ်ထင်တယ်"
"လိပ်ပြေးသလို လူနာကြည့်နေတာလားကွ"

လူတွေက မကျေမနပ်ပြောနေကြတယ်။ တစ်ယောက်တစ်ပေါက် အော်နေကြတယ်။ နေရာက မန္တလေး ခုတင်(၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီးရဲ့ ပြင်ပလူနာဌာနရှေ့မှာ။ အချိန်က ညနေ ၄ နာရီ။ ကျွန်တော်က ပြင်ပလူနာဌာနရောက် ကလေးအထူးကု အသစ်စက်စက်။ ပြီးတော့ ပြင်ပလူနာဌာနက တစ်ဦးတည်းသော ကလေးအထူးကုဆရာဝန်။ ကျွန်တော့်အောက်မှာ လက်ထောက်ဆရာဝန်တစ်ယောက်၊ အလုပ်သင်ဆရာဝန် တစ်ယောက်၊ အစိမ်းဝတ် sisterတစ်ယောက်၊ အထက်တန်းသူနာပြုနှစ်ယောက်နဲ့ သူနာပြုဆရာမနှစ်ယောက်၊ ပြီးတော့ သန့်ရှင်းရေးအလုပ်သမားတွေ။

အဲဒီနေ့က ကလေးအထူးကုအဖြစ် ပြင်ပလူနာဌာနမှာ အလုပ်စဝင်တဲ့နေ့။ ကျွန်တော် ကြည့်ရှုကုသပေးတဲ့ ကလေးတွေ၊ ကလေးမိဘတွေ ပျော်နေတာ၊ ကျေနပ်နေတာတွေကြည့်ပြီး ပီတိတွေဖြစ် ညနေ ၄ နာရီထိုးလို့ ပြန်ခါနီး အပြင်ထွက်လိုက်တော့. . . . ဟ. . . ဘာတွေတုန်းဟ. . . လူအုပ်ကြီးဗျ နည်းတာမဟုတ်ဘူး။ လူ ၃၀၀ လောက်ရှိမလားပဲ။ ဘာတွေတုန်းလို့မေးတော့ ကလေးလူနာပြဖို့လာတာတဲ့။ လူနာကလေးတွေနှင့် သူတို့အစောင့်တွေတဲ့ဗျာ။ ရှေ့မှာပြောခဲ့သလို တစ်ယောက်တစ်ပေါက်အော်ဟစ်လို့။ တချို့ကလည်း မကျေနပ်။ မနက်ကတည်းက ဆေးရုံရောက်တာ ခုထိ သူ့အလှည့် မရောက်သေးလို့ဆိုပဲ။ ဘယ်လိုတွေလဲ၊ ဘာတွေလဲ။

ကျွန်တော်ဂျာနယ်ဖတ်တိုင်း လူနာတွေရဲ့မကျေနပ်သံတွေ။ ဆရာဝန်တွေအပေါ် အမြင်မကြည်တာတွေ။ တခြားနိုင်ငံက ဝန်ဆောင်မှုနှင့်ချိန်ထိုးဝေဖန်ခံရတာတွေ၊ ကျန်းမာရေးဝန်ထမ်းတွေရဲ့ ဆက်ဆံရေးညံ့ဖျင်းပုံတွေ စသည်ဖြင့်ပေါ့ဗျာ အမြဲတမ်းတွေ့နေရတယ်။

အထူးကုတွေရဲ့ အချိန်မပေးနိုင်ပုံနှင့်ပတ်သက်ပြီး သရော်တာတွေလည်း ဖတ်ရတာပေါ့ဗျာ။ ထိုင်းကဆရာဝန်တွေ၊ စင်ကာပူကဆရာဝန်တွေ လူနာတစ်ယောက်ကို အချိန် တစ်နာရီ၊ နှစ်နာရီပေး ကြည့်ရှုပုံ၊ မေးလိုရာမေး တိုင်ပင်ဆွေးနွေးပေးတာတွေလည်း အပါအဝင်ပေါ့။ နောက် ကျွန်တော်တို့နိုင်ငံက အထူးကုတွေ နားကြပ်တောင်မကိုင်၊ လူနာကို တစ်ချက်လေးမှမကိုင်ဘဲ ကုသပေးကြပုံ၊ လူနာကပြောချင်တာတွေလည်း မပြောရဘဲ သူတို့ပြောချင်တာကိုပဲ ညွှန်ကြားပုံတွေ. . . အို. . . စုံစီနဖာပါပဲလေ။

ကျွန်တော်လည်း ကလေးအထူးကုဆရာဝန်ဖြစ်လာတော့ ကျွန်တော့်လူနာတွေကျေနပ်အောင် အတတ်နိုင်ဆုံး ကုသပေးမယ်ပေါ့။ အထူးကုလည်းဖြစ်ရော ပြင်ပလူနာဌာနမှာ တာဝန်ချထားခံရတယ်။ ဘယ်ဌာနရောက်ရောက် လူနာတွေကျေနပ်အောင် လုပ်ပေးမယ်ပေါ့လေ။ ဘယ်လိုလုပ်ရလုပ်ရပေါ့။

ငါဘာလုပ်ပေးနိုင်မလဲ။ ဝန်ထမ်းတွေဆက်ဆံရေးကောင်းအောင်လား။ ဒါကအချိန်ယူရမယ့်လုပ်ငန်း။ တချို့က ခေါက်ရိုးကျိုးနေပြီ။ တချို့က မွေးရာပါ မျက်နှာထားဆိုးတာ။ တချို့က အကြောင်းအများကြီးဗျ။ ချက်ချင်းပြင်ဖို့မလွယ်ဘူး။ ဒါဆိုဘာလုပ်ပေးရမလဲ။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးတယ်။ နိုင်ငံတကာမီအောင် ပစ္စည်းသုံးပြီးလား။ ဒါလည်း နိုင်ငံတော်ကထောက်ပံ့မှ ဖြစ်တာ။ ကျွန်တော့်လခလေး နှစ်သိန်းခွဲနှင့်စိုက်သုံးရင်လည်း ကိုယ်တိုင်တစ်လလုံး ဗိုက်မှောက်နေမှဖြစ်တာ။ အဲဒီတော့ စဉ်းစားစဉ်းစား။နောက်ဆုံးတော့ လက်ခနဲအကြံတစ်ခုရလာတယ်။

"လူနာတစ်ယောက်ချင်းစီကို အချိန်ပေးပြီး သေချာကြည့်မယ်"ဆိုတဲ့ အကြံပဲ။ ဒါလည်းနိုင်ငံတကာနှင့် ယှဉ်လို့ရနိုင်တဲ့ စံတစ်ခုမဟုတ်လား။ ကဲ နိုင်ငံခြားက ဆရာဝန်လိုပဲ လူနာကိုအချိန်ပေးမယ်ဟေ့. . လူနာရှင်တွေမေးသမျှ ဖြေမယ်။ ကြိုက်တာဆွေးနွေး ပြုံးပြီးရှင်းပြမယ်ပေါ့။

ကဲ. . . စပြီ၊ ကြည့်ပြီဗျာ။

ပြင်ပလူနာတွေကို မနက် ၉ နာရီကနေ မွန်းတည့် ၁၂ နာရီအထိတစ်ပိုင်း၊ မွန်းလွဲ ၂ နာရီကနေ ၄ နာရီအထိက တစ်ပိုင်း။ နှစ်ချိန်ကြည့်မယ်ပေါ့။

**စာရှုသူသာ ကလေးလူနာရှင်ဆို ခင်ဗျားကလေးကို နိုင်ငံခြားစတိုင်ကြည့်စေချင်သလား၊ မြန်မာစတိုင် မြန်မြန်ဆန်ဆန် ကြည့်စေချင်သလား။ ရှေ့မှာဖော်ပြခဲ့သလို ဆေးရုံရှေ့မှာ စောင့်ဆိုင်းရတာကြာလို့ အော်ဟစ်နေတဲ့ လူအုပ်ထဲမှာသာ ခင်ဗျားကိုယ်တိုင်ပါဝင်နေရင်ရော။**

ကျွန်တော်ရယ်၊ ကျွန်တော့်လက်ထောက်ဆရာဝန်တစ်ယောက်ရယ် ကလေးလူနာတွေကို စပြီးကြည့်တယ်။ ကျွန်တော်က ကလေးတစ်ယောက်ကိုကြည့်ရင် ရောဂါရာဇဝင်အသေးစိတ် (အိမ်မှာထမင်းဘယ်နှလုတ်ကျွေးတာကအစ၊ ခြင်ဘယ်နှကောင်ရှိတာအဆုံး)၊ လူနာတစ်ကိုယ်လုံးကို အသေးစိတ်စမ်း (ကလေးပေမယ့် ဆံပင်ဖြူပေါက်နေရင်တောင် သတိထားမိတယ်)၊ လိုအပ်ရင် သွေးစစ်ခိုင်း၊ ဆီးစစ်ခိုင်း၊ ဓာတ်မှန်ရိုက်ခိုင်းပြီးရင် ရောဂါနှင့်ပတ်သက်တဲ့ အကြောင်းအရာအသေးစိတ်၊ လူနာသိချင်တာမှန်သမျှ ရှင်းပြပေါ့ဗျာ။ လူတစ်ယောက်ကြည့်ရင် နာရီဝက်လောက်အချိန်ပေးလိုက်တယ်။ လူနာရှင်တွေကတော့ ပြုံးလို့ပျော်လို့ပေါ့ဗျာ။ ကဲ. . . ခြုံပြီးပြောရင် ညနေ ၄ နာရီ ကျွန်တော်တာဝန်ပြီးချိန်ရောက်တော့ ကျွန်တော်တစ်နေကုန်ကြည့်ပြီးတဲ့ လူနာက ၁၅ ယောက်ပဲ ပြီးတယ်ဗျ။ ကျွန်တော့်လက်ထောက်ကတော့ နိုင်ငံတကာအတိုင်း အချိန်မပေးဘဲကြည့်တော့ ကျွန်တော့်ရဲ့သုံးဆအယောက် ၄၀ လောက် ကြည့်ပြီးသွားတယ်။ ကျွန်တော်တို့ နှစ်ယောက်ပေါင်း (ပြင်ပလူနာဌာနမှာလည်း နှစ်ယောက်ပဲ ရှိတာ) တစ်နေကုန်ဆို ၅၅ ယောက် ကြည့်ပြီးပြီပေါ့ဗျာ။အဲဒီမှာ စတွေ့တော့တာပဲဗျာ။ ကျွန်တော်မရောက်ခင် ပြင်ပလူနာဌာနက တစ်နေကုန်ရင်ကလေး ၂၀၀ လောက် ကြည့်ပေးပြီးပြီဆိုပဲဗျ။ ပြီးမှာပေါ့ သူတို့က နိုင်ငံတကာစံအတိုင်းမှ မကြည့်ပေးတာဗျာ။ ကျွန်တော်လည်း ကျွန်တော်လုပ်တာဟုတ်ပြီအထင်နဲ့ မြောက်ကြွမြောက်ကြွ အခန်းအပြင်ထွက်လိုက်မှ ရှေ့မှာပြောခဲ့တဲ့ လူနာအုပ်စုကြီးကို ဘွားခနဲ တွေ့လိုက်ရတယ်။ မကြည့်ရသေးတဲ့ လူနာအယောက် ၁၅၀ နှင့်ကလေးဆိုတော့ ကလေးလူနာတစ်ယောက်အစောင့် နှစ်ယောက်နှုန်းနှင့်ဆိုတော့ လူအုပ်ကြီးက အနည်းဆုံး ၃၀၀ လောက်ရှိမပေါ့။ ကျွန်တော်ထွက်လာတာလည်းမြင်ရော တချို့က မကျေမနပ်ကြည့်။ တချို့က ပွစိပွစိပြော။ တချို့က အခုပဲထရိုက်တော့မတတ်ဗျာ။ ဘယ်လိုတွေတုန်းဗျ။ ကျွန်တော်က နိုင်ငံတကာစံချိန်အတိုင်း အချိန်ပေးကြည့်တာဗျာ။ ကျွန်တော်မှားသလား။

ဗျာ. . . ကျန်တဲ့ဆရာဝန်တွေ ဘာလုပ်နေကြလဲ ဟုတ်လား။ ဟုတ်ကဲ့ ဆေးရုံမှာရှိသမျှ ဆရာဝန်တွေကို ခွဲတမ်းချလိုက်တာ ပြင်ပလူနာဌာနက ဆရာဝန်ခွဲတမ်း အများဆုံးရတယ်ဆိုတာ စာဖတ်သူ ယုံမှာမဟုတ်ဘူး။ တစ်ခါတစ်ရံမှာဆို ဆေးရုံမှာ ဆရာဝန်အင်အားနည်းလွန်းတော့ ပြင်ပလူနာဌာနမှာ ကလေးအထူးကုဆရာဝန်မရှိတဲ့ကာလတွေလည်း ရှိခဲ့ဖူးရဲ့။

ကဲ. . . စာရှုသူ. . .

ခင်ဗျားသာ ကျွန်တော့်နေရာမှာဆို ဒီကိစ္စကို ဘယ်လို ဖြေရှင်းမလဲ။

ကျွန်တော်မှားသလား။

စာရှုသူသာ ကလေးလူနာရှင်ဆို ခင်ဗျားကလေးကို နိုင်ငံခြားစတိုင်ကြည့်စေချင်သလား၊ မြန်မာစတိုင် မြန်မြန်ဆန်ဆန် ကြည့်စေချင်သလား။

ရှေ့မှာဖော်ပြခဲ့သလို ဆေးရုံရှေ့မှာ စောင့်ဆိုင်းရတာကြာလို့ အော်ဟစ်နေတဲ့လူအုပ်ထဲမှာသာ ခင်ဗျားကိုယ်တိုင်ပါဝင်နေရင်ရော။

ခင်ဗျားအသံ ကြားချင်စမ်းပါဘိ။ ။

# အမျိုးသမီးထူးချွန်စီးပွားရေးလုပ်ငန်းရှင် ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၂၆**

တောင်ကြီးအသင်းမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးကို ဇူလိုင် ၂၄ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာ့ဇသာသနာ့ဗိမာန်၌ ကျင်းပရာ အသက်(၇၅)နှစ်အထက် ကန်တော့ခံသက်ကြီးဘိုးဘွားများ၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်သားသမီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အတွင်းရှိ ထူးချွန်သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အမျိုးသမီးထူးချွန် စီးပွားရေးလုပ်ငန်းရှင်ဆုကို ရှမ်းပြည်နယ် တောင်ကြီးအသင်း ဥက္ကဋ္ဌ ဒေါ်စဝ်သီတာထွေးက ကမ္ဘာ့ဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းကို ပေးအပ်ချီးမြှင့်ရာ ဒေါ်နန်းလိုင်းခမ်းကိုယ်စား BFM မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။

ဒေါ်နန်းလိုင်းခမ်းသည် နိုင်ငံနှင့်အဝှမ်းတွင် လူမှုအကျိုးပြုလုပ်ငန်းများကို စနစ်တကျ စိတ်ရောကိုယ်ပါ ဆောင်ရွက်ပေးနိုင်ခြင်းနှင့် မြန်မာနိုင်ငံအတွင်း အမျိုးသမီးများ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် တက်ကြွစွာ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ ဆုချီးမြှင့်ရခြင်းဖြစ်ကြောင်း သိရသည်။

ဒေါ်နန်းလိုင်းခမ်းသည် ၂၀၀၈ ခုနှစ်မှစ၍ ကမ္ဘာ့ဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းကို တည်ထောင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကာ လူမှုအကျိုးပြုလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။ BFM အနေဖြင့် နိုင်ငံအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်းဆုံးနှင့် အထိရောက်ဆုံး စွမ်းဆောင်နိုင်ခဲ့သဖြင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)ကို ရရှိခဲ့သည်။ ကမ္ဘာ့ဇဘဏ်လီမိတက်၏ အမှုဆောင် ဒါရိုက်တာတစ်ဦးဖြစ်သော ဒေါ်နန်းလိုင်းခမ်းသည် ၂၀၁၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့တွင် ထူးချွန်အမျိုးသမီး ဂုဏ်ပြုဆုကို ရရှိခဲ့ပြီး ၎င်းဦးဆောင်သည့်ဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဒေသခံပြည်သူများ၏ လူနေမှုဘဝ ပြောင်းလဲစေခဲ့သည့် Water Project အောင်မြင်မှုကြောင့် Euromoney အဖွဲ့အစည်းကြီးမှ ချီးမြှင့်သည့် "Euromoney Achievement Award for CSR 2015" ဆုကိုလည်း ရရှိခဲ့ကြောင်း သိရသည်။

(ဝ၁ဝ)

# ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ထီးချိုင့် ဇူလိုင် ၂၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးတွင် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီက ထီးချိုင့်မြို့ ပြည်သူ့ဆေးရုံရှိ လူနာများနှင့် လူနာစောင့်ပြည်သူများ သန့်ရှင်းသပ်ရပ်စွာနေထိုင်နိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ထီးချိုင့်မြို့နယ် ရဲတပ်ဖွဲ့မှ ဒု-ရဲမှူးစိုးအောင်နှင့် စခန်းမှူး ဒု-ရဲမှူး ဇော်ဟိန်းတို့ ဦးဆောင်သောအရာရှိ၊ အရာခံ၊ အကြပ်တပ်သား ၄၃ ဦးတို့သည် မြို့နယ်ပြည်သူ့ဆေးရုံ အဆောက်အအုံဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ၊ ရေမြောင်းများ၊ ပေါင်းမြက်များကို သန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇွဲမာန်(ထီးချိုင့်)**




# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းဆင်း

**မြို့သစ် ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာအုပ်စု သန်းကုန်းကျေးရွာတွင် ဇူလိုင် ၂၁ ရက်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြုပြင်ခြင်း သင်တန်းဆင်းပွဲ အခမ်းနားကျင်းပသည်။

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်ခြင်း သင်တန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသအတွင်းရှိပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းပညာဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ စာတွေ့၊ လက်တွေ့သင်ကြား ပို့ချပေးခဲ့ရာ ကျေးရွာအတွင်းရှိ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြသည်။

**ဇော်ဇော်(မကွေး)**

## ဖြည့်စွက်သိမှတ်ပေးပါရန်

၂၆-၇-၂၀၁၆ ကြေးမုံသတင်းစာ စာမျက်နှာ-၆ တွင်ပါရှိသော **"အစိုးရရုံးတွင် မီးလုံးတစ်လုံးကျွမ်းသွားသည်"** ဆောင်းပါးအား ဖြည့်စွက်ဖတ်ရှုပေးပါရန် စာဖတ်ပရိသတ်အား အသိပေးအပ်ပါသည်။ အဆိုပါဆောင်းပါး၌ Htut Htake တင်ခဲ့သော Facebook တွင်ပါရှိသည့် စာသားများအား မူရင်းရေးသားသူကို အသိပေးရန်လိုအပ်ခဲ့သဖြင့် ထိုစာသားများအား "Credits-Ko Thein Tun Aung" ဟု ထပ်မံဖြည့်စွက်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**(စာရေးသူ)**

# ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်

**Mမောင်မောင်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အခွန်ငါးမျိုးကောက်ခံရန်ရှိပါသည်။ ယင်းတို့မှာ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေသိန်းဆုခွန်တို့ ဖြစ်သည်။

**အထူးကုန်စည်ခွန်**

အထူးကုန်စည်ခွန်ဥပဒေသည် အသစ်စက်စက်ဥပဒေဖြစ်သည်။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၁၁ အဖြစ် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်က ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။ ထိုဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်အကျိုးသက်ရောက်ပါသည်။ ထိုဥပဒေ၏ နောက်ဆက်တွဲဇယားဖြင့် အထူးကုန်စည် ၁၆ မျိုး သတ်မှတ်ထားသည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁)စီးကရက်အမျိုးမျိုး၊ (၂)ဆေးရွက်ကြီး၊ (၃) ဗာဂျီးနီးယားပေါင်းတင်ဆေး၊(၄)ဆေးပေါ့လိပ်၊ (၅)ဆေးပြင်းလိပ်၊ (၆)ဆေးတံသောက်ဆေး၊ (၇) ကွမ်းစားဆေးအမျိုးမျိုး၊ (၈)အရက်အမျိုးမျိုး၊ (၉) ဘီယာအမျိုးမျိုး၊ (၁၀) ဝိုင်အမျိုးမျိုး၊ (၁၁) ကျွန်းသစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာခွဲစိတ်ထားသော သစ်ခွဲသားများ၊ (၁၂) ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ၊ (၁၃) ထိုအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ၊ (၁၄) Double Cup 4 Door Pick up မှအပ ၁၈၀၀. cc အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate wagon) ကားများ၊ ကူပေး(coupe) ကားများ၊ (၁၅) ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ၊ (၁၆) သဘာဝဓာတ်ငွေ့တို့ ဖြစ်သည်။

အထက်ပါအထူးကုန်စည် ၁၆ မျိုးသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အကျုံးဝင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ အထူးကုန်စည်ခွန်ဥပဒေနှင့် အကျုံးဝင်မည်ဖြစ်သည်။ အခွန်ဥပဒေတစ်ရပ်နှင့်တစ်ရပ်အပြောင်းအလဲတွင် အခွန်ထမ်းပြည်သူများ မျက်စိလည်သွားနိုင်သည်။ သို့ဖြစ်၍ ထိုဥပဒေနှစ်ရပ်၏ ကွဲပြားခြားနားမှုနှင့် ထူးခြားမှုတချို့ကို တင်ပြလိုပါသည်-

**အခွန်ကျသင့်စေခြင်း**

တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၄ အရ (က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း (ခ) ပြည်ပမှ ကုန်စည်တင်သွင်းခြင်း (ဂ) ကုန်သွယ်မှုဆောင်ရွက်ခြင်း (ဃ) ဝန်ဆောင်မှု ဆောင်ရွက်ခြင်းများအပေါ် အခွန်ကျသင့်စေထားခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၄ အရ အထူးကုန်စည်များ (ကုန်စည် ၁၆ မျိုး) ကို (က)ပြည်တွင်းသို့ တင်သွင်းခြင်း (ခ) ပြည်တွင်း၌ထုတ်လုပ်ခြင်း (ဂ) ပြည်ပသို့တင်ပို့ခြင်း စသည့်ဆောင်ရွက်ခြင်းများအပေါ် အခွန်ကျသင့်စေထားပါသည်။

ထူးခြားချက်မှာ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (စ)ပါ ပြဋ္ဌာန်းချက်အရ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးပေါ်တွင် လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ပေးဆောင်ရပါမည်။ သို့ဆိုလျှင် ကုန်စည်တစ်မျိုးတည်းအပေါ် အခွန်နှစ်ထပ်ကွမ်းကျသင့်စေသည်ဟု ပြည်သူတို့ စောဒကတက်လိုကြမည်ဖြစ်သည်။ အခွန်ဥပဒေတစ်ရပ်စီဖြင့် ကောက်ခံခြင်းဖြစ်၍ အခွန်နှစ်ထပ်ကွမ်းဟု မဆိုနိုင်ပါ။ ဤသည်မှာ အထူးကုန်စည်များအပေါ် Maximum taxation minimum consumption သဘောသက်ဝင်နေသည်ဟု ယူဆရပါသည်။

**အခွန်ပေးဆောင်ရန်တာဝန်**

တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၅ အရ ပြည်ပမှ ကုန်စည်တင်သွင်းခြင်းဖြစ်ပါက တင်သွင်းသူက အခွန်ပေးဆောင်ရန် တာဝန်ရှိပါသည်။ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ပြည်ပမှ ကုန်စည်တင်သွင်း၍ ပြန်လည်ရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းများဖြစ်ပါက ထိုသို့ ဆောင်ရွက်သည့် လုပ်ငန်းရှင်တို့သည် အခွန်မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် ကျသင့်အခွန်ကို ဝယ်ယူစားသုံးသူများထံမှ တစ်ပါတည်းကောက်ခံ၍ အခွန်ပေးဆောင်ရန် တာဝန်ရှိပါသည်။ သဘောမှာ ကျသင့်အခွန်ကို စားသုံးသူကကျခံရမည်ဖြစ်ပြီး ထိုအခွန်ကို လုပ်ငန်းရှင်ကရယူ၍ သတ်မှတ်ချိန်အတွင်း အခွန်ပေးဆောင်ရန် တာဝန်ရှိပါသည်။ သွယ်ဝိုက်ခွန်၏ သဘောဖြစ်သည်။

၂၀၁၆ ခုနှစ် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၅ အရ အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းလျှင် တင်သွင်းသူက လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချလျှင် ထုတ်လုပ်သူကလည်းကောင်း၊ ပြည်ပသို့တင်ပို့လျှင် တင်ပို့သူကလည်းကောင်း အခွန်ပေးဆောင်ရန်တာဝန်ရှိပါသည်။ ဤပြဋ္ဌာန်းချက်အရ အထူးကုန်စည်ခွန်ကို စားသုံးသူက ကျခံရသည်မဟုတ်ဘဲ လုပ်ငန်းရှင်ကသာ ကျခံရသည့် သဘောဖြစ်သည်။ သွယ်ဝိုက်ခွန်မဟုတ်ဟု ဆိုရပါမည်။

**အခွန်နှုန်းများ**

အခွန်နှုန်းများကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် နှစ်စဉ်ပြဋ္ဌာန်းသတ်မှတ်ပါသည်။ ကုန်သွယ်ခွန်ဥပဒေဖြင့် နှစ်စဉ်ပြဋ္ဌာန်းသတ်မှတ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အကျုံးဝင်သော ကုန်စည်ထုတ်လုပ်ရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းများအပေါ် တစ်ပြေးညီ အခွန်နှုန်း ငါးရာခိုင်နှုန်း သတ်မှတ်ထားကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (စ) တွင် ပြည်တွင်းလေကြောင်းခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းမှ ခရီးသည်ပို့ဆောင်ခရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်ဟု ပြဋ္ဌာန်းထားသည်ကိုလည်း တွေ့ရှိရပါသည်။

အထူးကုန်စည်ခွန်ထုတ်လုပ်မှုတွင် ကုန်စည်တစ်မျိုးတည်းအပေါ်၌ တန်ဖိုးအဆင့်ဆင့် အမျိုးမျိုးခွဲခြား၍ အခွန်နှုန်းအမျိုးမျိုး သတ်မှတ်ထားသည်ကို တွေ့ရှိရသည်။ ဥပမာ စီးကရက်အမျိုးမျိုးအပေါ်တွင် တန်ဖိုးအဆင့် ခုနစ်ဆင့်၊ အရက်အမျိုးမျိုးပေါ်တွင် တန်ဖိုးအဆင့် ၁၁ ဆင့်၊ ဝိုင်အမျိုးမျိုးပေါ်တွင် တန်ဖိုးအဆင့် (၁၁)ဆင့် အတွက် အခွန်နှုန်းသတ်မှတ်ထားခြင်းဖြစ်သည်။

**အခွန်ပေးဆောင်ခြင်းနှင့် စည်းကြပ်ခြင်း**

ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၂ အရ လုပ်ငန်းဆောင်ရွက်သည့် လကုန်ဆုံးပြီး ၁၀ ရက်အတွင်း အခွန်ပေးဆောင်ရန်နှင့် သုံးလတစ်ကြိမ်ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုကြေညာလွှာပေးပို့ရန် ပြဋ္ဌာန်းထားပါသည်။ ဤသည်မှာ စည်းကြပ်မှုမဟုတ်သေးပါ။ သက်ဆိုင်ရာဘဏ္ဍာနှစ်ကုန်ဆုံးပြီး တစ်ဆက်တည်းဖြစ်သော နောက်ဘဏ္ဍာနှစ်တွင် စည်းကြပ်ရခြင်းဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စည်းကြပ်ရခြင်းဖြစ်သည်။ အလွယ်ပြောရလျှင် ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်မှုကို တစ်နှစ်တစ်ခါ ပြုလုပ်ရခြင်းဖြစ်သည်။ ဤတွင် လုပ်ငန်းဆောင်ရွက်သည့်နှစ်အတွင်း တစ်လတစ်ကြိမ် အခွန်ပေးဆောင်ခြင်းသည် ဝင်ငွေခွန်ကဲ့သို့ ကြိုတင်ခွန်ပေးဆောင်ခြင်းမဟုတ်ကြောင်း အထူးပြောလိုပါသည်။ နိုင်ငံတော်ပိုင်အခွန်ငွေများကို နိုင်ငံတော်သို့ သတ်မှတ်ရက်အတွင်း လုပ်ငန်းရှင်က ပေးသွင်းခြင်းသာဖြစ်သည်။ အမှတ်မမှားစေလိုပါ။

အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၁၆(က)အရ အထူးကုန်စည်ကို ထုတ်လုပ်ရောင်းချသည့်လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ကျသင့်အခွန်ကို ပေးဆောင်ရမည့်အပြင် ယင်းလအတွက် အထူးကုန်စည်ထုတ်လုပ်ရောင်းချကြောင်း ကြေညာလွှာကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရပါသည်။ ယင်းဥပဒေပုဒ်မ ၁၇(ဂ) အရ အထူးကုန်စည်ထုတ်လုပ်ရောင်းချသည့်လကုန်ဆုံးပြီး တစ်လအတွင်း အခွန်စည်းကြပ်မှုပြုလုပ်ရမည်ဖြစ်သည်။ သဘောမှာ အထူးကုန်စည်ခွန်ကို တစ်လတစ်ကြိမ် အခွန်စည်းကြပ်ခြင်းဖြစ်သည်။ ဤသည်မှာ ထူးခြားချက်ဖြစ်သည်။

**ဥပဒေအပြောင်းအလဲမည်သို့ရှိစေကာမူ**

၂၀၁၆ ခုနှစ် အထူးကုန်စည်ခွန်ဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင် အကျိုးသက်ရောက်နေပြီဖြစ်သည်။ ထင်ရှားအောင် ထပ်မံဆိုရလျှင် ထိုဥပဒေသည် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်ပါသည်။ တစ်လတစ်ကြိမ် အခွန်စည်းကြပ်ရသော အထူးကုန်စည်ခွန်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလအတွက် စည်းကြပ်မှု မည်မျှပြီး၍ အခွန်မည်မျှ ကောက်ခံရပြီလဲ ဆိုတာ မေးရန်ရှိပါသည်။ အရက်ထုတ်လုပ်မှု၊ စီးကရက်ထုတ်လုပ်မှု၊ ဆေးပေါ့လိပ်ထုတ်လုပ်မှုလို လုပ်ငန်းမျိုးသည် ဥပဒေအပြောင်းအလဲ မည်သို့ပင်ရှိစေကာမူ စဉ်ဆက်မပြတ် လည်ပတ်နေမည်ဖြစ်ပါသည်။ သေချာတာကတော့ ထိုသုံးလအတွက် အခွန်စည်းကြပ်မှုလည်း မလုပ်နိုင်သေးပါ။ အခွန်လည်း ရချင်မှရပါလိမ့်မည်။ ထိုသို့ပြောရသည်မှာ အကြောင်းရှိပါသည်။ အထူးကုန်စည်ခွန် ဥပဒေကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ခြင်း မရှိသေးသောကြောင့်ဖြစ်သည်။

အထူးကုန်စည်ခွန်ဥပဒေအရ လုပ်ငန်းမှတ်ပုံတင်ရန်လိုအပ်ပါသည်။ လုပ်ငန်းမှတ်ပုံတင်ရန် လျှောက်လွှာ လုပ်ငန်း မှတ်ပုံတင်ပုံစံ၊ တစ်လတစ်ကြိမ်ပေးပို့ရမည့် ကုန်ရောင်းကြေညာလွှာ၊ ငွေသွင်းချလန်၊ တစ်လတစ်ကြိမ် စည်းကြပ်မှုအမိန့်ပုံစံ၊ အခွန်တောင်းခံလွှာပုံစံ၊ ပျက်ကွက်သူအခွန်ထမ်းအားခေါ်ယူရမည့် နို့တစ်စာ စသည့် ပုံစံများကို စည်းမျဉ်းများဖြင့် သတ်မှတ်ရခြင်းဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် ဇွန်လကုန်အထိ ထိုပုံစံများကို ဘယ်အခွန်ရုံးမှာမှ မမြင်ဖူးသေးပါ။ ပြီးစလွယ်ကုန်သွယ်လုပ်ငန်းခွန် ပုံစံများကို အသုံးပြု၍မရပါ။ ဥပဒေ၏ ရည်ရွယ်ချက်နှင့် ပြဋ္ဌာန်းချက်များမတူသောကြောင့် ဖြစ်သည်။

**နည်းဥပဒေ၊ စည်းမျဉ်းများပြဋ္ဌာန်းခွင့်**

ပုံမှန်အားဖြင့် ပြည်ထောင်စုလွှတ်တော်က ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပြီး ရက်ပေါင်း ၆၀ အတွင်း လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းများကို သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်ရမည်ဟု သိထားပါသည်။ ၂၀၁၆ ခုနှစ် အထူးကုန်စည်ခွန် ဥပဒေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်နေ့စွဲဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထိုဥပဒေပုဒ်မ ၃၆(က) တွင် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ရန် ပြဋ္ဌာန်းထားပါသည်။ ဥပဒေပြဋ္ဌာန်းသည်မှ ယနေ့အထိဆိုလျှင် ရက်ပေါင်း ၁၅၀ ကျော်ခဲ့ပြီ။ ပြည်ထောင်စုအစိုးရသစ်ရက် ၁၀၀ လည်း တိုင်ခဲ့ပြီ။ ဤအထူးကုန်စည်ခွန်ဥပဒေသည် အစိုးရသစ်ရက် ၁၀၀ စီမံချက်အတွက် အပြော၊ အပြတွင်သာမက လုပ်ဆောင်ချက်ကိုပါ ဖော်ဆောင်နိုင်သော အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု ယူဆပါသည်။ ယခုထိုအခွင့်အရေး ဆုံးရှုံးခဲ့ပြီ။

ပြည်ထောင်စုအစိုးရသစ်အနေဖြင့် ပြည်သူတို့အတွက် အကျိုးမများနိုင်သော အစိုးရအောင်ဘာလေထီဥပဒေကြမ်း အတည်ပြုရေးအတွက် ဆန္ဒစောမနေဘဲ နိုင်ငံတော်နှင့် ပြည်သူတို့အကျိုးကို ထိထိရောက်ရောက် ဖော်ဆောင်နိုင်မည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်တို့ကို ဖိဖိစီးစီး ထိထိရောက်ရောက် ကောက်ခံပါရန် တိုက်တွန်းအပ်ပါသည်။ ။

> **အရက်ထုတ်လုပ်မှု၊ စီးကရက်ထုတ်လုပ်မှု၊ ဆေးပေါ့လိပ်ထုတ်လုပ်မှုလို လုပ်ငန်းမျိုးသည် ဥပဒေအပြောင်းအလဲ မည်သို့ပင်ရှိစေကာမူ စဉ်ဆက်မပြတ် လည်ပတ်နေမည်ဖြစ်ပါသည်။ သေချာတာကတော့ ထိုသုံးလအတွက် အခွန်စည်းကြပ်မှုလည်း မလုပ်နိုင်သေးပါ။ အခွန်လည်း ရချင်မှရပါလိမ့်မည်။ ထိုသို့ပြောရသည်မှာ အကြောင်းရှိပါသည်။ အထူးကုန်စည်ခွန်ဥပဒေကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ခြင်းမရှိသေးသောကြောင့်ဖြစ် ...**

# ကုထုံးလမ်းညွှန်(ဗဟိုအဆင့်) ဆရာဖြစ်မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၆**

အာဟာရချို့တဲ့သောကလေးများကို ပြည်သူများအတွင်း စနစ်တကျရှာဖွေဖော်ထုတ်ပြီး အာဟာရချို့တဲ့မှု အမျိုးအစားအလိုက် ကုသခြင်းနှင့် ဆေးရုံမှဆင်းပြီးနောက် လူထုအတွင်း အာဟာရစောင့်ရှောက်မှုပေးသော ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ လတ်တလောအာဟာရချို့တဲ့မှု ကုသစောင့်ရှောက်ခြင်းဆိုင်ရာ ကုထုံးလမ်းညွှန်(ဗဟိုအဆင့်) ဆရာဖြစ်မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဟိုတယ်ရွှေပြည်တော်၌ ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာယဉ်သန္တာလွင်က အဖွင့်အမှာစကားပြောကြားသည်။

“ထိရောက်သော အာဟာရစောင့်ရှောက်မှုလုပ်ငန်းများကို လက်ရှိဆောင်ရွက်နေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့ ပေါင်းစပ်လုပ်ဆောင်ပါက ပြည်သူတွေအနေနဲ့လည်း မိမိတို့ရပ်ရွာအတွင်းမှာပင် အဆင်ပြေစွာ ကုသစောင့်ရှောက်မှုများကို ခံယူနိုင်မှာဖြစ်ပါတယ်။ ဆေးရုံတွေအနေနဲ့လည်း ပြင်းထန်စွာအာဟာရချို့တဲ့ပြီး နောက်ဆက်တွဲဆိုးကျိုးများ အမှန်တကယ်ခံစားနေရတဲ့ ကလေးတွေကိုသာ လက်ခံကုသပေးရမှာဖြစ်လို့ မလိုအပ်တဲ့ ဝန်ထုပ်ဝန်ပိုးတွေကိုလည်း လျှော့ချနိုင်မှာဖြစ်တယ်”ဟု ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပြည်သူလူထုအတွက် ဆေးခန်း (Community Clinic)နှင့် ငါးနှစ်အောက်ကလေးဆေးခန်း (Under-Five Clinic)များဖွင့်လှစ်ပြီး အများပြည်သူအတွက် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါသင်တန်းရှိ သင်တန်းသား သင်တန်းသူများမှာ တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်သင်ကြားကြခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း ဆင့်ပွားသင်တန်းများကို အဆင့်ဆင့် ပြန်လည်ပို့ချသင်ကြားပေးကြရမည်ဖြစ်သည်။

အဆိုပါ ဆရာဖြစ်သင်တန်းကို နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ကလေးအထူးကုဆရာဝန်ကြီးများနှင့် အာဟာရအဖွဲ့ခေါင်းဆောင်များက တက်ရောက်သင်ကြားကြမည်ဖြစ်ပြီး သင်တန်းနည်းပြ ခြောက်ဦးဖြင့် ငါးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ချစ်ကိုကို(ပြန်/ဆက်)**

■

# နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲအပေါ် စာတမ်းရှင်များ၏ သဘောထားအမြင်များ (၂)

ရန်ကုန် ဇူလိုင် ၂၆

**ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် စတင်ကျင်းပမည့် ဇူလိုင် ၂၉ ရက်က တဖြည်းဖြည်း နီးကပ်လာချေပြီ။ နိုင်ငံရေးစာပေစာတမ်းရှင်များနှင့် တွေ့ဆုံမေးမြန်းခန်းများကလည်း မီဒီယာစာမျက်နှာများထက်တွင် သက်ဝင်လှုပ်ရှားလာခဲ့ချေပြီ။ နိုင်ငံရေးစာပေစာတမ်းရှင်များ ဖြေကြားကြသည့် နိုင်ငံရေးအတွေးအမြင် သဘောထားများနှင့် နိုင်ငံရေး ဒဿနများကလည်း ပစ္စက္ခမှာပင် မျိုးဆက်သစ်လူငယ်များအတွက်သာမက ခေတ်ပြိုင်နိုင်ငံရေးလေ့လာသူများကိုပါ အကျိုးရှိစေသည်။ သို့ဖြစ်၍ မြန်မာ့သတင်းစဉ်က နိုင်ငံရေးစာပေစာတမ်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများကို ဆက်လက်ကောက်နုတ် ဖော်ပြအပ်ပါသည်။**


ဦးအောင်ရှင် (မုံရွာအောင်ရှင်)


ဦးမောင်မောင်ဦး (ဟိန်းလတ်)


ဦးကျော်မင်းယု(ဂျင်မီ)


ဦးဇော်သက်ထွေး(ဇော်သက်ထွေး)


ဦးရဲနိုင်အောင်(ကိုဝ)

**ဦးအောင်ရှင် (မုံရွာအောင်ရှင်)**

၁၉၆၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတော အတွင်း ပေါ်ပေါက်ခဲ့တဲ့ နိုင်ငံရေးကဗျာတွေ အကြောင်းကို ဖတ်မှာဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်ကနေ ဒီကာလအထိ နိုင်ငံရေးကဗျာ တွေနဲ့ဖြတ်သန်းခဲ့ရတဲ့ ကဗျာဆရာဖြစ်ပါတယ်။ ဒီကဗျာတွေနဲ့ပတ်သက်ပြီး စာတမ်းရေးတယ်။ ဒါကိုဖတ်မှာပါ။ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲက ဘယ်တုန်းကမှ မပေါ်ပေါက်ခဲ့ဖူးပါဘူး။ နိုင်ငံရေးဆိုတာကိုကြောက်ကြတယ်။ နိုင်ငံရေးပါတဲ့ စာတမ်းမျိုးဘယ်တော့မှ မလုပ်ခဲ့ဘူး။ အခု နိုင်ငံရေးစာပေစာတမ်း ဖတ်ပွဲက စာဖတ်ပရိသတ်အတွက်ရော၊ နိုင်ငံရေးဝါသနာပါတဲ့ လူငယ်တွေအတွက်ရော အားလုံးအတွက် အကျိုးရှိမယ့် စာတမ်း ဖတ်ပွဲလို့ ကျွန်တော်မြင်ပါတယ်။ ဒီနေ့ လူငယ်တွေ၊ လူငယ်ကဗျာဆရာတွေ၊ နှစ်ပေါင်း ၄၀ ကျော်တဲ့ စနစ်တစ်ခုအောက်မှာ ဘယ်လိုရုန်းကန်ပြီး ပြည်သူလူထုကို ကိုယ်ပေးချင်တဲ့အသိကို ဘယ်လောက်ပေးနိုင်ခဲ့တယ်ဆိုတာကို သိစေချင်တာပါပဲ။ ဒီ စာတမ်းဖတ်ပွဲမှာ အခုတင်မယ့် စာတမ်းတွေက တကယ်အကျိုးရှိပါတယ်။ တကယ့်ကို နိုင်ငံရေးလေ့လာတဲ့ လူငယ်တွေအတွက် တကယ့်ကို စိတ်ဝင်စားစရာကောင်းမယ့် စာတမ်းတွေလို့ ကျွန်တော်မြင်ပါတယ်။

**ဦးမောင်မောင်ဦး (ဟိန်းလတ်)**

နိုင်ငံတကာက နိုင်ငံရေးခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိတွေကို ကျွန်တော်ရေးခဲ့တာ စာအုပ် ၂၀ ကျော်သွားပြီ။ မြန်မာနိုင်ငံက စာရေးဆရာတွေရေးတဲ့ နိုင်ငံတကာ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိတွေကိုလည်း ကျွန်တော်ဖတ်တယ်။ ဖတ်ပြီး ကျွန်တော်လည်း ရေးတယ်။ အခုစာတမ်းဖတ်ဖို့ ခေါင်းစဉ်ကျလာတော့ ပိုပြီးအဆင်ပြေသွားတယ်။ နိုင်ငံတကာ ခေါင်းဆောင်တွေရဲ့ အကြောင်း၊ သူတို့ရဲ့ ကြိုးပမ်းလှုပ်ရှားခဲ့ရတဲ့အကြောင်းတွေပါသလို သူတို့ရဲ့မှားယွင်းချက်တွေလည်းပါတယ်။ ဒီ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိကို ဖတ်ရင် ကိုယ့်နိုင်ငံအတွက် စံနမူနာသင်ခန်းစာတွေရသလို သူတို့ရဲ့မှားယွင်းခဲ့တဲ့သံဝေဂတွေကိုလည်း သိပြီးရှောင်စရာရှိတယ်။ ဒီစာတမ်းကို ရေးရတာ အဲဒီရည်ရွယ်ချက်ပါပဲ။

ဒီစာတမ်းမှာ မင်းတုန်းမင်းလက်ထက်ကစပြီး ဘာသာပြန်သမိုင်းကို နိဒါန်းပျိုးထားတယ်။ အဲဒါပြီးမှ သီးသန့်နိုင်ငံခြားက ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိကို ဘယ်လိုရေးခဲ့တယ်ဆိုတာ ဖော်ပြတယ်။ အဲဒီစာအုပ်တွေထဲမှာ ဘယ်စာအုပ်တွေကြောင့် နိုင်ငံရေးသင်ခန်းစာတွေရခဲ့တယ်။ ဘယ်စာအုပ်တွေကြောင့် ရှောင်ရန်၊ ဆောင်ရန်တွေ သိလာရတယ်။ ဟစ်တလာတို့ အာမင်တို့ မြောက်ကိုရီးယားခေါင်းဆောင်တို့ ဒါတွေဆို မကောင်းတဲ့သူတွေ။ အဲဒါတွေ ဖတ်ရင်း သူတို့ ပြည်သူအပေါ် ဘယ်လို နှိပ်စက်ခဲ့သလဲ။ ထို့အတူပဲ ကောင်းတဲ့ ခေါင်းဆောင်တွေကြောင့် နိုင်ငံနဲ့လူမျိုးတွေ ဘယ်လောက် တိုးတက်ခဲ့သလဲ။ အဲဒါတွေ စာတမ်းမှာရေးထားပါတယ်။ မြန်မာနိုင်ငံမှာ ကျန်တဲ့ ဘာသာရပ်တွေနဲ့ပတ်သက်ပြီး စာတမ်းဖတ်ပွဲတွေ လုပ်ခဲ့တယ်။ နိုင်ငံရေး စာပေ စာတမ်းဖတ်ပွဲက မြန်မာပြည်မှာ ဒါ ပထမဦးဆုံးပဲ။ နောက်နောင်လည်း နှစ်တိုင်း နှစ်တိုင်း ဒီလိုမျိုးလုပ်သွားရင် နိုင်ငံရေး အသိပညာတွေပိုမိုကြွယ်ဝလာပြီး လူငယ်တွေ အတွက် နိုင်ငံကိုအကျိုးပြုတဲ့နေရာမှာ များစွာ သင်ခန်းစာတွေရလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးကျော်မင်းယု(ဂျင်မီ)**

နိုင်ငံရေးစာပေတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကဦးတည်ပြီးဖတ်မှာပါ။ နိုင်ငံရေး စာပေတွေ မှေးမှိန်သွားရတဲ့အကြောင်းအရင်းက ဘာဖြစ်လို့လဲဆိုတဲ့အချက်ကို ရှာလိုက်တော့ နိုင်ငံရေးနဲ့ စာပေကို ခွဲထုတ်ခံလိုက်ရတာ၊ နိုင်ငံရေးကသတ်သတ်၊ စာပေကသတ်သတ်၊ အဲဒီလိုခွဲထုတ်ခံလိုက်ရတော့ နိုင်ငံရေးစာပေက ပျောက်လုနီးပါးဖြစ်သွားတယ်။ နိုင်ငံရေးစာပေအားကောင်းဖို့ဆိုရင် နိုင်ငံရေးနဲ့စာပေကို ပြန်ပေါင်းပေးနိုင်တဲ့ အခြေအနေတစ်ခု၊ အဲဒီအခြေအနေတစ်ခုကို စာရေးသူကဏ္ဍရယ်၊ စာဖတ်သူ ကဏ္ဍရယ်၊ ထုတ်ဝေသူကဏ္ဍရယ် ၊ အစိုးရရဲ့ကဏ္ဍရယ်၊ အဲဒီကဏ္ဍ (၄)ခုက ကြိုးစားအားထုတ်မယ်ဆိုရင် နိုင်ငံရေးစာပေတွေ ပြန်လည်ရှင်သန်အားကောင်းလာမယ့်အကြောင်း၊ အဲဒါကို အခြေခံပြီး ကျွန်တော်စာတမ်းတင်မှာပါ။

ဒီစာတမ်းဖတ်ပွဲက အမှန်တရားကို ပိုမိုရှာဖွေရဲအောင်၊ အမှန်တရားကို ပိုသိအောင်၊ အထူးသဖြင့် မွေးရာပါ အာရုံခြောက်ပါးမှာ အမှန်တရားကို ထိမိခံစားနိုင်အောင် အစဖော်ပေးတဲ့၊ တွန်းအားပေးတဲ့ လုပ်ရပ်တစ်ခုဖြစ်ပါတယ်။ အစိုးရကဏ္ဍကနေ ဦးဆောင်တွန်းအားပေးလာတဲ့အတွက် ပိုပြီးမြန်ဆန်မယ်။ လူ့အဖွဲ့အစည်းက အမှားလူ့အဖွဲ့အစည်းကြီးဖြစ်နေတယ်။ အမှန်လူ့အဖွဲ့အစည်းရောက်အောင် ဒီနိုင်ငံရေးစာပေတွေ ဖွံ့ဖြိုးဖို့လိုတယ်။ အဲဒါကို အစိုးရက ဦးဆောင်ပြီး လုပ်ပေးတဲ့အတွက် အင်မတန်ကောင်းမွန်တဲ့ လုပ်ရပ်တစ်ခုလို့မြင်ပါတယ်။ နှစ်ပေါင်းများစွာ ကျွန်တော်တို့ အမှောင်ကိုဖြတ်သန်းခဲ့ရပြီ။ ပွင့်လင်းလာတဲ့ခေတ်မှာ လူငယ်တွေ အမှန်တရားကို များများရှာဖွေနိုင်ဖို့ အခွင့်အလမ်းကြီးတစ်ခုဖြစ်တယ်။ အဲဒါကို လက်လွတ်မခံကြဖို့ တိုက်တွန်းချင်ပါတယ်။

**ဦးဇော်သက်ထွေး(ဇော်သက်ထွေး)**

ကျွန်တော်ဖတ်မယ့်စာတမ်းက အာဏာရှင်ခေတ်မှာ ပြည်ပရောက်ရှိသွားတဲ့ စာရေးဆရာများ ရေးသားထုတ်ဝေခဲ့တဲ့ နိုင်ငံရေး စာအုပ်စာပေများဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ မြန်မာနိုင်ငံမှာ နိုင်ငံရေးစာအုပ်၊ စာပေတွေ အများဆုံး ပိတ်ပင်ခြင်းခံထားရတယ်။ ၁၉၆၂ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ နှစ်ပေါင်း ၅၀ ကျော် ကြုံဆုံခဲ့ရတာရှိပါတယ်။ အစိုးရသစ်လက်ထက်မှာ ပြန်ကြားရေးဝန်ကြီးက နိုင်ငံရေး စာပေစာတမ်းဖတ်ပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတော် လုပ်ချင်တယ်။ အားလုံးဝိုင်းဝန်းစာတမ်းတွေဖတ်ပြီး ကူညီကြပါလို့ ပြောပါတယ်။

၁၉၈၈ ကနေ ၂၀၁၂ ခုနှစ်အတွင်း ဆရာကြီးတွေ၊ ရဲဘော်ရဲဘက်တွေ တချို့ ပြည်ပနိုင်ငံကို ထွက်ခွာသွားတာရှိပါတယ်။ နိုင်ငံအနှံ့အပြားကို ရောက်ကုန်ကြတယ်။ သူတို့ကစာအုပ်တွေ ထုတ်ဝေတာတွေရှိတယ်။ ဒါတွေအားလုံး မှတ်တမ်းမှတ်ရာရှိခဲ့မယ်ဆိုရင် အလွန်ကောင်းမှာပဲလို့ စိတ်ကူးခဲ့တာကြာပါပြီ။ အခုလို ပြန်ကြားရေးဝန်ကြီးက စာတမ်းတစ်စောင်ရေးဖို့ တိုက်တွန်းတဲ့အတွက် ပြည်ပရောက် စာရေးဆရာတွေရဲ့ ထုတ်ဝေခဲ့တဲ့ စာအုပ်တွေကို မှတ်တမ်းလုပ်ပြီး စာတမ်းတစ်စောင် ဖတ်ရင်ကောင်းမယ်ဆိုပြီး ဆောင်ရွက်ခဲ့တာပါ။

အခုဆိုရင် ဒီစာတမ်းအတွက် နိုင်ငံခြားရောက် စာရေးဆရာတွေ ထုတ်သမျှ နိုင်ငံရေး စာအုပ်စုစုပေါင်း ၁၀၇ အုပ် ရပါတယ်။ ဒီ ၁၀၇ အုပ်က မှတ်တမ်းတစ်ခုဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒီလို လွတ်လပ်စွာရေးသားခွင့်ရှိတဲ့ အခြေအနေမှာ ကျွန်တော်တို့ နိုင်ငံရေးစာပေစာအုပ်တွေ ထွန်းကားဖို့လိုတယ်။ နိုင်ငံရေးစာပေမှာ နှစ်မျိုးရှိတယ်။ ပထမတစ်မျိုးက သမိုင်းကို ပြန်ကြည့်ခြင်းအားဖြင့် သမိုင်းမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ သင်ခန်းစာတွေ ရတယ်။ ဒုတိယက ဒီအဖြစ်အပျက်ကို မူတည်ပြီး အနာဂတ် ကျွန်တော်တို့ တိုင်းပြည်တည်ဆောက်ရာမှာ ဆောင်ရန်၊ ရှောင်ရန်ဆိုတာတွေကို သင်ခန်းစာယူ သုံးသပ်နိုင်မယ်။ တတ်နိုင်ရင် ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ်တည်ဆောက်ရေးအတွက် လူတိုင်းက မိမိယုံကြည်ရာကို လွတ်လပ်စွာ ရေးသားခွင့်ရှိရပါမယ်။ လွတ်လပ်စွာရေးသားခွင့်၊ ပြောဆိုခွင့်၊ ထုတ်ဝေခွင့်ဆိုတာရှိရမယ်။ အခုသက်သေပြဖို့ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနဲ့ ဈေးရောင်းပွဲတော် ပေါ်ထွန်းလာတာက ဒီအစိုးရသစ်လက်ထက် ဆောင်ရွက်ချက်ထဲမှာ ကောင်းမွန်တဲ့ မင်္ဂလာရှိတဲ့ကိစ္စလို့ ယူဆပါတယ်။

**ဦးရဲနိုင်အောင်(ကိုဝ)**

နိုင်ငံရေးဘောဂဗေဒ စာပေများ၏ နိုင်ငံရေးအကျိုးသက်ရောက်မှုဆိုတဲ့ စာတမ်းဖတ်မှာပါ။ အဓိကက နိုင်ငံရေးဘောဂဗေဒဆိုတာ တိုင်းပြည်ရဲ့ စီးပွားရေးဆိုင်ရာကိစ္စရပ်တွေကို နိုင်ငံရေးရှုထောင့်ကနေ လေ့လာတာပါ။ တိုင်းပြည်မှာတော့ နိုင်ငံရေးဘောဂဗေဒလို့ ပြောလိုက်ရင် လူတွေက ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စလို့ ယူဆတယ်။ တကယ်တမ်းကျတော့ နိုင်ငံရေးဘောဂဗေဒဆိုတာ ပြည်သူလူထုနဲ့ နေ့စဉ် ထိတွေ့နေတာပါ။ ဈေးဝယ်မယ်၊ ချက်မယ်၊ ပြုတ်မယ်၊ စားဝတ်နေရေးအတွက် ရုန်းကန်မယ်။ နိုင်ငံရေးဘောဂဗေဒဆိုတာ ပြည်သူလူထုရဲ့နေ့စဉ်ဘဝလို့ ပြောနိုင်တယ်။ လူတွေက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စလို့ ယူဆတာကိုပြောင်းစေချင်တယ်။ ဒါမှ နိုင်ငံရေး ဘောဂဗေဒဆိုတာကို စိတ်ပါဝင်စားလာမယ်။ ပိုနားလည်လာမယ်ဆိုရင် သူတို့တစ်ဦးချင်း၊ ပြည်သူလူထု တစ်ဦးချင်းအတွက်ပဲဖြစ်ဖြစ်၊ တိုင်းပြည်အတွက်ပဲဖြစ်ဖြစ် အကျိုးရှိမယ်လို့ ယူဆတယ်။

ကျွန်တော့် စာတမ်းရဲ့အဓိက ရည်ရွယ်ချက်က နိုင်ငံရေးဘောဂဗေဒဆိုတာ လူထုနဲ့ တစ်သားတည်းရှိတဲ့အတွက် လူထုအနေနဲ့ နိုင်ငံရေးဘောဂဗေဒကို လေ့လာကြဖို့အတွက် နိုင်ငံရေးဘောဂဗေဒနဲ့ပတ်သက်တဲ့ စာပေတွေကို ပိုမိုပြုစုလေ့လာဖို့ ရည်ရွယ်ပါတယ်။ နောင်တစ်ချိန် ကျွန်တော်တို့ တိုင်းပြည်ရဲ့ စီးပွားရေး ဒီထက်ဖွံ့ဖြိုးတိုးတက်လာလေလေ စီးပွားရေးနဲ့ဆိုင်တဲ့စာပေတွေ ပိုလိုအပ်လာလေဖြစ်တဲ့အတွက် ဒီကွက်လပ်ကို ဖြည့်ဆည်းဖို့ဆိုတာ အခုအချိန်ကစပြီး ပြင်ဆင်ဖို့လိုတယ်။ အဓိကမျိုးဆက်သစ်လူငယ်တွေက ပိုပြီးအခွင့်အရေးရှိတယ်လို့ ထင်တယ်။ ခေတ်အပြောင်းအလဲတစ်ခုကို မီမယ်၊ အင်တာနက်ကို အသုံးပြုပြီး အလွယ်တကူ လုပ်လို့ရမယ်။ ဒီ မျိုးဆက်သစ်တွေက နိုင်ငံရေး စာပေတွေ၊ ဒီ နိုင်ငံရေးဘောဂဗေဒစာပေ တွေကို ပြုစုလာမယ်ဆိုရင် တိုင်းပြည်အတွက် ရော၊ ပြည်သူလူထု တစ်ဦးချင်းအတွက်ရော အကျိုးရှိမယ်လို့ ယုံကြည်တဲ့အတွက် ဒီစာတမ်း ကို ပြုစုတာပါ။

လူငယ်မျိုးဆက်သစ်တွေက ကိုယ့်တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေချင်တယ်။ ဒီလိုစိတ်ဆန္ဒရှိမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုဖြစ်အောင်လုပ်ဖို့ လူငယ်တွေ နိုင်ငံရဲ့အတိတ်သမိုင်းတွေကိုသိဖို့လိုတယ်။ ကိုယ့်ရဲ့အတိတ်သမိုင်းကိုသိမှ ကိုယ့်ရဲ့ပစ္စုပ္ပန်အခြေအနေကို နားလည်မယ်။ ပစ္စုပ္ပန်အခြေအနေနဲ့ အတိတ်သမိုင်းကိုသိမှ ကိုယ့်ရဲ့အနာဂတ်ကို ဖန်တီးနိုင်ပါမယ်။ လူငယ်မျိုးဆက်သစ်တွေကို အဓိကပြောချင်တာက နိုင်ငံရေးစာပေတွေနဲ့ သမိုင်းကို လေ့လာကြပါ။ ခေတ်နဲ့အပြိုင် ကမ္ဘာမှာဖြစ်ပေါ်နေတဲ့ အဖြစ်အပျက်၊ အယူအဆတွေကို လေ့လာပါ။ ဒါမှ ကမ္ဘာနဲ့တန်းတူယှဉ်နိုင်မှာပါ။ လူငယ်တွေ ခေတ်အလိုက် အတွေးအခေါ်တွေ ဖြည့်ဆည်းစေချင်တယ်လို့ တိုက်တွန်းစကား ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

## ပြည်သူ့အကျိုးပြုလုပ်ငန်းများ မိုးမောက်၌ ဆောင်ရွက်

**မိုးမောက် ဇူလိုင် ၂၆**

ရက် (၁၀၀)စီမံချက်အရ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ကချင်ပြည်နယ် မိုးမောက်မြို့နယ် မိုးမောက်မြို့မရဲစခန်း စခန်းမှူး ဒုတိယရဲမှူး ခင်မောင်ထွေးနှင့် တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၃ ရက်က မိုးမောက်မြို့ အလင်းကောင်းရပ်ကွက် နိသောကာရာမ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းဝင်းအတွင်းနှင့် ကျောင်းအပြင်နေရာများတွင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းပြီး သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သီအိုရီ၊ ဥပဒေသများအခြေခံပြီး သင်ကြားလေ့ကျင့်ပေးသည်များကို လက်တွေ့နယ်ပယ်တွင် ဆင်ခြင်တုံတရားနှင့် မှန်မှန်ကန်ကန်ဦးဆောင်

**နေပြည်တော် ဇူလိုင် ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် သံတောင်ကြီးတပ်နယ် တပ်မတော်(ကြည်း)တိုက်ခိုက်ရေး ကျောင်း(ဘုရင့်နောင်)ရှိ အားကစားခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများနှင့် သင်တန်းသားများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် သင်တန်းများတွင် အဆင့်ဆင့်သော တပ်မတော်တာဝန်များကို မှန်ကန်စွာ ဦးဆောင်မှုပေး၍ တာဝန်ထမ်းဆောင်နိုင်ရန် သင်ကြားလေ့ကျင့်ပေးနေကြောင်း၊ သီအိုရီများ၊ ဥပဒေသများကိုအခြေခံပြီး သင်ကြားလေ့ကျင့်ပေးသည်များကို လက်တွေ့နယ်ပယ်တွင် မိမိ၏ဆင်ခြင်တုံတရားနှင့်ပေါင်းစပ်၍ မှန်မှန်ကန်ကန် ဦးဆောင်မှုပေးနိုင်ရမည် ဖြစ်ကြောင်း။

တပ်မတော်သားများအနေဖြင့် မိမိ၏အသက်၊ သွေး၊ ချွေး၊ ခန္ဓာပေးဆပ်၍ တာဝန်ထမ်းဆောင်ရသူများဖြစ်ကြောင်း၊ မိမိ၏ လုပ်ငန်းတာဝန်အပေါ် တန်ဖိုးထားပြီးလုပ်ရန်လိုအပ်သကဲ့သို့ အရာရာတွင်မပေါ့ဆဘဲ စိတ်ပါဝင်စားစွာဖြင့် အလေးအနက်ထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အလုပ်အပေါ် စိတ်မဝင်စားဘဲ ပေါ့ဆစွာတာဝန်ထမ်းဆောင်မှုကြောင့် ပေးဆပ်ရမှု၊ ဆုံးရှုံးမှုများစွာဖြစ်ပေါ်စေနိုင်သောကြောင့် လုပ်ငန်းတာဝန်များကို စိတ်ဝင်တစားဖြင့် ကြိုးစားဆောင်ရွက်ရေးတို့ကို မှာကြားသည်။

မိမိ၏အသိစိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်မှုသည် ခွန်အားတစ်ရပ် ပင်ဖြစ်ကြောင်း၊ မိမိ၏လုပ်ငန်းတာဝန်နှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို မိမိ၏အသိစိတ်ဓာတ်ဖြင့် မှန်မှန်ကန်ကန်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ယင်းသို့တာဝန်ထမ်းဆောင်မှုကိုလည်း ခေါင်းဆောင်များအနေဖြင့် အသိအမှတ်ပြုအားပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်ထမ်းဆောင်မှုသည် လက်ဖြင့်မ၍ထမ်းဆောင်မှုမျိုးမဟုတ်ဘဲ ပခုံးဖြင့်ထမ်း၍ တာဝန်ထမ်းဆောင်မှုမျိုးဖြစ်ရန် ခိုင်ခိုင်မာမာ၊ တောင့်တောင့်တင်းတင်းရှိစေရန် လိုကြောင်း ဗိုလ်ချုပ်မှူးကြီးက ပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံတောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (မြဝတီ)

တွေ့ဆုံပွဲအပြီးတွင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သုတရသစာအုပ်၊ စာစောင်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ပန်းပေါင်းစုံဘုရားဆင်းတုတော်များအားလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် သံတောင်ကြီးမြို့ရှိ တပ်မတော်လက်ဖက်ခြောက်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး သံတောင်ကြီးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဆေးကုသမှုနှင့် ကျန်းမာရေးအခြေအနေများကိုမေးမြန်းကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❖ ခရီးဝေးဒေသမှ

သံဖြူဇရပ်မြို့နယ်များမှ မွန်တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များမှ ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်နှင့် သက်တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး စုစုပေါင်း တိုင်းရင်းသား တိုင်းရင်းသူ ၁၀၀ တို့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို ကြပြီး စေတီတော်အရှေ့ဘက်မုခ်ဦးအနီးရှိ ရတနာဆင်ဖြူ တော်ဆောင်သို့ သွားရောက်လေ့လာကြသည်။

ထို့နောက် လွှတ်တော်သို့သွားရောက်ရာ တာဝန်ရှိသူ များက လိုက်လံရှင်းလင်းပြသပြီး ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပနေမှုအား ကြည့်ရှုလေ့လာခဲ့ကြသည်။

တိုင်းရင်းသားလေ့လာရေးအဖွဲ့သည် နေ့လယ်ပိုင်း တွင် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာရာ တာဝန် ရှိသူများက ကျောက်ခေတ်၊ ပြဒါးလင်းဂူ၊ ကြေးခေတ်၊ သံခေတ်၊ သမိုင်းမတင်မီခေတ်၊ သမိုင်းတင်ပြီးခေတ်၊ ပျူမြို့ ဟောင်းများပြကွက်၊ ဝေသာလီမြို့ဟောင်းနှင့် ဓညဝတီမြို့ ဟောင်းများ တူးဖော်ရရှိမှုပုံများ၊ ပုဂံခေတ်လက်ရာ စေတီ ပုထိုးပြကွက်များ၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမ ပြခန်းနှင့် မြန်မာ့ရှေးဟောင်းအမွေအနှစ်များ ခင်းကျင်း ထားသည်များကို လိုက်လံရှင်းလင်းပြသသည်။

ညနေပိုင်းတွင် တိုင်းရင်းသားလေ့လာရေးအဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)သို့ သွားရောက် လေ့လာကြရာ ဦးစီးဌာန၏ စိုက်ပျိုးရေး၊ သုတေသနဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ချက်များကို တာဝန်ရှိသူ များက မျိုးစေ့ဘဏ်အတွင်းရှိ အပင်ဇီဝနည်းပညာဓာတ်ခွဲ ခန်း၊ စပါးနှင့်သီးနှံမျိုးစေ့ပြခန်းတို့တွင် ပြသရှင်းလင်းပြော ကြားပြီး သီးနှံမျိုးစေ့အမျိုးအစားများကို ကြည့်ရှုလေ့လာ ကာ ထိုမှတစ်ဆင့် စပါးစိုက်ခင်းများနှင့် ပြောင်းသီးနှံစိုက် ခင်းများအား သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး ညပိုင်း တွင် နေပြည်တော်ရေပန်းဥယျာဉ်သို့ လေ့လာကြသည်။

ဇူလိုင် ၂၅ ရက်က လေ့လာရေးရောက်ရှိလာသည့် တိုင်းရင်းသားအဖွဲ့ဝင်များအား နေပြည်တော် အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က သွားရောက်တွေ့ဆုံ နှုတ်ဆက်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး ရန် မှာကြားခဲ့သည်။

လေ့လာရေးခရီးစဉ်ကာလအတွင်း ရင်းနှီးချစ်ကြည် စွာ အတူယှဉ်တွဲနေထိုင်လျက် တစ်ဦး၏ရိုးရာယဉ်ကျေးမှု များကို တစ်ဦးက သိရှိလေ့လာဖလှယ်ခွင့်ရရှိ၍ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်နှင့် လေ့လာ ရေးမှရရှိသော အတွေ့အကြုံဗဟုသုတများအား မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အသုံးချနိုင်ရန် ရည်ရွယ်၍ ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

**(သတင်းစဉ်)**

### ❍ ကျောဖုံးမှ

သွင်းဂိုးရပြီးနောက်ပိုင်းမှ ထိုင်းအသင်းကစားပုံ ပိုကောင်းလာခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်း အခွင့် အရေးအချို့ပြန်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ မိနစ် ၃၀ တွင် ထိုင်းအသင်း ဒုတိယဂိုးရခဲ့ပြီး ပစ်ဆာမိုင်ကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ထိုင်းအသင်းက ပွဲကို ထိန်းချုပ်ကစားသွားခဲ့ပြီး မိနစ် ၅၀ တွင် ကန်ဂျာနာ က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဖိလစ်ပိုင်အသင်း ကစားအားကျသွား၍ ထိုင်းအသင်း စိတ်ကြိုက်ကစားသွား နိုင်ခဲ့ပြီး ပွဲသိမ်းအနိုင်ဂိုးကို ၆၈ မိနစ်တွင် ရာတီကန်က သွင်းယူခဲ့သည်။

ဒုတိယပွဲတွင် ဗီယက်နမ်အသင်းက စင်ကာပူအသင်း ကို ၁၄ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ စင်ကာပူ အသင်းသည် ဗီယက်နမ်ကို အဘက်ဘက်မှ ယှဉ်ကစား နိုင်ခြင်းမရှိခဲ့ဘဲ ဂိုးပြတ်ရှုံးသွားခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းအတွက် လွယ်ကူသည့်နိုင်ပွဲဖြစ်ခဲ့ပြီး ပထမပိုင်းတွင် ခုနစ်ဂိုး၊ ဒုတိယပိုင်းတွင် ခုနစ်ဂိုး ဂိုးသွင်း ယူခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အတွက် အနိုင်ဂိုးများကို ငုယင်သီမွိုင်က ငါးဂိုး၊ ဟူယက်ဒန်က သုံးဂိုး၊ ငုယင် သီလိုင်က နှစ်ဂိုး၊ ငုယင်သီရှီယန်၊ ငုယင်သီမင် ငုယတ်နှင့် ဖန်တီယန်တို့က တစ်ဂိုးစီသွင်းယူခဲ့ပြီး ကျန်တစ်ဂိုးမှာ စင်ကာပူအသင်း ကိုယ့်ဂိုးကိုယ်သွင်းမိခြင်းဖြစ်သည်။

**ယနေ့ပွဲ**

ညနေ ၄ နာရီ

ဩစတြေးလျ ယူ -၂၀ - မလေးရှား

ညနေ ၆ နာရီ

မြန်မာ - တီမော

**(ရှိုင်းထက်ဇော်)**

### ۞ တိုင်းရင်းသားလက်နက်ကိုင်မှ

တည်ဆောက်နိုင်ရန်အတွက် အဖြေရှာနိုင်မည့် နိုင်ငံရေး ဆွေးနွေးပွဲအခင်းအကျင်းဖြစ်ရန် လိုအပ်မည်ဖြစ်သည်ကို တိုက်တွန်းပြောဆိုခဲ့ပါကြောင်း၊ မိမိတို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ မိမိတို့နှင့်ဆက်စပ်ပတ် သက်နေသော တိုင်းရင်းသားပြည်သူများ၊ လူမှုအဖွဲ့အစည်း များ၏တည်ရှိမှုသည် ကာလဒေသအပေါ်မူတည်ပြီး မတူ ကွဲပြားမှုများရှိနေပါကြောင်း၊ ယနေ့ ယခုအချိန်၏ နိုင်ငံ ရေးအခင်းအကျင်းတွင် မိမိတို့ တိုင်းရင်းသားများအကြား စုစည်းညီညွတ်မှုရှိရန် လွန်စွာအရေးကြီးသည့် အချိန်အခါ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရဘက်ကလည်း နိုင်ငံရေးပြဿနာ များကို ဆွေးနွေးအဖြေရှာနိုင်မည့် အခင်းအကျင်းကို ဖော်ဆောင်နိုင်ရန်အတွက် (၂၁)ရာစုပင်လုံညီလာခံကို ပြုလုပ်သွားမည့် အစီအစဉ်ရှိနေကြောင်း၊ တိုင်းရင်းသား များဘက်ကလည်း ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ပုံဖော်သွားနိုင်မည့် ဘုံသဘောထားများ သဘောတူချမှတ် သွားနိုင်ရန် လွန်စွာအရေးကြီးကြောင်း၊ ယနေ့မျက်နှာ စုံညီအစည်းအဝေးကြီးမှ အားလုံးလက်ခံသဘောတူညီ နိုင်မည့် ဘုံသဘောထားရပ်တည်ချက်များ သဘောတူ ချမှတ်သွားနိုင်လိမ့်မည်ဟုလည်း ယုံကြည်ကြောင်း၊ တစ်ဆက်တည်းတင်ပြလိုသည်မှာ ယခု မျက်နှာစုံညီအစည်း အဝေးမှ သဘောတူညီချက်များကို မည်သို့လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဆိုသည့် အချက်ကိုလည်း အားလုံးဝိုင်းဝန်း အကြံပြုဆွေးနွေးသွား စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ခူဦးရယ်က ဤအစည်းအဝေးကို အဓိကရည်ရွယ် ချက်နှစ်ရပ်အပေါ် အခြေပြုပြီး ကျင်းပရခြင်းဖြစ်ကြောင်း၊ ပထမရည်ရွယ်ချက်မှာ (၂၁)ရာစုပင်လုံညီလာခံ ကျင်းပ ရေးအတွက် အကြိုညှိနှိုင်းရေးဖြစ်ပြီး ဒုတိယရည်ရွယ်ချက် မှာ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ခြင်းဆိုင်ရာ နိုင်ငံရေးဘုံသဘောထား ရပ်တည်ချက်ရယူရေးတို့ပင်ဖြစ်ကြောင်း။

ယင်းရည်ရွယ်ချက်နှစ်ရပ် ထမြောက်အောင်မြင်ရန် အတွက် ခေါင်းစဉ်လေးခုကိုအခြေခံပြီး ညှိနှိုင်းဆွေးနွေး အဖြေရှာရန် ကျင်းပရေးကော်မတီအနေဖြင့် ပြင်ဆင်ထား ကြောင်း၊ ပထမခေါင်းစဉ်မှာ ပင်လုံလက်စွဲစာတမ်း ဆွေးနွေးအတည်ပြုခြင်း၊ ဒုတိယမှာ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ခြင်းဆိုင်ရာ ဖွဲ့စည်းပုံအခြေခံ ဥပဒေများအတွက် အခြေခံမူများ၊ တတိယခေါင်းစဉ်မှာ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာအခြေခံမူများနှင့် နောက်ဆုံးခေါင်းစဉ်မှာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်ပြင်ဆင်ရေးတို့ဖြစ်ကြောင်း၊ အစည်း အဝေးသို့ တက်ရောက်လာသူများအနေဖြင့် အလေးအနက် ထားပြီး စိတ်ရှည်သည်းခံမှုနှင့် မေတ္တာစေတနာရှေ့ထား ပြီး အပြန်အလှန်ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင်ဖြင့် တင်ပြ ဆွေးနွေးကြရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဗီးယားနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးရာဌာန၏ အာရှရေးရာ အထူးသံတမန် Mr. Sun Guoxiang တို့က အမှာစကား ပြောကြားကြသည်။

ယနေ့ပြုလုပ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ၏ မျက်နှာစုံညီအစည်းအဝေးသို့ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)၊ ရခိုင်အမျိုးသားကောင်စီ (ANC)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမို ကရက်တစ်တပ်ဦး(ABSDF)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ကရင်အမျိုးသားဒီမိုကရေစီ အကျိုးပြုတပ်မတော် (DKBA)၊ ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (KIO)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ ကရင်အမျိုးသား အစည်းအရုံး ငြိမ်းချမ်းရေးကောင်စီ KNU/KNLA(PC)၊ လားဟူဒီမိုကရက်တစ်ယူနီယံ(LDU)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA) (မိုင်းလား)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်(PNLO)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS / SSA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/ SSA)၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)၊ ရခိုင်အမျိုးသားအဖွဲ့ချုပ် (ULA / AA)၊ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) (WLB)၊ ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း (NBF)၊ ညီညွတ်သောတိုင်းရင်းသားများ မဟာမိတ်အဖွဲ့ (UNA)၊ “ဝ”အမျိုးသားအဖွဲ့ချုပ်(WNO)၊ ပြည်ထောင်စု အင်စတီကျူ(PI)မှကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး များရေးရာစင်တာ(ENAC)တို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးသို့ TNLA(တအာင်းပလောင်)၊ MNDAA(ကိုးကန့်)၊ NSCN - K(နာဂ)၊ UWSA “ဝ” တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း လေးဖွဲ့ တက်ရောက်ခြင်းမရှိကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

# ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ (၂/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ (၂/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ ကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မလေးရှားနိုင်ငံရှိ နိုင်ငံခြားသားထိန်းသိမ်းရေးစခန်းများ၌ ရောက်ရှိနေသော မြန်မာအလုပ်သမားများအား ပြန်လည်ခေါ်ဆောင်ရေးနှင့် နေရပ်သို့ ပြန်လည်ပို့ဆောင်ရေးကိစ္စ၊ ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် အိမ်တွင်းအထောက်အကူ အလုပ်သမားများစာရင်းကို သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊ အလုပ်သမားဝန်ကြီးဌာနများနှင့် လူမှုအဖွဲ့အစည်းများမှတစ်ဆင့် စာရင်းရယူ၍ တရားဝင်မှတ်ပုံတင်နိုင်ရေးကိစ္စ၊ ထိုင်းနိုင်ငံရှိအထောက်အထားမဲ့ မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- C of I) ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန် ဝန်ထမ်းများ စေလွှတ်ရေးကိစ္စနှင့် ကုန်ကျစရိတ်ဆိုင်ရာကိစ္စများအား ဆွေးနွေးခဲ့ကြသည်။

မလေးရှားနိုင်ငံ နိုင်ငံခြားသားထိန်းသိမ်းရေးစခန်းများမှ မြန်မာအလုပ်သမားများ ပြန်လည်ခေါ်ယူရေးကို နိုင်ငံခြားရေးဝန်ကြီးဌာန မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီနှင့်အတူ ဦးအောင်မြတ် Mother Group of Co.,Ltd နှင့် မိဘဂုဏ်ရည်အဖွဲ့သားများ၊ KBZ Brighter Future Myanmar Foundation တို့၏ လှူဒါန်းမှုများဖြင့် အလုပ်သမားများအား လေယာဉ်ဖြင့် တစ်ကြိမ်လျှင် ၁၃၈ ဦးခန့် (၁၀) ကြိမ် ပြန်လည်ခေါ်ဆောင်သွားမည်ဖြစ်ပြီး ပြည်တွင်း၌ ပြန်လည်အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများအား အလုပ်အကိုင်ရရှိနိုင်ရေးတို့ကိုလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ရထားပို့ဆောင်ရေးကော်မရှင်ဥက္ကဋ္ဌ Mr. David Porter အား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၆**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီက အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ရထားပို့ဆောင်ရေးကော်မရှင်ဥက္ကဋ္ဌ Mr. David Porter ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးအတွက် အလားအလာရှိသည့်ကဏ္ဍများ၊ လယ်ယာစိုက်ပျိုးရေး၊ အသေးစား၊ အလတ်စားလုပ်ငန်းများ၊ အပင်နှင့် ပိုးမွှားရောဂါကင်းစင်ရေး (SPS) နှင့် သယ်ယူပို့ဆောင်ရေး (Logistics) ဆိုင်ရာကိစ္စရပ်များတွင် ကူညီထောက်ပံ့ပေးနိုင်ရေး၊ နှစ်နိုင်ငံဆက်ဆံမှုတွင် အစိုးရအချင်းချင်းသာမက စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများအချင်းချင်း ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၌ လိုအပ်သည့်ကဏ္ဍများတွင် အမေရိကန်နိုင်ငံမှ ကူညီထောက်ပံ့ပေးနိုင်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ခုံသမာဓိကောင်စီနှင့် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့ အလုပ်သမားကိုယ်စားလှယ်များရွေးချယ်ပွဲနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာစွာ ဆွေးနွေးဖြေရှင်းမည်

**နေပြည်တော် ဇူလိုင် ၂၆**
ခုံသမာဓိကောင်စီ အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ပွဲကို ဇူလိုင် ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့ အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ပွဲကို ဇူလိုင် ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။

အဆိုပါ ခုံသမာဓိကောင်စီ အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ပွဲတို့နှင့်ပတ်သက်၍ အလုပ်သမားအဖွဲ့အစည်းအချင်းချင်း သဘောထားကွဲလွဲခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ကန့်ကွက်စာပေးပို့ခြင်းတို့အတွက် အလုပ်သမားများနှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ အလုပ်သမားအဖွဲ့ချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အလုပ်သမားအဖွဲ့အစည်းများနှင့် ကန့်ကွက်စာပေးပို့ကြသော အခြေခံအလုပ်သမား အဖွဲ့အစည်းများမှ အလုပ်သမားအဖွဲ့အစည်းဝင် ကိုယ်စားလှယ်များအပါအဝင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် (၄၃)ရပ်ကွက် ဗိုလ်မင်းရောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန သင်တန်းကျောင်း (ပင်လုံခန်းမ)၌ ပွင့်လင်းမြင်သာစွာ ဆွေးနွေးဖြေရှင်းမည်ဖြစ်၍ အလုပ်သမားအဖွဲ့အစည်းများမှ ဆွေးနွေးလိုသူများလည်း တက်ရောက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ရွှေကူမြို့နယ် ရဲတပ်ဖွဲ့မှ ရက် (၁၀၀)စီမံချက်အရ ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယာယီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်လတ်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မြင့်ဆွေနှင့် တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံရှေ့တွင် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ကြစဉ်။
**ခရိုင် (ပြန်/ဆက်)**

## ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဆေးရုံ၊ ဆေးခန်းနှင့် အားကစားသိပ္ပံသို့ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၆**
မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ဗဟိုဆေးသိုလှောင်ရေးဌာန M-Supply Software ကို အသုံးပြု၍ ဆေးများသိုလှောင်ဖြန့်ဖြူးရေး Data based ဖြင့် Electronically စီမံဆောင်ရွက်ထားရှိမှုနှင့် ဆေးများ စနစ်တကျသိုလှောင်ထားသော နေရာများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အဖွဲ့သည် ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခုတင်(၅၀၀)ဆံ့ အရိုးအထူးကုဆေးရုံကြီးရှိ ဝန်ထမ်းများအားလည်းကောင်း၊ ဆက်လက်၍ မွန်းလွဲပိုင်းတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံသည်။

ထို့နောက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် မျက်စိအမြင်အာရုံသန်စွမ်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျောင်းများတွင် ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ကျေးလက်ကျန်းမာရေးဌာနများသည် ကျေးလက်နေ ပြည်သူများ၏ အဓိကအားထားရာ ကျန်းမာရေးစောင့်ရှောက်ပေးသောဌာနများဖြစ်သဖြင့် Community Clinic များသည် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန်၊ သတင်းအချက်အလက်များသည် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုတွင် အရေးပါသော အခန်းကဏ္ဍတွင် ရှိသောကြောင့် ဆေးခန်း၊ ဆေးရုံများမှ ပေးပို့သော Data များကို စနစ်တကျခွဲခြမ်းလေ့လာပြီး Feedback ပြန်ပေးကြရန်၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အစာအဆိပ်သင့်ဖြစ်ပွားမှုလျော့နည်းအောင် အစားအသောက်များကို သန့်ရှင်းစွာ စနစ်တကျ ချက်ပြုတ်သိမ်းဆည်းထားတတ်စေရန်၊ လူထုကို ဆက်သွယ်၍ ကျန်းမာရေးပညာပေးရန် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းရင်းဆေးရုံကြီးသို့ လည်းကောင်း၊ ခုတင်(၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီးသို့ လည်းကောင်း၊ ဆက်လက်၍ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ သို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံသို့ ရောက်ရှိလာရာ အားကစားနှင့်ကာယပညာသိပ္ပံမှ ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်က ဝင်းအတွင်းရှိ လေ့ကျင့်ရေးဆောင်များ၊ မန္တလာသီရိဘောလုံးကွင်း၌ အားကစားပြိုင်ပွဲများ ကျင်းပရန် ပြင်ဆင်ထားရှိမှုတို့ကို ရှင်းလင်းပြသခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသား သင်တန်းသူများနေထိုင်သော နှင်းဆီဆောင်၊ Sport Medicine Clinic သို့ရောက်ရှိရာ တာဝန်ခံဆရာဝန် ဒေါက်တာမြလေးစိန်က ဆေးခန်းတွင် အားကစားသမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ အားကစားသမားများ လေ့ကျင့်နေသော GYM and Fitness Center၊ စားရိပ်သာသို့ သွားရောက်၍ အားကစားသမားသင်တန်းသား သင်တန်းသူများအတွက် ကျွေးမွေးရန် ချက်ပြုတ်ထားသော ထမင်းနှင့် ဟင်းလျာများကို ကြည့်ရှုစစ်ဆေးပြီး သုံးဆောင်နေသော အားကစားသမားများအား ရင်းနှီးစွာ နှုတ်ဆက်သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် စိတ်ရောဂါအထူးကုဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးသိုလှောင်ခန်း၊ စိတ်ရောဂါကုသဆောင်နှင့် မူးယစ်ဆေးစွဲကုသဆောင်၊ လူနာများအား ဆေးကုသပေးနေမှု အခြေအနေ၊ ဆေးရုံအုပ်ကြီး ဒေါက်တာသက်သက်စိန်က ရှင်းလင်းပြသမှုကို ကြည့်ရှုပြီးနောက် ပြောကြားရာတွင် စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးအတွက် စာကြည့်တိုက်တွင် လိုအပ်သော စာအုပ်၊ စာစောင်၊ ဂျာနယ်များ ဝယ်ယူဖြည့်တင်းပေးရန်၊ ရုပ်မြင်သံကြားနှင့် ရုပ်ရှင်အစီအစဉ်များ ကြည့်ရှုနိုင်ရေး ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှု အခြေအနေ

**ရန်ကုန် ဇူလိုင် ၂၆**
အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအပေါ်လုပ်ငန်းစတင် ဆောင်ရွက်ခဲ့သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ယခုနှစ် ဇူလိုင် ၂၄ ရက်အထိ ၅၇ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၅၅၇၆၈၉ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ၇၉၁၅၅၃ ဒသမ ၂၅ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် (CT) ၆၇၀၉၈၃ ဒသမ ၆၇ ကျပ်သန်းနှင့် အထူးကုန်စည်ခွန် (SGT) ၁၄၆၀၃ ဒသမ ၅၀ ကျပ်သန်း စုစုပေါင်း ၁၄၇၇၁၄၀ ဒသမ ၄၂ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါအကောက်ခွန်(CD)၊ ကုန်သွယ်လုပ်ငန်းခွန် (CT) များနှင့် အထူးကုန်စည်ခွန် (SGT) စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်း အစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၃၉၂၇၄ စီး၊ ကားအရောင်းပြခန်းများအတွက် ၁၂၅၆၇၁ စီး၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၃၀ စီး၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာ ဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆၇၆၂ စီးတို့ဖြစ်ကြောင်း သိရသည်။

**(ဝင်းမြင့်)**

■

# နီပေါဝန်ကြီးချုပ် နုတ်ထွက်သွားသော်လည်း ဆက်ဆံရေးအပြောင်းအလဲမရှိနိုင်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောကြား

**ပေကျင်း ဇူလိုင် ၂၆**

နီပေါနိုင်ငံ၌ဝန်ကြီးချုပ် ကေပီအိုလီရာထူးမှ နုတ်ထွက်သွားသော်လည်း ယင်းနိုင်ငံနှင့် မိမိတို့နိုင်ငံကြား အေးအတူပူအမျှ အတူယှဉ်တွဲနေထိုင်မှုပုံစံမှာ ပြောင်းလဲသွားမည်မဟုတ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လုခန်းက ဇူလိုင် ၂၆ ရက်တွင် ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

နီပေါနိုင်ငံ၌ ဝန်ကြီးချုပ်အိုလီသည် ဇူလိုင် ၂၄ ရက်တွင် ရာထူးမှနုတ်ထွက်ခဲ့သည်။ ပါလီမန်တွင် အိုလီအားအယုံအကြည်မရှိကြောင်း အဆိုတင်သွင်းရန်ရှိနေစဉ် ရာထူးမှ နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

အိုလီ၏ ပါတီစုံပါဝင်သော ညွန့်ပေါင်းအဖွဲ့မှ မဟာမိတ်များအစိုးရအဖွဲ့ကို စွန့်ခွာခဲ့ကြပြီးနောက် မလွဲသာမရှောင်သာ ရာထူးမှနုတ်ထွက်ခဲ့ရသည်။ မြေငလျင်ဘေးဒဏ်ပြင်းထန်စွာခံစားခဲ့ရသည့် နီပေါနိုင်ငံ၌ ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများကို ကိုင်တွယ်ဆောင်ရွက်ပုံနှင့်ပတ်သက်၍ အပြင်းအထန် ဝေဖန်ခံခဲ့ရသူဖြစ်သည်။

နီပေါနိုင်ငံ၌ ပြီးခဲ့သည့်ဒီဇင်ဘာလက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ကန့်ကွက်ဆန္ဒပြကြသော လူနည်းစုတိုင်းရင်းသားမျိုးနွယ် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်းများဖြစ်ပွားခဲ့ရာ လူ ၅၀ ကျော်သေဆုံးခဲ့သည်။

နီပေါနိုင်ငံသည် တရုတ်နိုင်ငံ၏မိတ်ဆွေနိုင်ငံဖြစ်ပြီး အေးအတူပူအမျှ အတူယှဉ်တွဲနေထိုင်လာခဲ့ကြသော နိုင်ငံများဖြစ်ကြောင်း၊ နိုင်ငံတကာရေးရာနှင့် ပြည်တွင်းရေးရာများ၏ အကျိုးသက်ရောက်မှုများ မည်သို့ပင်ရှိနေစေကာမူ မိတ်ဆွေများအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

နီပေါနိုင်ငံအပေါ် အိန္ဒိယနိုင်ငံ၏ ဩဇာလွှမ်းမိုးမှု လျှော့ပါးစေရေးအတွက် ဝန်ကြီးချုပ်အိုလီအုပ်စိုးစဉ်ကာလအတွင်း ချုပ်ဆိုခဲ့သော နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို ဝန်ကြီးချုပ်သစ်က ပြန်လည်ပယ်ဖျက်နိုင်မှုအတွက် စိုးရိမ်ပူပန်မှုများပေါ်ထွက်နေချိန်အတွင်း ယင်းကြေညာချက်ပေါ်ထွက်လာခြင်းဖြစ်သည်။ **ပီတီအိုင်။**



နီပေါနိုင်ငံဝန်ကြီးချုပ် ကေပီအိုလီ။

# အီရန်၌ အယ်လ်ခိုင်ဒါအဖွဲ့ဝင်သုံးဦး နေထိုင်လျက်ရှိသည်ဆိုမှု မသိဟုဆို

**တီဟီရန် ဇူလိုင် ၂၆**

အီရန်နိုင်ငံ၌ အယ်လ်ခိုင်ဒါအဖွဲ့၏အဖွဲ့ဝင်သုံးဦးနေထိုင်လျက်ရှိသည်ဆိုသော အမေရိကန်ဘဏ္ဍာရေးဌာန၏ စွပ်စွဲချက်နှင့်ပတ်သက်၍ မိမိတို့မသိရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘာရမ်ကာဆာမီ၏ ပြောကြားချက်ကိုကိုးကားလျက် အီရန်ကျောင်းသားရေးရာသတင်းအေဂျင်စီက ဇူလိုင် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံအတွင်း နေထိုင်လျက်ရှိကြသော ဆော်ဒီတစ်ဦး၊ အီဂျစ်တစ်ဦးနှင့် အယ်လ်ဂျီးရီးယားတစ်ဦးတို့ကို အမည်ပျက်စာရင်းတွင် ထည့်သွင်းလိုက်သည်ဟု အမေရိကန်ဘဏ္ဍာရေးဌာနက ဇူလိုင် ၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အီရန်မြေပေါ်တွင် အယ်လ်ခိုင်ဒါအဖွဲ့ဝင်သုံးဦးနေထိုင်လျက်ရှိသည်ဆိုသော သတင်းနှင့်ပတ်သက်၍ မိမိတို့မသိကြောင်း ကာဆာမီက ပြောကြားသည်။ **ရိုက်တာ။**



# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်၏ ကမ္ဘာပတ်ခရီးစဉ် အောင်မြင်စွာပြီးဆုံး

အဘူဒါဘီ ဇူလိုင် ၂၆

နေရောင်ခြည်စွမ်းအင်တစ်မျိုးတည်းကိုသာ အသုံးပြုမောင်းနှင်သည့် လေယာဉ်၏ ကမ္ဘာတစ်ပတ်ခရီးစဉ်မှာ အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်သည်။

နေရောင်ခြည်စွမ်းအင်ဖြင့်ပျံသန်းသည့် Solar Impulse 2 လေယာဉ်သည် ၁၆ လအတွင်း ခရီးတာ ကီလိုမီတာ ၄၂၀၀၀ ပျံသန်းနိုင်ခဲ့ပြီး စတင်ထွက်ခွာပျံသန်းခဲ့သည့် အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့သို့ ဇူလိုင် ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီတွင် ပြန်လည်ရောက်ရှိလာခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံတွင် ထုတ်လုပ်သည့် အဆိုပါလေယာဉ်သည် လူတစ်ဦးတည်းသာလိုက်ပါ မောင်းနှင်နိုင်ပြီး လေယာဉ်တောင်ပံသည် ၇၂ မီတာရှည်လျားသည်။ လေယာဉ်တောင်ပံများနှင့် လေယာဉ်ကိုယ်ထည်အပေါ်ပိုင်းအစိတ်အပိုင်းများတွင် လိုအပ်သောစွမ်းအင်အတွက် ဆိုလာဆဲလ် ၁၇၀၀၀ ကျော်တပ်ဆင်ထားသည်။

အဆိုပါလေယာဉ်သည် လွန်ခဲ့သည့်နှစ် မတ်လတွင် အဘူဒါဘီမြို့မှစတင်ထွက်ခွာပျံသန်းပြီး ခရီးစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် မြန်မာနိုင်ငံ မန္တလေးမြို့သို့ရောက်ရှိလာခဲ့သည်။ မန္တလေးမြို့မှ တရုတ်နိုင်ငံ ချုံကင်းမြို့သို့ ပျံသန်းသွားခဲ့သည်။

နေရောင်ခြည် စွမ်းအင်သုံးလေယာဉ် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်ကျော်ပျံသန်းစဉ် ဘက်ထရီစနစ်ချွတ်ယွင်းမှုကြောင့် သတ်မှတ်ထားသည့်အချိန်ထက် ကိုးလခန့်နှောင့်နှေးကြန့်ကြာခဲ့ရသည်။ သို့သော် လေယာဉ်သည် အမေရိကတိုက်နှင့် အတ္တလန္တိတ် သမုဒ္ဒရာတို့ကို ဖြတ်ကျော်ပျံသန်းနိုင်ခဲ့သည်။

လေယာဉ်၏ ခရီးစဉ်နောက်ဆုံးအပိုင်းပျံသန်းမှုအဖြစ် ဆွစ်လေယာဉ်မှူး ဘာထရန်ပစ်ကာက တနင်္ဂနွေနေ့တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှ အဘူဒါဘီမြို့သို့ အောင်မြင်စွာ မောင်းနှင်ပျံသန်းခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

❑

# ဒူဘိုင်းလေဆိပ်၌ တူရကီဗိုလ်ချုပ်နှစ်ဦး ထိန်းသိမ်းခံရ


**အန်ကာရာ ဇူလိုင် ၂၆**

နိုင်ငံပိုင် အနာဒိုလူသတင်းဌာန၏အဆိုအရ မအောင်မြင်သော အာဏာသိမ်းမှုနှင့်ဆက်နွှယ်နေသည့် တူရကီဗိုလ်ချုပ်နှစ်ဦးကို ယနေ့နံနက်ပိုင်းက ဒူဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ တာဝန်ထမ်းဆောင်နေသော ထိန်းသိမ်းခံခဲ့ရသည့် ဗိုလ်ချုပ်ကြီးနှစ်ဦးမှာ တူရကီ အထူးတပ်ဖွဲ့တပ်မှူး ဗိုလ်ချုပ်ကာဟစ်ဘောကာနှင့် ကဘူးလ်လေ့ကျင့်ရေး၊ ထောက်ပံ့ရေးနှင့် အကြံပေးရေးတပ်မှူး ဗိုလ်မှူးချုပ် ဆီနာတိုပွတ်တို့ ဖြစ်သည်။ အဆိုပါသတင်းအရ ယူအေအီးအာဏာပိုင်များနှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမျိုးသားထောက်လှမ်းရေးအေဂျင်စီ(MIT)တို့မှ တာဝန်ရှိသူများကြား ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးဆက်တစ်ခုအဖြစ်ဥပဒေပိုင်းဆိုင်ရာလုပ်ငန်းစဉ်များ ထပ်မံဆောင်ရွက်ရန် ယင်းဗိုလ်ချုပ်ကြီးနှစ်ဦးအား အန်ကာရာမြို့တော်သို့ ခေါ်ဆောင်သွားခဲ့သည်။

ယခုချိန်ထိ တစ်နိုင်ငံလုံးအတိုင်းအတာ စုံစမ်းစစ်ဆေးမှုတစ်ခုအတွင်း စစ်ဘက်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တရားစီရင်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် သံသယရှိသူ ၁၃၀၀၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ဇူလိုင် ၁၅ ရက်ကဖြစ်ပွားခဲ့သည့် မအောင်မြင်သော အာဏာသိမ်းရန်ကြိုးပမ်းမှုကြောင့် အာဏာသိမ်းရန် လျှို့ဝှက်ပူးပေါင်းကြံစည်သူ ၁၀၀ ကျော် သေဆုံးမှုအပါအဝင် လူပေါင်း ၂၉၀ ထက်မနည်း အသက်ဆုံးရှုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

**ဆင်ဟွာ။**



# ပွဲထိန်းဒုံးကျည် ပထမဆုံးအကြိမ်စမ်းသပ်ခဲ့မှု မော်ကွန်းရုပ်ရှင်မှတ်တမ်း တရုတ်ထုတ်လွှင့်ပြသ

**ပေကျင်း ဇူလိုင် ၂၆**

တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်ပြည်ထောင်စုက အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်(တီအိတ်ချ်အေအေဒီ)ဖြန့်ကြက်ချထားရေး လုပ်ဆောင်နေစဉ်အတွင်း တရုတ်နိုင်ငံက လွန်ခဲ့သည့်ခြောက်နှစ်က ပထမဆုံးအကြိမ်ပွဲထိန်းဒုံးကျည်ကြားဖြတ်ဟန့်တားရေးစနစ်စမ်းသပ်ခဲ့သည့် မော်ကွန်းရုပ်ရှင်မှတ်တမ်းဗီဒီယိုကို ဇူလိုင် ၂၆ ရက်တွင် ထုတ်ပြန်လိုက်သည်။

ပွဲထိန်းဒုံးကျည်ကာကွယ်ရေးစနစ်သည် မိမိတို့၏ မဟာဗျူဟာမြောက်ကာကွယ်ရေးအတွက် အရေးကြီးကြောင်း၊ အင်အားကြီးနိုင်ငံနှစ်နိုင်ငံအကြား အားပြိုင်မှုတွင် အရေးပါသော လက်နက်စနစ်ဖြစ်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)မှ သုတေသီချန်ဒီမင်းက ပြောကြားသည်။

ပွဲထိန်းဒုံးကျည်ကာကွယ်ရေးစနစ် တည်ဆောက်နိုင်ခြင်းသည် တရုတ်ကာကွယ်ရေးလုပ်ငန်း၏ အဓိကကျသော စွမ်းရည်တစ်ခုဖြစ်ကြောင်း ၎င်း၏ ပြောကြားချက်ကို ကိုးကားလျက် တရုတ်နိုင်ငံတကာ ရေဒီယိုက ထုတ်လွှင့်သည်။

ပွဲထိန်းဒုံးကျည်ကာကွယ်ရေးစနစ်ကို ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း နောက်ထပ်စမ်းသပ်မှုများပြုလုပ်ခဲ့ရာတွင် အောင်မြင်မှုများရရှိခဲ့ကြောင်း၊ နောက်ဆုံးအကြိမ် စမ်းသပ်မှုမှာ ၂၀၁၃ ခုနှစ်ဇန်နဝါရီလတွင်ဖြစ်ကြောင်း အစိုးရက လွှင့်တင်ထားသော အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မြောက်ကိုရီးယားမှ တိုက်ခိုက်လာဖွယ်ရှိသော ပွဲထိန်းဒုံးကျည်များဘေးရန်မှ ကာကွယ်ရန်အတွက် အမေရိကန်က တောင်ကိုရီးယားတွင် အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယင်းအစီအစဉ်သည် တရုတ်နိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်ဟု တရုတ်တာဝန်ရှိသူများက ပြစ်တင်ရှုတ်ချခဲ့သည်။

တောင်ကိုရီးယားတွင် အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်ရန် လုပ်ဆောင်ခြင်းသည် တရုတ်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုကို လျှော့ကျစေသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီက တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးအား သတိပေးပြောကြားခဲ့သည်။

**ပီတီအိုင်။**





# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၇- ၇ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ပြည်သူ့နီတိ"တန်ဆေး လွန်ဘေး"
၆း၂၀ -ကာတွန်းအစီအစဉ်
"Bleach : Fade to Black Final"
(အပိုင်း-၂)
၇း၁၀ -နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ"
(အပိုင်း-၄၉)
၇း၅၀ -နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ကိုယ့်ဘဝ ကိုယ့်အိပ်မက်"
(အပိုင်း-၉)
၈း၃၀ MRTV-4
Entertainment Music
၈း၄၀ -ဗဟုသုတဖြန့်ဝေသူလေး
၉း၂၀ -နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉း၃၀ -မြန်မာ့ရိုးရာတူရိယာ
"မြန်မာနဲ့"
၁၀း၀၀ -တေးဂီတအစီအစဉ်
၁၀း၂၀ -မြန်မာဗီဒီယိုဇာတ်လမ်း
"တစ်ပွင့်ကြွေ တစ်ပွင့်သစ်
ပန်းဖြစ်ရင်လဲကောင်းသား"
၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော် + ခန္ဓသုတ်၊
မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "လူလောကမှ ကောလာဟလများ"
တရားတော်
(ပါမောက္ခချုပ်ဆရာတော်
ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သူပေးတဲ့ကတိစကား"
(အပိုင်း-၁၄)
၇း၃၀ MRTV-4 သတင်း
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(အလုံမြို့နယ် သမဝါယမ
ထုပ်ပိုးဝင်းလုပ်ငန်းရှင်များနှင့်
ဝင်းအတွင်းမိသားစုများ၏
ရေကြောင်းခရီး
အသက်ကယ်အင်္ကျီလှူဒါန်းခြင်း
အခမ်းအနား)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၆၁)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ ဟင်းချက်ရအောင်
၁၁း၄၀ လူတိုင်းအခွန်ပေး
ဆိုင်တိုင်းအခွန်ကောက်ခံ
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နက္ခတ်ပညာရှင် ဂျန်းယောလ်ရှိုလ်"
(အပိုင်း-၄၅)
၁၂း၃၅ အနုပညာမိုးကောင်းကင်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို"
(အပိုင်း-၁၄)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သူပေးတဲ့ ကတိစကား"
(အပိုင်း-၁၅)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို"
(အပိုင်း-၁၅)
၈း၀၀ MRTV-4 သတင်း
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၆၂)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နက္ခတ်ပညာရှင် ဂျန်းယောလ်ရှိုလ်"
(အပိုင်း-၄၆)
၉း၅၀ အနုပညာမိုးကောင်းကင်
၁၀း၁၀ Let's Talk
၁၀း၄၅ MRTV-4 Stage
၁၁း၁၀ World of Knowledge
(Don't Tell My Mother
Indonesia)

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၆ မေတ္တာပို့
၇း၂၁ ဓမ္မပူဇာတေး
၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၄၅ ဇာတ်လမ်းတို
၉း၁၅ သူနှင့်သူ၏သီချင်းများ
၉း၃၅ အမှတ်တရနေ့ရက်လေးများ
၁၀း၁၀ Made In Myanmar
၁၀း၂၅ သာယာသီကြွေး
ခေတ်ဆန်းတေး
၁၀း၃၅ Journal Talk
၁၀း၅၀ သီချင်းလက်ဆောင်
၁၁း၂၅ ကျန်းမာသုတ
၁၁း၄၀ Sport Review
၁၂း၀၀ ခရီးလည်းသွားစကားလည်းဆို
၁၂း၂၅ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
၄း၂၅ ရွှေဟောင်းသုတ
၄း၄၀ သာယာသီကြွေးခေတ်ဆန်းတေး
၄း၅၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၅း၁၀ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အယ်ဒါနာ
အပိုင်း(၄၅)
၆း၁၅ Top Magic
၆း၃၅ Meet With The
Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ချစ်သူတို့စိတ်ဝမ်း
အေးချမ်းပါစေ
အပိုင်း(၅၄)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ရယ်စရာပျော်စရာဟာသကမ္ဘာ
-မြဝတီရုပ်မြင်သံကြားသတင်း
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ရင်နှင့်အောင်ချစ်ရသူ
အပိုင်း(၂၂)

## mitv

07:26 Around The Maha Boditahtaung
07:39 Family of Toys
08:26 Back To A Paradise (Ep-1)
09:26 Kayin Child Boxer
09:37 Lawka Nandar Wildlife Sanctuary
And Its Rare Star Tortoises
10:26 Shwe Bo Township Bearing Five Names
07:26 Wonderful Indonesia
07:53 Myanmar Harpist
08:26 Myanmar Sculpture-Work of Art
08:42 Up Against The Tide

# ကိုးနှစ်ပြည့်အတွက် သီချင်းသစ်ဖန်တီးထားသည့် Girls' Generation



တောင်ကိုရီးယားအမျိုးသမီး ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် Girls' Generation အဖွဲ့က မကြာမီ ကျရောက်လာမည့် အဖွဲ့၏ ကိုးနှစ်ပြည့် နှစ်ပတ်လည်အတွက် သီချင်းသစ်တစ်ပုဒ်ကို စီစဉ်လျက်ရှိနေကြောင်း သိရသည်။

ယင်းသို့စီစဉ်ရခြင်းမှာ Girls' Generation အဖွဲ့ကို အစဉ်တစိုက် အားပေးလာခဲ့သည့် ပရိသတ်များအား ဂုဏ်ပြုသည့်အနေဖြင့် စီစဉ်ရခြင်းဖြစ်ပြီး သီချင်းအမည်ကို That Summer (0805) ဟု အမည်ပေးထားသည်။ အဆိုပါသီချင်းကို အဖွဲ့ဝင် ဆူးယောင်းက ရေးစပ်သီကုံးထားခြင်းဖြစ်ပြီး ယင်းသီချင်းဖြင့် Girls' Generation အဖွဲ့၏ ပရိသတ်များအပေါ် လေးစားမှုကို ပြသနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။ ထို့ပြင် အဆိုပါသီချင်းသစ်သည် ၂၀၁၅ ခုနှစ်က ထွက်ရှိခဲ့သည့် ပဉ္စမမြောက် Lion Heart အယ်လ်ဘမ်အပြီး ပထမဆုံးသော အဖွဲ့လိုက်ထွက်ပေါ်ခဲ့သည့် သီချင်းသစ်တစ်ပုဒ်လည်းဖြစ်သည်။

# ၁၈ နာရီအတွင်း ပရိသတ် ၁၀ သန်းကျော်အားပေးခဲ့သည့် BIGBANG ၏ဇာတ်ကားသစ်

ဆယ်ကျော်သက်အမျိုးသမီးပရိသတ်များ အထူးအားပေးကြသည့် တောင်ကိုရီးယားအမျိုးသားကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် BIGBANG အဖွဲ့ ရိုက်ကူးထားသည့် BIGBANG MADE အမည်ရှိ ဇာတ်ကားသစ်သည် စတင်လွှင့်တင်ပြီး ၁၈ နာရီအတွင်း ကြည့်ရှုသူ ၁၀ သန်း ကျော်ရရှိခဲ့ကြောင်း သိရသည်။

BIGBANG အဖွဲ့အနေဖြင့် အဆိုပါဇာတ်ကားသစ်ကို (၁၀)နှစ်ပြည့် နှစ်ပတ်လည်အမှတ်တရအဖြစ် ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ပြီး ယင်းဇာတ်ကားသစ်ကို တရုတ်အွန်လိုင်းဗီဒီယိုဝက်ဘ်ဆိုက်တွင် ဇူလိုင် ၂၅ ရက်ညပိုင်းက လွှင့်တင်ခဲ့ပြီး သုံးနာရီအကြာတွင် ကြည့်ရှုသူ ရှစ်သန်းကျော်ရှိခဲ့ပြီး ၁၈ နာရီအကြာတွင် ကြည့်ရှုသူ ၁၀၂၄၀၀၀၀ နှင့် ပြန်လည်ကြည့်ရှုသူ ၁၈၅၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ BIGBANG MADE ဇာတ်ကားကို ကိုရီးယားနိုင်ငံတွင် ဇွန် ၃၀ ရက်က စတင်ပြသခဲ့ပြီး ကြည့်ရှုသူ ငါးသောင်းကျော်ရှိခဲ့ကြောင်း သိရသည်။

BIGBANG အဖွဲ့သည် ၎င်းတို့အဖွဲ့၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားအဖြစ် BIGBANG The Concert-0.TO.10 အမည်ရှိ ဂီတဖျော်ဖြေပွဲကို ဩဂုတ် ၂၀ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။





# iHeartRadio Music Festival တွင် ဖျော်ဖြေမည့် ဘရစ်တနီစပီးယား

iHeartRadio Music Festival အခမ်းအနားတွင် ပေါ့ပ်ဂွေကြယ်ပွင့် ဘရစ်တနီစပီးယား အပါအဝင် အခြားတေးသံရှင်များဖြစ်ကြသည့် Drake၊ Ariana Grande၊ Usher၊ Pitbull နှင့် Sia တို့က ပါဝင်ဖျော်ဖြေသွားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ iHeartRadio Music Festival ကို ၂၀၁၁ ခုနှစ်မှစတင်ကာ အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် Paradise မြို့ရှိ MGM Grand Garden Arena တွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ကျင်းပခဲ့သည်။

ယခုနှစ်အတွက် အဆိုပါပွဲတော်ကို စက်တင်ဘာ ၂၄ နှင့် ၂၅ ရက်များတွင် ကျင်းပသွားမည်ဖြစ်ပြီး ကြည့်ရှုခွင့်လက်မှတ်များကို ကြိုတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင်-စုစည်းရေးသားသည်**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်(ရွှေဈေး) ၈၃၅၀၀၀ - ၈၃၅၀၀၀၊ မန္တလေး(ရွှေဈေး) ၈၃၄၅၀၀ - ၈၃၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
| --- | --- | --- | --- |
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၆၀ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၄၀/ ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၄၅/၅၆၀ ကျပ်၊ | ၆၁၀/၆၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၉၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၈၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၂၃ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၄၅၀ ကျပ်

**၁၈-၇-၂၀၁၆ ရက်နေ့မှ ၂၂-၇-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၆၈ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၉၃ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
| --- | --- | --- | --- |
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၀၀. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၇. ၂၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၃. ၇၇၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၈၉. ၈၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၅၆၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၂၆. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၃. ၅၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၄. ၀၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၆၉. ၂၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်
သတ်မှတ်ရည်ညွှန်းနှုန်း**



© AFP/Getty Images

# ချယ်လ်ဆီး၊ နာပိုလီတို့မှ ခေါ်ယူရန် စိတ်ဝင်စားခံနေရကြောင်း တီဗက်ဇ်ဝန်ခံ

ချယ်လ်ဆီးအသင်းသည် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကို ထပ်မံရှာဖွေလျက်ရှိရာ ဘိုကာဂျူနီယာတိုက်စစ်မှူး တီဗက်ဇ်ကို လာရောက်ချိတ်ဆက်လျက်ရှိနေကြောင်း တီဗက်ဇ်က ထုတ်ဖော်ပြောကြားလိုက်သည်။ တီဗက်ဇ်သည် ပရီမီယာလိဂ် ကလပ်အသင်းများဖြစ်သည့် ဝက်စ်ဟမ်း၊ မန်ယူနှင့် မန်စီးတီးအသင်းတို့တွင် ကစားခဲ့ဖူးပြီး ချယ်လ်ဆီးမှ ဆက်သွယ်နေသော်လည်း သူ၏ ယခင်ဆုံးဖြတ်ချက်အတိုင်း အာဂျင်တီးနားမြေတွင်သာ ကစားသမားဘဝ အဆုံးသတ်သွားမည်ဖြစ်ကြောင်း ဆိုသည်။

တီဗက်ဇ်သည် လက်ရှိ ချယ်လ်ဆီးနည်းပြ ကွန်တီနှင့် ဂျူဗင်တပ်တွင် နှစ်နှစ်တာလက်တွဲခဲ့ဖူးပြီး ကွန်တီက တပည့်ဟောင်း တီဗက်ဇ်အား ချယ်လ်ဆီးသို့ ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

"ကျွန်တော့်ကို ချယ်လ်ဆီးနဲ့ နာပိုလီတို့က စိတ်ဝင်စားနေတယ်ဆိုတာ အမှန်ပါပဲ။ ဒါပေမယ့် ကျွန်တော်နဂိုကတည်းက ဆုံးဖြတ်ထားတဲ့အတိုင်း ကျွန်တော့်ရဲ့ လူငယ်ဘဝ ကလပ်အသင်း ဘိုကာဂျူနီယာမှာပဲ ကစားသမားဘဝကနေ အနားယူတဲ့အထိ ကစားသွားမှာဖြစ်ပါတယ်"ဟု တီဗက်ဇ်က ကတိပြုစကားဆိုလိုက်သည်။

အင်္ဂလန်ကလပ်အသင်းများသည် ရုပ်သံထုတ်လွှင့်ခကြေး စာချုပ်သစ်မှ ပေါင်ဘီလီယံပေါင်းများစွာ ရရှိထားသောကြောင့် အခြားနိုင်ငံကလပ်အသင်းများထက် ဘဏ္ဍာရေးအင်အား ပိုမိုတောင့်တင်းနေလျက်ရှိရာ ကွန်တီက ထိပ်တန်းတိုက်စစ်မှူး တစ်ဦးကို ဆက်လက်ခေါ်ယူရန် လိုလားလျက်ရှိသည်။ အစောပိုင်းတွင် ဟီဂူအင်နှင့် ကာဗာနီတို့နှစ်ဦးထဲမှ တစ်ဦးကိုခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း ၎င်းတို့နှစ်ဦးအား ရရှိရန်မှာမဖြစ်နိုင်ဘဲ ဟီဂူအင်က ဂျူဗင်တပ်သို့ ပေါင်၇၅သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီခဲ့ပြီးဖြစ်သည့်အပြင် ကာဗာနီသည်လည်း ပီအက်စ်ဂျီတွင်သာ ဆက်ရှိနေမည်ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

ယင်းနောက် အဲဗာတန်တိုက်စစ်မှူး လူကာကူနှင့် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး မိုရာတာတို့ကို ကမ်းလှမ်းခဲ့သော်လည်း အဲဗာတန်အသင်းသည် လူကာကူအတွက် ပြောင်းရွှေ့ကြေးပေါင် သန်း ၇၀ အထက်သာရရှိလိုကြောင်း အကြောင်းပြန်ခဲ့သည့်အပြင် မိုရာတာအား ပေါင် ၆၃ သန်းဖြင့် ကမ်းလှမ်းခဲ့သည်ကိုပင် ရီးယဲလ်မက်ဒရစ်ဘက်မှ ပယ်ချခဲ့ရာ ကွန်တီက တီဗက်ဇ် ဘက်လှည့်ရန်စဉ်းစားလာခြင်းဖြစ်သည်။ ကွန်တီသည် လက်ရှိတွင် လူငယ်တိုက်စစ်မှူး ဘက်ရှူယာရီကို ခေါ်ယူထားပြီးဖြစ်သော်လည်း အဓိက တိုက်စစ်မှူး ကော်စတာမှာ အက်သလက်တီကိုသို့ ပြောင်းရွှေ့ရန် တောက်လျှောက်ကြိုးပမ်းနေခြင်းကြောင့် တိုက်စစ်အင်အား ထပ်မံဖြည့်တင်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ပရီမီယာလိဂ် ရာသီသစ်စတင်ရန် သုံးပတ်ကျော်လိုနေသည့်အချိန်တွင် ချယ်လ်ဆီးအသင်းအနေဖြင့် ကစားသမားသစ်လေးဦးကို ထပ်မံခေါ်ယူရန် ကြိုးပမ်းနေသော်လည်း အသင်းတိုင်းလှုပ်ရှားနေသည့် အပြောင်းအရွှေ့ဈေးကွက်တွင် လိုချင်သည့် ကစားသမားများကို ခေါ်ယူရန် ခက်ခဲနေခြင်းဖြစ်သည်။ ဗဟိုခံစစ်နေရာအတွက် နာပိုလီနောက်ခံလူ ကူလီဘာလီကို ချိတ်ဆက်နေသော်လည်း ကူလီဘာလီအား အဲဗာတန်နှင့် ဂျူဗင်တပ်တို့မှလည်း အလိုရှိနေသလို လက်ရှိကလပ် နာပိုလီကလည်းစာချုပ်သစ် ထပ်မံချုပ်ဆိုရန် ကမ်းလှမ်းထားသည်ဟု ကစားသမား၏ ကိုယ်စားလှယ် ဆာတင်က အတည်ပြုခဲ့ပြီးဖြစ်သည်။ သို့သော် ကူလီဘာလီက နာပိုလီနှင့် စာချုပ်သစ်ချုပ်ဆိုရန် ရည်ရွယ်ချက်မရှိဘဲ အသင်းပြောင်းရွှေ့ကစားရန်သာ ဆုံးဖြတ်ထားပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့မည်ဆိုသည်ကို ယတိပြတ်အဖြေမပေးသေးရခြင်းဖြစ်သည်။

**(မေလွဲ့သင်း)**

# လူထုစုပေါင်း စက်ဘီးစီးပွဲများ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်သည် စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထု စိတ်ပါဝင်စားလာစေရန် စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးစီးအားကစားသမားများ ပေါ်ထွက်လာစေရန်၊ လေထုညစ်ညမ်းမှုကိုကာကွယ်ရန်နှင့် စက်သုံးဆီ ခြိုးခြံချွေတာနိုင်ရန် ရည်ရွယ်၍ ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာမြို့များတွင် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲများကို ဇူလိုင် ၃၁ ရက် နံနက် ၆ နာရီတွင် ကျင်းပမည်ဖြစ်ပြီး အသက်အရွယ်မရွေး မည်သည့်စက်ဘီးအမျိုးအစားမဆို ပါဝင်စီးနင်းနိုင်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# ဂျိုးအယ်လ်လန်းအား စတုတ်စီးတီးအသင်းခေါ်ယူ




စတုတ်စီးတီးအသင်းသည် လီဗာပူးအသင်းမှ ဝေလကွင်းလယ်ကစားသမား ဂျိုးအယ်လ်လန်းအား ပြောင်းရွှေ့ကြေးပေါင် ၁၃ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိကွင်းလယ်ကစားသမား ဂျိုးအယ်လ်လန်းသည် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ် ကျန်ရှိနေသေးသော်လည်း စတုတ်စီးတီးအသင်းသို့ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့သွားခဲ့သည်။

ကွင်းလယ်ကစားသမား ဂျိုးအယ်လ်လန်းသည် ယခုအပြောင်းအရွှေ့ကာလတွင် စတုတ်စီးတီးအသင်း၏ ဒုတိယမြောက်ကစားသမားခေါ်ယူမှုဖြစ်ပြီး အီဂျစ်တောင်ပံကစားသမား ဆော့ဘီကိုလည်း ခေါ်ယူထားခဲ့ပြီးဖြစ်သည်။ ကွင်းလယ်ကစားသမား ဂျိုးအယ်လ်လန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက လီဗာပူးအသင်းနှင့်အတူ ပရီမီယာလိဂ် ပွဲစဉ်ရှစ်ပွဲသာ ပွဲထွက်ကစားခဲ့ရသော်လည်း ယူရို ၂၀၁၆ ပြိုင်ပွဲတွင်မူ ဝေလအသင်းအား ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ဂျိုးအယ်လ်လန်းအား ဆွမ်ဆီးအသင်းက ပေါင်ရှစ်သန်းဖြင့် ကမ်းလှမ်းလာမှုကို လီဗာပူးအသင်းအနေဖြင့် ငြင်းဆိုခဲ့သော်လည်း လက်ရှိတွင်မူ ဂျိုးအယ်လ်လန်းသည် စတုတ်စီးတီးအသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

**(ငွေကြယ်)**

# ပေါ့ဘာနေရာတွင် မာတစ်ဖြင့် အစားထိုးရန် ဂျူဗင်တပ်ကြိုးပမ်း




ဂျူဗင်တပ်အသင်းသည် အားထားရသည့် ကွင်းလယ်လူ ပေါလ်ပေါ့ဘာအား ဆုံးရှုံးရန် သေချာသလောက်ရှိနေသည့်အတွက် ပေါ့ဘာ၏နေရာတွင် ချယ်လ်ဆီးကွင်းလယ်လူမာတစ်ဖြင့် အစားထိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ ဂျူဗင်တပ်သည် ပေါ့ဘာအား မန်ယူသို့ ရောင်းချလျှင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ ရရှိမည်ဖြစ်ရာ ပေါ့ဘာအား ရောင်းချခြင်းမှ ရရှိသည့်ငွေဖြင့် နာပိုလီတိုက်စစ်မှူး ဟီဂူအင်နှင့် ကွင်းလယ်လူမာတစ်တို့ဖြင့် ပြန်လည်ဖြည့်ဆည်းရန် အားထုတ်လာခြင်းဖြစ်သည်။ မာတစ်ဘက်ကလည်း ချယ်လ်ဆီးအသင်းသည် ကန်တီအားခေါ်ယူထားခဲ့ပြီးဖြစ်သောကြောင့် ပွဲထွက်ကစားခွင့်ဆုံးရှုံးရန် သေချာသလောက်ရှိနေရာ အသင်းသစ်တစ်သင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသည်။ သို့သော် နည်းပြသစ် ကွန်တီက မာတစ်အား အသင်းနှင့် ဆက်လက်ပူးပေါင်းရန် လိုလားနေပြီး ရောင်းချရန်ဆန္ဒမရှိကြောင်း သိရသည်။

**(မေလွဲ့သင်း)**

# ဂတ်ဘရီးဂျီးဆပ်အား ယူရို ၃၈ သန်းပေး၍ခေါ်ယူရန် မန်ယူစီစဉ်




မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် ဘရာဇီးကြယ်ပွင့်ဂတ်ဘရီးဂျီးဆပ်အား အမြင့်ဆုံးဈေးနှုန်းပေး၍ ခေါ်ယူရန်ပြင်ဆင်လျက်ရှိသော်လည်း ဂတ်ဘရီးဂျီးဆပ်သည် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ၏ ကမ်းလှမ်းမှုကိုလည်းခံထားရကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းသည် ဂတ်ဘရီးဂျီးဆပ်ကို ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးယူရို ၃၈ သန်း (ပေါင် ၃၁ ဒသမ ၈ သန်း) ပေး၍ ခေါ်ယူရန်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်းလည်း သိရသည်။ ထို့ကြောင့် မန်စီးတီးအသင်းကလည်း ဂတ်ဘရီးဂျီးဆပ်အား ယူရို ၃၂ သန်း (ပေါင် ၂၆ ဒသမ ၈ သန်း)ပေး၍ ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည်။

မန်ယူအသင်းသည် ဂတ်ဘရီးဂျီးဆပ်ကို ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည့်အပြင် ဂျူဗင်တပ်အသင်းနှင့် အီတလီအသင်းတို့၏ နောက်တန်းကစားသမား ဘိုနျူစီကိုလည်း ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ပေး၍ ခေါ်ယူရန် ပြင်ဆင်လျက်ရှိပြီး လက်ရှိတွင် ဘိုနျူစီအား ခေါ်ယူနိုင်ရန်အတွက် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ အပြိုင်ကြိုးပမ်းနေရသည်။ **(ငွေကြယ်)**

# လူအန်ကို ခေါ်ယူရန် လက်စတာ ပစ်မှတ်ထားနေ

ဘရာဇီးကလပ် ဂရီမီယိုအသင်း လူငယ်ကစားသမား လူအန်ကို ခေါ်ယူရန် ပရီမီယာလိဂ် ချန်ပီယံလက်စတာအသင်းမှ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ လူအန်သည် နေမာ၊ ဂါဘရီယယ် ဂျီးဆပ်ဇ်နှင့် ဂါဘီဂေါလ်တို့ရှိနေသည့် ဘရာဇီးအသင်းသုံးပွင့်ဆိုင်တိုက်စစ်တွင် ထပ်တိုးရွေးချယ်ခံရသည့် တိုက်စစ်မှူး တစ်ဦးဖြစ်ပြီး "အံ့ဖွယ်သူရဲကောင်း လေးဦး"အဖြစ် ဘရာဇီးပရိသတ်များက လက်ခံထားသည်။

လူအန်သည် ၂၀၁၄ ခုနှစ် ဘရာဇီးအသင်းတွင် စတင်ရွေးချယ်ခံခဲ့ရပြီးနောက် သူ၏ ထူးခြားသည့်ကစားဟန်ကြောင့် ဥရောပ ကလပ်အသင်းများမှ ခေါ်ယူရန် စိတ်ဝင်စားခံခဲ့ရသူဖြစ်သည်။ လူအန်သည် ကိုယ်တိုင်ဂိုးသွင်းယူနိုင်သလို ဂိုးဖန်တီးမှုအပိုင်းနှင့် ပင်နယ်တီဧရိယာအတွင်း နေရာလွတ်များရရှိအောင် တိုးအားကောင်းကောင်းဖြင့် လှုပ်ရှားနိုင်သည့်အပိုင်းတွင်ပါ ကမ္ဘာ့ထိပ်တန်း အရည်အသွေးရှိသူဖြစ်သည်။ ထို့ကြောင့် လက်စတာအနေဖြင့် လူအန်အားရရှိရန် ဥရောပအသင်းကြီးများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကစားသမားကိုယ်တိုင်ကမူ လာမည့်ဩဂုတ်လ ဘရာဇီးမြေတွင် ကျင်းပမည့် ရီယို အိုလံပစ်ပြိုင်ပွဲအတွက်သာ အာရုံစိုက်ထားကြောင်း တုံ့ပြန်ခဲ့သည်။

**မေလွဲ့သင်း**

# TNLA အဖွဲ့၏ အဓမ္မ လူသစ်စု ဆက်ကြေးကောက်ခံခြင်းများကြောင့် ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရ

**နေပြည်တော် ဇူလိုင် ၂၆**

TNLA အဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိ ဂျိုကာဦးစီး အင်အား ၃၀ ခန့်သည် ဇူလိုင် ၂၅ ရက် ည ၇ နာရီခန့်က မိုးကုတ်မြို့နယ် ပိန်းပြစ်(အထက်)ကျေးရွာသို့ ဝင်ရောက်၍ ဆန်နှင့် စားသောက်ဖွယ်ရာများ တောင်းယူကာ ကလေး၊ လူငယ် ရွာသား ၂၅ ဦးအား အတင်းအဓမ္မခေါ်ဆောင်ပြီး ရွာအစွန်၌ လုံခြုံရေးယူထားသော ရဲကင်းအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည်။

အဆိုပါအဖွဲ့သည် ယင်းနေ့ည ၁၀ နာရီခန့်တွင် စုစည်းအင်အား ၆၀ ခန့်ဖြင့် ဟိုဝိတ်ကျေးရွာ၊ ဝက်ဘာကျေးရွာ၊ ကျောင်းခမ်းကျေးရွာများသို့ ထပ်မံဝင်ရောက်ကာ ကျေးရွာအုပ်ချုပ်ရေးမှူး သုံးဦးနှင့် ရွာသား ကိုးဦးအား ထပ်မံဖမ်းဆီးခေါ်ဆောင်သွားရာမှ အုပ်ချုပ်ရေးမှူး တစ်ဦးနှင့် ရွာသား ခြောက်ဦး ပြန်လည်ထွက်ပြေး လွတ်မြောက်လာကြောင်း သိရသည်။


TNLA အဖွဲ့သည် ဇွန် ၂၄ ရက် မွန်းလွဲပိုင်းကလည်း မိုးကုတ်မြို့နယ် ပိန်းပြစ်(အထက်) ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ဖုန်းဖြင့်ဆက်သွယ်၍ လူသစ် ၁၂ ဦး၊ ပိန်းပြစ်(အောက်ရွာ)မှ လူသစ် ၂၁ ဦးနှင့် ဆက်ကြေးငွေ ကျပ်သိန်း ၄၀ အား ပါလိုင်ကျေးရွာသို့ အမြန်လာရောက်ပေးပို့ရန် ခြိမ်းခြောက်အကြောင်းကြားခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ TNLA အဖွဲ့၏ အဓမ္မလူသစ်စုဆောင်းမှုကြောင့် ဇူလိုင် ၂၅ ရက် ညပိုင်းမှ ၂၆ ရက်အထိ ပိန်းပြစ်(အထက်)ကျေးရွာမှ တိမ်းရှောင်လာသော ဒေသခံပြည်သူအိမ်ထောင်စု ၂၇ စု၊ ကျား ၂၅ ဦး၊ မ ၂၈ ဦး၊ ကလေး ၃၉ ဦး စုစုပေါင်း ၉၂ ဦးတို့အား မိုးကုတ်မြို့နယ် ရှောလီဝိုင်းအုပ်စု အရှေ့ရွာဘုန်းတော်ကြီးကျောင်းတွင် ခေတ္တနေရာချထားပေးပြီး ယင်းဒေသခံပြည်သူများအား နယ်မြေခံတပ်မှ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကူညီစောင့်ရှောက်လျက်ရှိကာ ၎င်းတို့နှင့်နီးစပ်ရာ ဆွေမျိုးများ၊ စေတနာရှင်များနှင့် အရှေ့ရွာ ဘုန်းတော်ကြီးကျောင်းတို့မှလည်း စားသောက်ဖွယ်ရာများ ကူညီပေးအပ်ထားကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် (၁၀၅) မိုင်အနီး မိုင်းယုကျေးရွာသို့ ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီခွဲခန့်တွင် TNLA အဖွဲ့မှ အင်အား ၁၀ ဦးခန့်သည် အရပ်ဝတ်ဖြင့် မော်တော်ယာဉ်(ငယ်) နှစ်စီး၊ ဆိုင်ကယ် သုံးစီးဖြင့် ကျေးရွာအတွင်းရှိ ဦးမောင်ဆိုင်အိမ်အတွင်း ဝင်ရောက်လာပြီး ဦးမောင်ဆိုင်အပါအဝင် ဦးညီလုပ်၊ ဦးညီခန့်၊ မောင်ကျော်ကျော်ထွေး၊ ဒေါ်ဆေးဆိ၊ ဒေါ်ယုံ၊ ဒေါ်ထွန်း စုစုပေါင်း ခုနစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကာ ၎င်းရွာ၏ အနောက်ဘက်ကွင်းရှောင်လမ်းအတိုင်း ထွက်ခွာခဲ့ရာ ညနေ ၅ နာရီခွဲခန့်တွင် တောင်ယာကွင်းသို့ ရောက်ရှိပြီး ပလောင်တိုင်းရင်းသား ဦးအိုက်မြတ်၊ ဦးအိုက်ရီ၊ ဦးအိုက်ကျန်၊ ဦးအောင်ဖေနှင့် ဦးယီလုံတို့ ငါးဦးအား ထပ်မံဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

TNLA အဖွဲ့မှ လူသစ်စုဆောင်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် အဆိုပါဖြစ်စဉ် ဖြစ်ပွားသည့် မြို့နယ်၊ ကျေးရွာများနှင့် ပတ်ဝန်းကျင်နေရာများသို့ တပ်မတော်စစ်ကြောင်းများက ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




TNLA အဖွဲ့က မိုးကုတ်မြို့နယ်အတွင်း ရွာသားများအား ဖမ်းဆီးသည့် နေရာပြမြေပုံ။

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**

မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၅ ရက်က တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဝေဇယန္တာလမ်းမပေါ်ရှိ မင်းလမ်း ရခိုင်မုန့်တီဆိုင်အနီးတွင် တွေ့ရှိသူ မနန်းခမ်းမတ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း၊ အလားတူ ဇူလိုင် ၂၄ ရက်က ကျိုင်းတုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် ပုံခေ့ကျေးရွာနှင့် ပုံတီကျေးရွာကြားလယ်တဲတွင်တွေ့ရှိသူ သန်းစိုးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၁ ပြားနှင့် အရိုးအသွားကိုးလက်မခန့်ရှိ ဓားတစ်ချောင်းတို့ကို လည်းကောင်း၊ ထို့အတူ ဇူလိုင် ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် လားရှိုးမြို့မှ မန္တလေးမြို့သို့ ကံကောင်း မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၅ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



မနန်းခမ်းမတ်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# လေဆိပ်၌ ပိုင်ရှင်မဲ့တွေ့ရှိသည့် ကျောပိုးအိတ်အား ပိုင်ရှင်ထံပြန်လည်အပ်နှံ

**နေပြည်တော် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဇူလိုင် ၂၅ ရက် ည ၇ နာရီခွဲက လုံခြုံရေးတာဝန်ဆောင်ရွက်နေသော လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များသည် အဆိုပါလေဆိပ် (Terminal-2) ပြည်ပဆိုက်ရောက်ဆောင် X-Ray စက်အနီး၌ အနက်ရောင် ကျောပိုးအိတ် တစ်လုံးအား ပိုင်ရှင်မဲ့တွေ့ရှိရသဖြင့် သက်သေများနှင့်အတူ ဖွင့်ဖောက်စစ်ဆေးရာ ကျောပိုးအိတ်အတွင်းမှ လက်ကိုင်ဖုန်း သုံးလုံး၊ ဂျပန်ယန်းငွေ ၁၀၀၀၀ တန် ၁၈ ရွက်၊ အမေရိကန် ဒေါ်လာ ၆၁၆၀ တို့အား တွေ့ရှိရ၍ ပိုင်ရှင်အား လိုက်လံစုံစမ်းရှာဖွေခဲ့သည်။



ထိုသို့ စုံစမ်းနေစဉ် ဇူလိုင် ၂၆ ရက် နံနက် ၁ နာရီ ၄၅ မိနစ်က ဧည့်လမ်းညွှန်ဖြစ်သူ ဦးသန့်အောင်ခိုင်နှင့် ဂျပန်နိုင်ငံသား Mr.Hachiya Akira တို့ ရောက်ရှိလာပြီး လေဆိပ် X-Ray စက်၌ ဖြတ်သန်းစစ်ဆေးခံစဉ် ကျောပိုးအိတ်တစ်လုံး မေ့ကျန်ခဲ့ကြောင်းနှင့် လာရောက်ရှာဖွေခြင်းဖြစ်ကြောင်း သိရှိရ၍ စိစစ်ပြီး ပိုင်ရှင်သို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**


## ကယားပြည်နယ်(အရပ်ဟံ)မွှာရုံ
## စတုတ္ထအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီဝင်းအတွင်းရှိ ကယားပြည်နယ်(အရပ်ဟံ)မွှာရုံကြီးတွင် စတုတ္ထအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ကယားပြည်နယ်သူ၊ ပြည်နယ်သားများ၊ ကယားပြည်နယ်တွင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ကျောင်းသူ၊ ကျောင်းသားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်
၃၁-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့)

အချိန် - ၉း၃၀နာရီ ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် တရားတော်နာယူခြင်း
၁၀း၃၀နာရီ ဆွမ်းဆက်ကပ်ခြင်းနှင့်ဧည့်ခံကျွေးမွေးခြင်း၊

(သင်္ကန်းတစ်စုံလျှင်-၅၀၀၀နှုန်းဖြင့် ကိုယ်တိုင်လှူဒါန်းနိုင်ရန် စီစဉ်ထားပါသည်။)

ဂေါပကအဖွဲ့



## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခုတင်(၁၀၀)နှင့်အောက် ခရိုင်၊ မြို့နယ် နှင့်တိုက်နယ်ဆေးရုံများတွင် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြု(ဆေးဝါး၊ ဓာတ်ခွဲ၊ ဓာတ်မှန်ဆိုင်ရာဆေးပစ္စည်းများ) ကိုမြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ (က) တင်ဒါပုံစံရောင်းချမည့်ရက်-၃-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)
(ခ) တင်ဒါပိတ်မည့်ရက်၊ အချိန်-၂-၉-၂၀၁၆ရက် (သောကြာနေ့) ၁၆း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါအသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၅၅၇၃၆၂၊ ၀၁-၄၃၀၂၆၈သို့ဖြစ်စေ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကုသရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး



ASIA KING 0943114301,09420221257
SPECIAL TRIP
(ဆမင်းဈေး) 50000
(ဆမင်းဈေး) 35000
August 12



ညီးစိမ်မင်း 09-421094821, 09-972731138
(ဆမင်းဈေး) 50000
(ဆမင်းဈေး) 35000
August 12



ဆရာကြီး ဦးဝမ်ထိန် ရေးသားပြုစုသည့်....
ပတ္တမြားရှေ့ရှည် စာစီစာကုံးများ
(စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါပြီ။)
ထွက်ပြီ



IGCSE Secondary 1, 2, 3, 4
Year 8, 9, 10, 11
Eng, Maths, Phy, Chem, Bio, ICT, Business, Accounting
ဆရာ ဦးလှမြင့်ဦး(ပိုင်ဓေ) 09 73177816, 09 795888783



## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၄)သူရတပ်ခွဲ ကျောင်းဆင်းအရာရှိများ(ရန်ကုန်) မိသားစုများအနေဖြင့် ကျဆုံး/ကွယ်လွန်သွားကြသော ဗသက(၈၄) ကျောင်းဆင်းအရာရှိများအားရည်စူး၍ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်း၊ သုမင်္ဂလာအိမ်ရာ၊ အောင်မြေရတနာ စာသင်တိုက်ရှိ ပဓာနနာယကဆရာတော် ဦးခေမာစာရအား အမှူးထား၍ ဆရာတော်၊ သံဃာတော်(၅၀)ပါးအား ၂၄-၇-၂၀၁၆(တနင်္ဂနွေနေ့)တွင် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့အား ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီးဖြစ်ပါ၍ ကျန်ရစ်သူမိသားစုများနှင့်အတူ ကျောင်းဆင်းအရာရှိ မိသားစုများအားလုံး သာဓုခေါ်ဆိုနိုင်ကြပါရန် အသိပေးဝေမျှအပ်ပါသည်။

ဗသက(၈၄)၊ ရန်ကုန်

# ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများကြား ပွဲစားများကြောင့် ပြဿနာဖြစ်ပွားနေဟုဆို

**ရေး ဇူလိုင် ၂၆**
မွန်ပြည်နယ် ရေးမြို့နယ် ဒေသအတွင်း ရေလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိသော အစင်၊ ဇီးဖြူသောင်၊ ဓမင်းဆိပ်၊ ကုလားကုတ်၊ အံဒင်ငါးမျှားစခန်း၊ ကဗျာ၀၊ အဘော်ကျားတန်းတို့သည် ရေလုပ်ငန်း ပိုမိုလုပ်ကိုင်ကြသည့်ဒေသများဖြစ်ကြပြီး ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများအကြား အငြင်းပွားမှုများတွင် ကြားပွဲစားများကြောင့် ပိုမိုဖြစ်ပွားနေကြောင်း အဘော်ကျားတန်း ပတ္တမြားတန်း ရေလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးမြင့်သန်းက ပြောသည်။

"အဓိကတော့ လုပ်ငန်းခွင်က ကျယ်ပြန့်လာတာကြောင့် တချို့ရေလုပ်ငန်းရှင်တွေက အလုပ်သမားရှားပါးမှုနဲ့ ကြုံတွေ့ရတဲ့အခါ ပွဲစားကနေတစ်ဆင့်ရှာဖွေရာတွင် လုပ်သားများမှာ ကျွမ်းကျင်မှု မရှိဘဲ ပင်လယ်ငါးဖမ်း လုပ်ငန်းခွင်တွင် လုပ်ငန်းခွင်ထိခိုက်မှုနဲ့ကြုံတွေ့နေရတာပါ" ဟု ဦးမြင့်သန်းက ဆက်လက်ပြောကြား သည်။

လုပ်ငန်းရှင်တချို့မှာမူ ရေလုပ်သားပြဿနာများနှင့် တွေ့ကြုံမှုများပြားလာသည့်အခါ လုပ်ငန်းခွင်ကိုပါယာယီရပ်ဆိုင်းထားရချိန်တွင် လုပ်ငန်းခွင်ရှိ အလုပ်သမားများပါ လုပ်ငန်းခွင်ထိခိုက်ရ၍ ယခင်နှစ်များထက် လုပ်ငန်းခွင်ကျဆင်းလာမည်ဖြစ်ကြောင်း၊ ရေလုပ်သားများကို ကျွမ်းကျင်မှုအပေါ်တွင် မူတည်ပြီး လစာအနိမ့်ဆုံး ကျပ်၁၂၀၀၀၀ မှ ၂၅၀၀၀၀ အထိ စားစရိတ်အပြင် အကျိုးအမြတ်များပေါ်တွင် မူတည်ပြီးအပိုငွေများပါ ထပ်မံပေးဆောင်လျက်ရှိကြကြောင်း ရေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အဆိုပါ ရေးမြို့နယ်တွင် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်သည့် အဘော်ကျားတန်းတွင် ရေလုပ်ငန်းရှင် ၈၀ ခန့် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေကြပြီး အများဆုံးက ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နှင့် ဖျာပုံမြို့နယ်တို့မှ လုပ်ငန်းရှင်များသာဖြစ်ကြပြီး ပင်လယ်ငါးဖမ်းရာသီလုပ်ငန်းခွင် ရောက်ချိန်တွင် ရေလုပ်သားပျမ်းမျှ ၄၀၀၀ ခန့်က လာရောက်လုပ်ကိုင်နေကြကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**





# ဒေသတွင်းစားသုံးမှုဖူလုံစေရန် ဝါးပါးဆည်အတွင်း ငါးသားပေါက်ကောင်ရေ တစ်သိန်းစိုက်ထည့်

**သထုံ ဇူလိုင် ၂၆**
မွန်ပြည်နယ် သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသတွင်းငါးစားသုံးမှု ဖူလုံစေရန်အတွက် ငါးသားပေါက်ကောင်ရေ တစ်သိန်းကို သထုံမြို့ရှိ ဝါးပါးဆည်အတွင်းသို့ဇူလိုင် ၂၄ ရက် ညနေ ၅ နာရီက ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ စုပေါင်းကာ ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

"ဒီဆည်က ဒေသတွင်း ချောင်းမြောင်းတွေနဲ့ လယ်တွေကို စိုက်ပျိုးရေပေးတဲ့ ဆည်ဆိုတော့ ဒီကနေတစ်ဆင့် ငါးမျိုးတွေက အကုန်ရောက်တာပေ့ါ။ ဒါကြောင့် ဒီမှာနှစ်စဉ် မျိုးစိုက်ထည့်ပေးတာ၊ ဒီဆည်မှာပဲ ဒီနှစ်အတွင်း နှစ်ကြိမ်ရှိပြီး ဒီနှစ်ထဲမှာကို သထုံမြို့နယ်ထဲမှာ လယ်ကြားမြောင်းတွေနဲ့ မြစ်ချောင်းတွေမှာပါ ငါးကောင်ရေ စုစုပေါင်းနှစ်သိန်းလောက် မျိုးစိုက်ထည့်ပေးဖို့ စီစဉ်ထားပါတယ်" ဟု မွန်ပြည်နယ် ငါးလုပ်ငန်းစခန်း(သထုံ)မှ စခန်းတာဝန်ခံ ဦးစီးအရာရှိ ဦးဝင်းဗိုလ်က ပြောသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ရာတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူတို့က ငါးမြစ်ချင်း ကောင်ရေ ၈၀၀၀၀ နှင့် ငါးခုံးမကြီး ကောင်ရေ ၂၀၀၀၀ တို့ကို ဆည်အတွင်းသို့ စုပေါင်းစိုက်ထည့်ပေးခဲ့ကြသည်။

မွန်ပြည်နယ် ငါးလုပ်ငန်းစခန်း(သထုံ) အနေဖြင့် ယခုနှစ်တွင် ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးကြင်းဖြူ ငါးသိုင်းခေါင်းပွ၊ တီလားပီးယား၊ မြက်စားငါးကြင်းစသည့် ငါးသားပေါက်ကောင်ရေ ရှစ်သိန်းခန့်အား မွန်ပြည်နယ်အတွင်းရှိ လယ်ကြားမြောင်းများ၊ မြစ်ချောင်းများတွင် ဒေသတွင်းငါးမျိုးများ ပြန့်ပွားစေရေးအတွက် အခမဲ့ မျိုးစိုက်ထည့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# အိမ်မဲမြို့တွင် ကျား၊ မရေးရာ တန်းတူညီမျှရေး စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**အိမ်မဲ ဇူလိုင် ၂၆**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲက ဖန်မီးအိမ်လူမှုရေးအသင်းက ကျား၊ မရေးရာတန်းတူညီမျှရေး စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်ထွေးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဒေါ်ရီရီထွန်းတို့က အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။

ယင်းနောက် ကျား၊ မ ရေးရာ နည်းပညာအရာရှိ ကဲရ်မြန်မာမှ ဒေါ်နီလာထွန်းက အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရန်၊ လူမှုရေးမျှတမှုများရှိစေရန်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျှော့ချနိုင်ရန်၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်လာနိုင်ရန် အချက်များကို ဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် တက်ရောက်လာသူများကလည်း အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ၊ NGOများ၊ အသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာရေးများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲကို ကျား၊ မ တန်းတူညီမျှရေး အလေးထားသည့် ကောင်းမွန်သော အုပ်ချုပ်ရေးတိုးတက်လာစေရန်၊ လက်ရှိဒေသဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေးနှင့်ဒေသအတွင်းရှိ အဖွဲ့အစည်းအသီးသီးကြား ချိတ်ဆက်လုပ်ဆောင်မှုအားကောင်းစေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန် /ဆက်)**

# တိုင်းဒေသကြီး မျက်စိကုအဖွဲ့မှ မျက်စိကျန်းမာရေးစစ်ဆေးခြင်း ကွင်းဆင်းဆောင်ရွက်

**ကနီ ဇူလိုင် ၂၆**
မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်း တိုင်းဒေသကြီး(၃) ဌာနချုပ် မုံရွာမြို့ စံပြ မျက်စိကျန်းမာရေးစစ်ဆေးခြင်းအဖွဲ့မှ ဇူလိုင် ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့ သာသနာ့ဗိမာန်တော်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မျက်စိကျန်းမာရေးစစ်ဆေးခြင်းအဖွဲ့သည် ကနီမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ မျက်စိဝေဒနာရှင် ၄၀၀ ကျော်ကို မျက်စိစစ်ဆေးခြင်း၊ မျက်မှန်များ ပြုလုပ်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ယင်းမျက်စိ ကျန်းမာရေး စစ်ဆေးဆောင်ရွက်ခြင်းသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်း တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဟိတုပုညလူမှုကူညီရေးအသင်းနှင့် လူမှုရေးအဖွဲ့များမှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ဟိတုပုညလူမှုကူညီရေးအသင်းကကျေးရွာများမှမျက်စိလာရောက်ပြသကြသောသူများကို ထမင်းဘူးများ ပေးဝေခဲ့ကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဝက်လက်မြို့နယ်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

**ဝက်လက် ဇူလိုင် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများလိုက်ပါ၍ ဇူလိုင် ၂၂ ရက် ညနေ ၃ နာရီက ဝက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲရမည်ဖြစ်ပြီး စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ကြရမည်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုလျော့နည်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်၊ ပြည်သူတို့၏ လိုအပ်ချက်၊ ပြည်သူတို့၏ အခက်အခဲများကို ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးကြရန်ဖြစ်ပြီး မိမိတို့အနေဖြင့်လည်း တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးမဖက်ဘဲ ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**နန်းမြင့်(ဝက်လက်)**



# မီးရထားဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ လုံခြုံရေးနှင့် မှုခင်းကျဆင်းရေးအတွက် မီးရထား ဝင် ထွက် ချိန်များတွင် မူးယစ်ဆေးဝါးနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ ရှာဖွေစစ်ဆေး

**မိတ္ထီလာ ဇူလိုင် ၂၆**
မိတ္ထီလာမြို့ မီးရထားဘူတာကြီး၌ ရက် ၁၀၀ စီမံချက်ဖြင့် မီးရထားဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးရထားဖြင့် ခရီးသွားလာသည့် ပြည်သူများအား လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် မီးရထား ဝင် ထွက် ချိန်များတွင် မူးယစ်ဆေးဝါးနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများကို ဇူလိုင် ၂၄ ရက်က ရှာဖွေစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း မီးရထား ရဲတပ်ဖွဲ့ထံမှ သိရသည်။

မိတ္ထီလာဘူတာကြီးတွင် မီးရထားဖြင့် သွားလာသည့် ခရီးသွားပြည်သူများ လုံခြုံမှုနှင့် မှုခင်းကျဆင်းရေးအတွက် သာစည်-မြင်းခြံသို့ ပြေးဆွဲနေသည့် အမှတ် ၁၁၁/၁၁၂ မီးရထား ဝင် ထွက် ချိန်များတွင် မီးရထားဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့ တပ်ခွဲ(၆)၊ တပ်စု(၃) မှ တပ်ကြပ်ကြီးကျော်ဝင်း ဦးဆောင်သော မီးရထားရဲတပ်ဖွဲ့ဝင်တို့က မူးယစ်ဆေးဝါးရှာဖွေခြင်း၊ ပေါက်ကွဲစေတတ်သော မိုင်းများ ရှာဖွေစစ်ဆေးခြင်းနှင့် အတူ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေများ သိရှိနိုင်ရန်နှင့် အရေးကြုံလာပါက ဆက်သွယ်နိုင်ရန် ရဲတပ်ဖွဲ့ဝင်များ၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို ခရီးသွားပြည်သူများထံအရောက် တစ်ပတ်တစ်ကြိမ် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဝမ်းတွင်းမြို့နယ်အတွင်းရှိ ရွာဝေအင်းကန်ကြီးပြန်လည်တူးဖော်



**ဝမ်းတွင်း ဇူလိုင် ၂၆**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွာဝေကျေးရွာ အင်းကန်ကြီးကို နိုင်ငံတော်မှ ပြန်လည်တူးဖော်ပေးနေကြောင်း သိရသည်။

ရွာဝေကျေးရွာသည် ဝမ်းတွင်းမြို့၏ အနောက်မြောက် (၁၅) မိုင်ခန့်အကွာ တည်ရှိ၍ အိမ်ခြေ ၄၈၀၊ လူဦးရေ ၁၆၀၀ ကျော်နေထိုင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြပြီး အင်းကန်ကြီးသည် ရွာဝေကျေးရွာ အနောက်ဘက်ရေလည်ကွေ့ကျေးရွာနှင့် ကန်ပေါက်ကြီးကျေးရွာ တို့အား သွားရောက်သည့်လမ်းဘေးတွင် တည်ရှိသည်။

အင်းကန်ကြီးသည် အနော်ရထာမင်း လက်ထက်က တူးဖော်ခဲ့သော ကန်ဖြစ်ကြောင်း ရှေးလူကြီးများ၏ ပြောကြားမှုကြောင့်သိရပြီး ကန်သည်အလျား နှစ်မိုင်၊ အနံ တစ်မိုင်ရှိ၍ ယခင်က နှစ်စဉ် ရွာဝေနှင့် ကန်တော်ကျေးရွာနယ်မြေအတွင်းရှိ စပါးဧက ၁၄၀၀ ကျော်ကို ရေပေး စိုက်ပျိုးနိုင်သည့်အပြင် ပိုလျှံရေများကို ဗျင်ကြီးကျေးရွာနှင့် နွားလျှာရိုးကျေးရွာတို့ရှိ လယ်များကိုပါ စိုက်ပျိုးရေပေးခဲ့သည်။

ယခင်က အင်းကန်ကြီးသည် ရေသိုလှောင်နိုင်မှု အားကောင်းသဖြင့် နှစ်ပတ်လည် ရေရရှိရေးအတွက် နွေရာသီတွင် ဟင်းသီး၊ ဟင်းရွက်များ စိုက်ပျိုးနိုင်ခြင်း၊ ကန်ကျယ်ဝန်းပြီး ငါးပေါများခြင်းတို့ကြောင့် ဒေသခံများ၏ စားသောက်ရေးတွင် များစွာအထောက်အကူပြုကြောင်း၊ ကန်ကို ပြုပြင်ခြင်းမရှိသည်မှာ ကြာမြင့်ပြီဖြစ်၍ နုန်းများ မြင့်တက်လာကာ ရေသိုလှောင်မှုပမာဏ နည်းလာသည့်အတွက် ယခုအခါ စပါးဧက ၁၅၀ ခန့်သာ ရေပေးစိုက်ပျိုးနိုင်ပြီး နွေရာသီတွင် တိရစ္ဆာန်သောက်သုံးရေပါ အခက်အခဲတွေ့ကြုံနေရကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်ခန့်က တောင်သူများကလည်း သက်ဆိုင်ရာသို့တင်ပြခဲ့၍ ယခုလို အင်းကန်ကြီးကို ပြန်လည်တူးဖော်ပေးခြင်းဖြစ်ကြောင်း ရွာဝေကျေးရွာနေ ဦးမြင့်ကပြောသည်။

အင်းကန်ကြီး ရေဝင်အနေအထားမှာ ကန်ပေါက်ကြီးကျေးရွာအနီးရှိ တောင်ကြီးဝန်နှင့် နွားထိုးကြီးမြို့နယ်မှ စီးဝင်သောရေများဖြစ်ပြီး နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သန်း ၁၉၉၇ ဖြင့် စိုးမိုးသူကုမ္ပဏီမှ တာဝန်ယူ၍ ဇွန် ၂၇ ရက်မှစတင်ပြီး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ရေဝင်လမ်းကို အကျယ် ရှစ်ပေ၊ အမြင့် ငါးပေ၊ အရှည် ပေ ၁၂၆၀၀ အနေအထားဖြင့်လည်းကောင်း၊ အင်းကန်ကြီးပေါင်အနေဖြင့် အမြင့် ၁၃ ပေ၊ အကျယ် ၄၃ ပေ၊ အောက်ခြေထု ပေ ၁၂၀ အနေအထားဖြင့်လည်းကောင်း ပြုလုပ်သွားမည်ဟု သိရသည်။

ရွာဝေကျေးရွာအနေဖြင့် ဝမ်းတွင်းမြို့နှင့်လည်းကောင်း၊ ပတ်ဝန်းကျင်ကျေးရွာများနှင့်လည်းကောင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အပြင် အင်းကန်ကြီး ပြန်လည်တူးဖော်ပြီးပါက မူလလျာထားချက်အတိုင်း စပါးအပြည့်အဝစိုက်ပျိုးနိုင်ခြင်း၊ မွေးမြူရေးလုပ်ငန်းများ ကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ခြင်းတို့ကြောင့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**ဝမ်းတွင်း(ပြန်/ဆက်)**

# ဥဩကမ္ဘောဇပရဟိတအမှတ်(၁၈) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် အခြေခံစားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်လှစ်

**စစ်ကိုင်း ဇူလိုင် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ဒေသခံပြည်သူများ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရန် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် အသက်မွေးဝမ်းကျောင်းပညာပေးသင်တန်း (Vocational Training) များဖွင့်လှစ်၍ နေရာဒေသအချို့တွင် သင်တန်းများပို့ချပေးလျက်ရှိကြောင်း သိရသည်။

စိန်ကုန်းရပ်ကွက် 'ဥဩကမ္ဘောဇ' ပရဟိတအမှတ် (၁၈) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲက အရှင်ဇဝန ကျောင်းအုပ်ဆရာတော်က ဩဝါဒစကားမြွက်ကြားကာ သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည် ။

ယင်းသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၀ ကို စစ်ကိုင်းတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်က ကြီးကြပ်ကာ ဒုတိယဦးစီးမှူးဒေါ်မိုးမြင့်စံ၊ သုတေသနလက်ထောက်(၃) ဦးရဲထက်မောင်နှင့် ဒေါ်နီလာခိုင်တို့မှ အနီးကပ်သင်ကြားပို့ချလျက်ရှိပြီး ဆက်လက်၍ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းကိုလည်း ပို့ချသင်ကြားပေးသွားမည်ဟု သိရသည်။

သင်တန်းတွင် နာနတ်သီးဖျော်ရည်၊ နာနတ်ယို၊ တရုတ်ဇီးသီးဖျော်ရည်၊ သံပရာယို၊ ခရမ်းချဉ်သီးယို၊ C- Plus သစ်သီးဂျယ်လီ၊ သရက်သီးဖျော်ရည်၊ သရက်သီးယို ထုတ်လုပ်နည်းများကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ သင်ကြားပို့ချပေးခဲ့သည်။ သင်တန်းကာလမှာ ဇူလိုင် ၂၅ ရက်မှ ဇူလိုင် ၃၁ ရက်ထိဖြစ်သည်။ တခြားကျောင်းများကိုလည်း ဆက်လက်သင်ကြားပို့ချပေးနိုင်ရန် ဆောင်ရွက်နေသည်။ **(၅၃၁)**

# ကျောက်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက်ဖြင့် မှုခင်းကျဆင်းရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

**ကျောက်ပန်းတောင်း ဇူလိုင် ၂၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့နယ်ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူများ ဘေးကင်းလုံခြုံရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ လွန်ခဲ့သည့် မေ ၂၃ ရက်က ရေးဖွင့်ဆောင်ရွက်ထားရှိသည့် မြို့မရဲစခန်း (ပ)၅၅/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ-၃၈၀ အမှုနှင့် ပတ်သက်၍ ဇူလိုင် ၂၂ရက်တွင် ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အမှုဖြစ်စဉ်မှာ ၂၀၁၆ ခုနှစ် မေ ၂၃ ရက် နံနက် ၁၁ နာရီခန့်က ကျောက်ပန်းတောင်းမြို့ လွတ်လပ်ရေးရပ်ကွက် စာပေမဏ္ဍိုင်လမ်းရှိ ဒေါ်ရီရီတင်၏ နှစ်ထပ်တိုက် နေအိမ်အိပ်ခန်းတွင်း မှန်တင်ခုံအောက် အံသေတ္တာအတွင်းမှ ရွှေထည်ပစ္စည်းအချို့နှင့် ငွေကျပ် ၁၀ သိန်းကျော် ပျောက်ဆုံးခဲ့၍ မြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မစခန်းမှူးတို့၏ လမ်းညွှန်မှုဖြင့် အမှုစစ်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်လွင်နှင့် အဖွဲ့မှ စဉ်ဆက်မပြတ် စုံစမ်းမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်နေသူ မအေးအေးမြင့် ၃၀ နှစ်သည် အလုပ်အကိုင် အတည်အကျမရှိဘဲ ရပ်ကွက်အတွင်း ဆိုင်ကယ်အမျိုးမျိုးရောင်းဝယ်စီးနင်းခြင်း၊ လက်ဝတ်ရတနာအမျိုးမျိုး ဝယ်ယူရောင်းချ ဝတ်ဆင်ခြင်းတို့ ပြုလုပ်လျက်ရှိကြောင်း သတင်းအရ ဇူလိုင် ၂၂ ရက် ည ၁၀ နာရီခွဲက သက်သေများရှေ့မှောက်တွင် ခေါ်ယူစစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၆ ခုနှစ် မေ ၂၃ ရက် နံနက် ၁၁ နာရီခန့်က လွတ်လပ်ရေးရပ်ကွက်နေ ဒေါ်ရီရီတင်၏ နေအိမ်မှ ခိုးယူခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် ရွှေထည်ပစ္စည်းများကို ပေါင်နှံထားရှိပြီး ခိုးယူရရှိသည့်ငွေများကို ၎င်းကိုယ်တိုင်ကိုင်တွယ်သုံးစွဲနေကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများအား ဥပဒေနှင့်အညီ သိမ်းဆည်း၍ ယင်းအား (ပ)၅၅/၂၀၁၆၊ ရာဇသတ်ကြီး ပုဒ်မ-၃၈၀ဖြင့် အရေးယူဆောင်ရွက်နေကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# ကျွန်းလှမြို့နယ်တွင်လေပြင်းတိုက်ခတ်၍ စာသင်ကျောင်းနှင့်ဘုန်းတော်ကြီး ကျောင်းဆောင်များရှိ အမိုးများပျက်စီး



**ကျွန်းလှ ဇူလိုင် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ဘက်ခြမ်း နောင်ဦးကျေးရွာတွင် ဇူလိုင်၂၄ ရက် မွန်းလွဲ ၁ နာရီ ၅၀ မိနစ်ခန့်က လေပြင်းတိုက်ခတ်၍ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းဆောင် အမိုးသွပ်များ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ယင်းသို့ ပျက်စီးရာတွင် နောင်ဦးကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မူလွန်ဆောင်(အလျား၁၂၀× အနံ ၃၀)ပေ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်အမိုးသွပ် ၁၀၅ ချပ်နှင့် မျက်နှာကြက်ပြား အချပ်၁၂၀ (အလျား ၄၀× အနံ ၃၀) ပေ တစ်ထပ်ကျောင်းဆောင်ရှိ အမိုးသွပ်၁၇၆ချပ်နှင့် မျက်နှာကြပ်ပြားအချပ်၄၀၀၊ အမိုးနှင့် ဒိုင်းမျှားများ၊ ဘုန်းတော်ကြီးကျောင်း (အလျား ၅၀× အနံ ၃၀)ပေရှိ ကျောင်းဆောင်အမိုးသွပ် ၁၇၅ ချပ်နှင့် ဒိုင်းမျှားများ ပျက်စီးခဲ့ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ၂၈ ဒသမ ၅၄၂၄ သိန်းခန့် ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက်ခြင်းမရှိကြောင်းနှင့် နောင်ဦးကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ယာယီကျောင်းဆောင် ဖွင့်လှစ်သင်ကြားနိုင်ရန် တာဝန်ရှိသူတို့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များစာတမ်းဖတ်ပွဲ ဝက်လက်၌ကျင်းပ

**ဝက်လက် ဇူလိုင် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များ စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

စာတမ်းဖတ်ပွဲတွင် ဝက်လက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းယုမြင့်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် အလယ်တန်းပြ (အငြိမ်းစား) ဆရာမကြီး ဒေါ်ခင်ဆွေအေးနှင့် ဒေါ်မာလာခိုင်တို့က တွဲဖက်ပါမောက္ခ (မြန်မာစာဌာန) မှ ဒေါက်တာ စန်းစန်းကြည် ပြုစုသည့် မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များ စာတမ်းကို ဖတ်ကြားခဲ့ကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသော မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာမများ၊ ကျောင်းသူများက ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။ **နန်းမြင့်(ဝက်လက်)**



ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အိုရီယံတယ်ဟိုတယ်၌ မြန်မာနိုင်ငံရှေ့နေအသင်း M.B.A ၏ တရားဝင်မှတ်ပုံတင်ယာယီ (ပြည်တွင်း-၀၂၄၃) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှ ၂၂-၇-၂၀၁၆ ရက်စွဲဖြင့် ထုတ်ပေးခဲ့ရာ ဥက္ကဋ္ဌ ဦးဝင်းစိန်ထံ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဇေယျက ပေးအပ်ခဲ့သည်။ သတင်းနှင့်ဓာတ်ပုံ- ကြေးမုံ

# ဧရာဝတီမြစ်နှင့် နီးသည့် အနိမ့်ပိုင်းရပ်ကွက်များသို့ မြစ်ရေ ရုတ်တရက် ဝင်ရောက်



**စစ်ကိုင်း ဇူလိုင် ၂၆**

စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ရေမှာ တစ်နေ့ထက်တစ်နေ့ သိသိသာသာ ရေထုမြင့်တက်လျက်ရှိပြီး မြစ်အနီးနေထိုင်သူများနှင့် မြစ်နှင့်နီးသည့် အနိမ့်ဆုံးရပ်ကွက်များ ရုတ်တရက် ဧရာဝတီမြစ်ရေဝင်ရောက်လာနိုင်၍ ကုန်းတက်ရန် လိုအပ်သည်။

စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များ ရေဘေးအန္တရာယ် ကာကွယ်ရေးများ ပြုလုပ်ထားခြင်းမရှိသေးကြောင်း သိရပြီး အများပြည်သူသို့ အသိပေးနှိုးဆော်ရန်လိုသည်။ ဧရာဝတီမြစ်ရေ အမှန်တကယ်မြင့်တက်လာပါက စစ်ကိုင်းမြို့တွင်းထိ ဝင်ရောက်လာနိုင်သည့်အတွက် ကြိုတင်ကာကွယ်မှုများ လုပ်ထားသင့်သည်။

စစ်ကိုင်းမြို့၏ စကြံချောင်းမှာ အထင်ကရချောင်းတစ်ခုဖြစ်ပြီး စည်းကမ်းမဲ့သူတချို့ကြောင့် ရေမြောင်းမှာ ရေထွက်ပေါက်ပိတ်ကာ ရေစီးရေလာ မကောင်းတော့ကြောင်း သိရသည်။

တစ်ကောင်းရပ်ကွက် စကြံချောင်းကြီးမှာ ဧရာဝတီမြစ်နှင့် ဆက်သွယ်ထားသည်ဖြစ်ရာ ရေတံခါးလုံခြုံမှု မရှိပါက ရေများ အနိမ့်ပိုင်းရပ်ကွက်များသို့ ဝင်ရောက်ခြင်း၊ ထိုမှတစ်ဆင့် မြို့တွင်းချောင်းများအတွင်းထိ အဆင့်ဆင့်ရေဝင်ရောက်လာနိုင်သည်။

ဇူလိုင် ၂၃ ရက်က စကြံချောင်းကြီးအတွင်းတွင် ရေတံခါးမလုံသည့်အတွက် ရေမြောင်းအတွင်းသို့ ရေများ ပြည့်လျှံနေကာ လူနေအိမ်ဝင်းထဲထိပါ ဝင်ရောက်နေသည်ကို မြင်တွေ့နိုင်ပြီး သက်ဆိုင်ရာမှ ကွင်းဆင်းစစ်ဆေးရန် လိုအပ်နေသည်။ **(၅၃၁)**

## မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေး ကော်မတီ ပညာသင်ဆုချီးမြှင့်

**မြင်းခြံ ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမိသားစု၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအား ပညာသင်ဆုချီးမြှင့်ပေးအပ်ခြင်းကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက အဝေးပြေးကားဝင်းရှိ ရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲတွင် မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်က ဆုချီးမြှင့်ရခြင်းအကြောင်းကို ပြောကြားခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်စိုးက ဝမ်းမြောက်စကားပြောကြားခဲ့သည်။ ဆက်လက်၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ဆုချီးမြှင့်ရာ သိပ္ပံတွဲဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် မသီရိအား ခရိုင်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေအားလည်းကောင်း၊ အခြားအောင်မြင်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်နှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ခဲ့ကြသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီဝန်ထမ်းများ၏ သား၊ သမီးခြောက်ဦး အောင်မြင်ခဲ့ပြီး ဘာသာစုံဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ရိုးရိုးအောင်မြင်သူ လေးဦးဖြစ်ပြီး ရိုးရိုးအောင်မြင်သူများအား ဆုချီးမြှင့်ငွေ သုံးသောင်းစီကိုလည်းကောင်း၊ ဂုဏ်ထူးတစ်ဘာသာလျှင် တစ်သောင်းနှုန်းပေါင်း၍ ဂုဏ်ထူးရရှိသူများကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးမွေးမြူရေးသင်တန်း ဒေါပေါ်ကလဲကျေးရွာတွင် ဖွင့်လှစ်

**လှိုင်းကော် ဇူလိုင် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကယားပြည်နယ် လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် စိုက်ပျိုးမွေးမြူရေးသင်တန်းအမှတ်စဉ် (၅/၂၀၁၆) ဖွင့်ပွဲအား လွိုင်ကော်မြို့ ဒေါပေါ်ကလဲကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် "ဒေါပေါ်ကလဲကျေးရွာဟာ ကယားလူမျိုးများ အဓိကနေထိုင်တဲ့ကျေးရွာဖြစ်ပြီး စိုက်ပျိုးရေးကို လုပ်ကိုင်တဲ့ ကျေးရွာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုလို စိုက်ပျိုးရေးနည်းပညာသင်တန်းကို လာရောက်ဖွင့်လှစ်သင်ကြားပေးမှာဖြစ်လို့ ကျေးရွာအတွက် တကယ်အကျိုးရှိမှာဖြစ်တယ်" ဟု ပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်အေးအေးဇော်က ငါးမွေးမြူရေးနှင့်ပတ်သက်သည်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီးနောက် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်မြင့်ထွန်းက "ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာအရောက် အသက်မွေးဝမ်းကျောင်းပညာကို ရွာသူ၊ ရွာသားများအား သင်ကြားပေးတဲ့အတွက် ငွေကြေးကုန်ကျမှုသက်သာပြီး သင်ကြားမှုကြောင့် ပိုမိုစနစ်ကျပြီး ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်တွေ ရရှိမှာဖြစ်တယ်။ သင်တန်းသားများအနေဖြင့်လည်း ကြိုးကြိုးစားစား သင်ယူကြပါ" ဟု ပြောကြားခဲ့သည်။

ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းက စိုက်ပျိုးရေးနှင့် ပတ်သက်၍ ကြုံတွေ့ရမည့် မြေအမျိုးအစား၊ ပိုးမွှားများအန္တရာယ်၊ စိုက်ပျိုးနည်းစနစ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အိအိခင်က သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့်သင်တန်းအတွက် ကုန်ကျငွေကျပ် ၈၁၄၀၀၀ ဖြစ်ပြီး သင်တန်းသား ၂၄ ဦး တက်ရောက်ကြကာ သင်တန်းကာလပြီးဆုံးပါက ကျေးရွာရှိ လယ်တစ်ဧကတွင် သင်တန်းသားများအား လက်တွေ့စိုက်ပျိုးစေပြီး ကုန်ကျစရိတ်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကုန်အကျခံမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒေါပေါ်ကလဲကျေးရွာအုပ်စု သင်တန်းသား မောင်ဆော်ရယ်က "ယခုလို ကျေးရွာမှ ရွာသူ ရွာသားတွေက ဒီသင်တန်းတက်ရောက်ရတဲ့အတွက် ဝမ်းသာပါတယ်။ လက်လှမ်းမမီနိုင်တဲ့ စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားများအန္တရာယ်ကို ကာကွယ် ကုသနည်းတွေနဲ့ မိမိတတ်ထားတဲ့ နည်းပညာပေါင်းစပ်၍ စိုက်ပျိုးမည်ဆိုပါက ပိုပြီးအောင်မြင်နိုင်မယ်" ဟု ပြောသည်။ **ကိုစိုင်း(လွိုင်ကော်)**

## မိုးသည်းထန်စွာရွာသွန်း၍ ပျက်စီးသွားသောနှမ်းခင်းများ စိုက်ပျိုးထားသည့် လယ်ကွက်လွတ်များ၌ မိုးစပါးများစိုက်ပျိုး

**တောင်တွင်းကြီး ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ဇူလိုင်လအတွင်း မိုးများအဆက်မပြတ် သည်းထန်စွာရွာသွန်းခဲ့သဖြင့် ဒေသခံတောင်သူများ မိုးဦးကျက လယ်ကွက်များအတွင်း စိုက်ပျိုးထားသည့်နှမ်းများ ပျက်စီးဆုံးရှုံးသွားကြောင်း သဖန်းကုန်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

အဆိုပါနှမ်းခင်းများပျက်စီးသွားသည့် လယ်ကွက်လွတ်များ၌ ဇူလိုင် ၂၅ ရက်ကစတင်၍ မိုးစပါးများ စိုက်ပျိုးလျက်ရှိကြောင်း၊ လယ်ယာလုပ်သားရှားပါးသဖြင့် ထွန်တစ်ရှဉ်းလျှင် တစ်နေ့ငါးထောင်ကျပ်၊ ပျိုးနုတ်ခ လယ်တစ်ဧကလျှင် ငွေကျပ် ၁၆၀၀၀၊ ကောက်စိုက်ခ တစ်ဧကငွေကျပ် ၂၄၀၀၀ စုစုပေါင်း တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀ ခန့်ကုန်ကျကြောင်း ဒေသခံတောင်သူ ဦးထွန်းကြည်ကပြောသည်။ **(၅၈၀)**

## သီလရှင်စာသင်တိုက်တွင် ကွန်ပျူတာသင်တန်းဖွင့်လှစ်

**ကျောက်တန်း ဇူလိုင် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု မြိုင်သာယာ-၁ ရပ်ကွက် ပဲလှော်ဖိုလမ်းရှိ တောတိုက်မြကမ္ဘာအေး သီလရှင်စာသင်တိုက်၌ ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီက စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဝဏ္ဏစာရီ (ပဓာနနာယက) ဓမ္မာစရိယ၊ ဒေါ်စန္ဒမာလာ (တိုက်အုပ်) သာသနဓဇ ဓမ္မာစရိယ B.A တို့မှ ဦးဆောင်၍ အလှူရှင်ငါးဦးတို့က လှူဒါန်းသော ကွန်ပျူတာငါးစုံဖြင့် ကွန်ပျူတာပညာဒါန အခမဲ့သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို ညောင်ဝိုင်းကျေးရွာအုပ်စု သံဃနာယကဥက္ကဋ္ဌဆရာတော် ဦးသစ္စနက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းဖွင့်ပွဲသို့ ပြည်တော်အေးကျောင်းဆရာတော် ဦးစန္ဒိမာ၊ အေးစေတီကျောင်းဆရာတော် ဦးတေဇနိယ၊ ကျောက်တန်းမြို့ ပြန်/ဆက်ဦးစီးမှူး ဒေါ်နန်းအေးခိုင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၆၈၉)**

## တန်ဖိုးနည်းဘရိတ်ဓားပန်းချီနှင့် ရုပ်သေးရုပ်ကလေးများကို နိုင်ငံတကာခရီးသွားဧည့်သည်များ အမှတ်တရဝယ်ယူ

**မန္တလေး ဇူလိုင် ၂၆**

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် မန္တလေးမြို့သို့ နိုင်ငံတကာခရီးသွား ဧည့်သည်များစွာ ဝင်ရောက်ခဲ့ကြသည်။ အနောက်နိုင်ငံများက မြန်မာနိုင်ငံကို ခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြုလုပ်ရန် အကောင်းဆုံးသောနိုင်ငံဟု သတ်မှတ်ထားသည်။ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကို မီးခိုးမထွက်သည့်စက်ရုံဟု တင်စားနိုင်သည်။ နိုင်ငံတကာ ခရီးသွားဧည့်သည်များသည် မြန်မာ့တောတောင်ရေမြေသဘာဝအလှအပရှုခင်းများကိုလေ့လာကာ မြန်မာမှုအနုလက်ရာများကို အမှတ်တရ ဝယ်ယူလေ့ရှိကြသည်။

အများစုသော နိုင်ငံတကာခရီးသွားဧည့်သည်များသည် သယ်ယူပို့ဆောင်မှုအဆင့်ဆင့်အရ လေးလံသောကြေးထည်ပစ္စည်း၊ ပန်းပုပစ္စည်းများထက် ပေ့ါပါးသော မြန်မာမှုအနုပညာလက်ရာမြောက် ပစ္စည်းများကို ဝယ်ယူလေ့ရှိသည်။ အများဆုံးဝယ်ယူသောပစ္စည်းမှာ တန်ဖိုးနည်း မြန်မာ့ရှုခင်း ဘရိတ်ဓားပန်းချီကားများ၊ ရွှေချည်ထိုးပန်းချီကားများနှင့် ပေ့ါပါးသော မြန်မာလက်မှုအနုပညာမြောက် ရုပ်သေးရုပ်ကလေးများကို ဝယ်ယူလေ့ရှိသည်။



မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်ပြီး နိုင်ငံတကာခရီးသွားများ စိတ်ဝင်စားသော ရွှေကျောင်းကြီး၊ ဦးပိန်တံတားနှင့် အခြားနေရာများတွင် ရုပ်သေးရုပ်နှင့် အခြားမြန်မာမှုလက်ဆောင်ပစ္စည်းများကို ရောင်းချလေ့ရှိသည်။

လက်ရှိကာလတွင် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ ပန်းပုပစ္စည်းများကို လေ့လာကြည့်ရှုကြပြီး တန်ဖိုးနည်း ဘရိတ်ဓားပန်းချီကားကလေးများနှင့် တန်ဖိုးနည်း မြန်မာမှုရုပ်သေးရုပ်ကလေးများကိုသာ အမှတ်တရအဖြစ် ဝယ်ယူမှုများပြားလျက်ရှိသည်။ ပန်းပုပစ္စည်းများမှာ တန်ခူးလနောက်ပိုင်းတွင် အရောင်းအဝယ်အေးလျက်ရှိကြောင်း ဦးပိန်တံတား ပန်းပုပစ္စည်းအရောင်းဆိုင်မှ ပြောပြသည်။

**တိမ်တမန်**

# မြဝတီ–ဝေါလေ လမ်းမပေါ်ရှိ မဲထော်သလေးချောင်းကူးတံတား ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားရာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေးဆောင်ရွက်



**မြဝတီ ဇူလိုင် ၂၆**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မဲထော်သလေးကျေးရွာအဝင် မြဝတီ-ဝေါလေလမ်းမပေါ်ရှိ မဲထော်သလေးချောင်းကူး ရန်နိုင်လွင်တံတားသည် ဇူလိုင် ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မဲထော်သလေးချောင်း ရေတိုက်စားမှုကြောင့် အရှည် ၁၀ ပေ၊ အကျယ် ၁၈ ပေခန့်ရှိသည့် တံတားကမ်းကပ်ခုံမှာ ၇ ပေခန့် မြေကြီးထဲသို့ နိမ့်ဆင်းခဲ့ပြီး တံတားအလယ်တိုင်ကျိုးကာ ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားပျက်စီးမှုနေရာသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် ဦးအိုက်ကျန်ခမ်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးခွန်ထွန်းသက်အောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက တံတားပျက်စီးမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေးနှင့် ပြည်သူလူထု လတ်တလော သွားလာနိုင်ရေးအတွက် ယာယီသွားလာနိုင်ရေး တံတားပြင်ဆင်မှုလုပ်ငန်းများတွင် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မဲထော်သလေးချောင်းကူးတံတားသည် မြဝတီ-ဝေါလေလမ်းမ မိုင်တိုင်၅/၀ နေရာတွင်ရှိပြီး ၂၀၁၃ ခုနှစ်က ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့သည့် တံတားအရှည် ၄၂ ပေ၊ အကျယ် ၁၈ ပေနှင့် အမြင့် ပေ ၂၀ ခန့်ရှိ သံကူကွန်ကရစ်တံတားဖြစ်သည်။

ယခု လတ်တလော ပြည်သူလူထု သွားလာရေးအဆင်ပြေစေရန်အတွက် အုပ်ချုပ်ရေးမှ တာဝန်ရှိသူများ၊ တပ်မတော်၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ပူးပေါင်းဆောင်ရွက်၍ ကျောက်ကြီးများချပြီး အမြန်ဆုံးဆောင်ရွက်သွားမှာဖြစ်ပြီး ပေ ၁၀၀ ရှိဘေလီကိုလည်း ယာယီတံတားထိုးဖို့မှာယူထားပါတယ်" ဟုမြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မိုးစပါး မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု စိုက်ပျိုးရေးနည်းစနစ် လက်တွေ့သရုပ်ပြ



**ကြံခင်း ဇူလိုင် ၂၆**
ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ်မိုးရာသီအတွက် မိုးစပါးအရည်အသွေးပြည့်မီရေးနှင့် အထွက်နှုန်းကောင်းမွန်ရေး ရည်ရွယ်ချက်ဖြင့် မိုးစပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု စိုက်ပျိုးရေးနည်းစနစ်သရုပ်ပြပွဲကို ဇူလိုင် ၂၄ ရက်က ဘက်ရဲ(၂)၊ ကွင်းအမှတ် (၅၈)၊ တောင်သူဦးခင်မောင်ဆွေ၏ ဧက ၁၀၀ စံပြကွက်တွင် ပြုလုပ်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ကြူကြူမွေးက တောင်သူများ၏နည်းပညာလိုအပ်ချက်နှင့် လက်တွေ့လုပ်ငန်းများအား စိုက်ပျိုးရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ ဒေသ၏ ရေမြေရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို အခြေပြုပြီး စိုက်ပျိုးသင့်သည့် မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးရေးနှင့် စိုက်ပျိုးပြီးနောက် ကြုံတွေ့နိုင်သည့်အခက်အခဲများကို အချိန်တိုအတွင်း လွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်သည်များကို ရှင်းလင်းပြောကြားပြီး တောင်သူများ၏ သိလိုသည့် မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံကောက်စိုက်လုံမေများက စံပြကွက်တွင် မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနည်းစနစ်များဖြင့် တပျော်တပါး လက်တွေ့စိုက်ပျိုး သရုပ်ပြခဲ့ကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးလင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ကာလိမြို့ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲပြုလုပ်

**ကာလိ ဇူလိုင် ၂၆**
ရှမ်းပြည်နယ်တောင်ပိုင်း ကာလိမြို့တွင် လူထုတွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက အမှတ်(၄)ရပ်ကွက် နောင်ငင်းဘုန်းကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

တွေ့ဆုံပွဲသို့ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနနှင့်ပတ်သက်သည့် လုပ်ငန်းများအား အသီးသီးရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစိုင်းကွမ်းခေးက ဌာနဆိုင်ရာများ၏ ရှင်းလင်းပြောကြားချက်များအား ရှမ်းဘာသာဖြင့် ပြန်လည်ရှင်းလင်းပြီး ရေထွက်ဧရိယာအလံ ၅၀ အတွင်းရှိသစ်ပင်များ မခုတ်ရန်နှင့် ပြုစုထိန်းသိမ်းရန်၊ အန္တရာယ်ဖြစ်စေသည့် တရားမဝင်ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ရောင်းဝယ်သုံးစွဲခြင်းမပြုရန်၊ ရပ်ကွက်အတွင်း လမ်းဆုံများတွင် လမ်းအမည်ဆိုင်းဘုတ်အား ရှမ်း၊ မြန်မာ၊ အင်္ဂလိပ်သုံးဘာသာဖြင့် ရေးသားစိုက်ထူသွားရန်၊ မူးယစ်ဆေးဝါးများရောင်းဝယ်သုံးစွဲခြင်းမပြုရန် စသည်တို့ကို ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကာလိ(ပြန်/ဆက်)**

## ပြင်ပယာဉ်မောင်းသင်တန်းတွင် ယာဉ်စည်းကမ်းဆိုင်ရာ လိုက်နာရမည့်အချက်များ ဟောပြော

**မိတ္ထီလာ ဇူလိုင် ၂၆**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ပြင်ပယာဉ်မောင်းသင်တန်းအမှတ်စဉ် (၂၀၉/၂၀၁၆) သင်တန်း၌ ရက် ၁၀၀ စီမံချက်ကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရန် ဟောပြောပွဲကို ဇူလိုင် ၂၀ ရက်တွင်ကျင်းပရာ မိတ္ထီလာ အမှတ် (၉၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်စိုးက ရက် ၁၀၀ စီမံချက်ကာလတွင်မိမိတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသားများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အထူးလိုက်နာရမည့်အချက်များကို ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းပြသပေးခဲ့ပြီး ယာဉ်တိုက်မှု မှား၊ မှန်ဆုံးဖြတ်ချက်များနှင့် ယာဉ်တိုက်မှုဖြစ်စဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းသားများအား ၂၀၁၅ မော်တော်ယာဉ်ဥပဒေအသစ် အကျဉ်းချုပ်စာရွက်များနှင့် အသိပညာပေးလက်ကမ်းစာစောင်များကို ပေးဝေပေးခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## မတ္တရာမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၂၂၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**မတ္တရာ ဇူလိုင် ၂၆**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင်လည်း ကွင်းဆင်းပြုလုပ်ပေးခဲ့ပြီး ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက အ.ထ.က (စလွန်ဖြူ) တွင် ကတ်ပြားပေးအပ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မတ္တရာမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင်ဦးစီးမှူး ဦးကိုကိုစိုးက ကွင်းဆင်းစီမံချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်ချယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အဆိုပါကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၂၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ပြီး ခရိုင်ဦးစီးမှူးက အထက (ခွဲ) ဆည်တော် ကျောင်းသား၊ ကျောင်းသူ ၁၁၁ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခဲ့ရာ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်တင်ဝင်းက လက်ခံရယူခဲ့ပြီး ရွှေချောင်းကျေးရွာ အ.လ.က(ခွဲ) မှ ကျောင်းသား၊ ကျောင်းသူ ၁၀၄ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူးက နိုင်ငံသားဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်ပတ်သက်၍ မေးခွန်းများဖြေဆိုစေခဲ့ပြီး ဖြေဆိုနိုင်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးအပ်ခဲ့သည့်အတွက် ဒုတိယမြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ ခင်ဦးမြို့ရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ခင်ဦး ဇူလိုင် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ မြို့ပေါ်ရှိ ဆေးဆိုင်ငါးဆိုင်ကို ဇူလိုင် ၂၄ ရက်က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ဆေးဆိုင်များစစ်ဆေးရာတွင် ဆေးဝါးအတုနှင့် ဘေးဥပဒ်ဖြစ်စေနိုင်သည့်ပစ္စည်းများဖြင့် ဖော်စပ်ထုတ်လုပ်ထားသော ဆေးဝါးများရောင်းချခြင်းရှိ-မရှိ၊ ဆေးဝါးရောင်းချခွင့်လိုင်စင်ရှိ-မရှိ၊ ထိန်းချုပ်ဆေးဝါး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများရှိ-မရှိ၊ ဆေးဝါးအတု၊ စံမညီဆေးဝါး၊ ပျက်စီးဆေးဝါး၊ ရောနှောဆေးဝါး၊ ဘေးဥပဒ်ဖြစ်စေသည့် ပစ္စည်းဖြင့် ဖော်စပ်ထားသောဆေးဝါး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သုံးစွဲရန်မသင့်သည့် ဘေးအန္တရာယ်ရှိဆေးဝါးများ ရောင်းချခြင်းရှိ-မရှိ စသောအချက် ၁၃ ချက်ဖြင့် ကော်မတီက ဆေးဆိုင်ငါးဆိုင်ကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဌ ဒေါက်တာကျော်နိုင်က ပြောသည်။

**ခင်ဦးစိုးဝေ**



# မကြာမီပြီးမြောက်အောင်မြင်တော့မည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (သို့) ၂၁ ရာစုပင်လုံ

## àoef;zdk(unif;d)



မေ ၁ ရက်မှစတင်ခဲ့သည့် အစိုးရသစ်၏ ပြည်သူ့အတွက် ပထမရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ရေး လုပ်ငန်းများသည် ယခုဆိုလျှင် ရက်ပေါင်း ၉၀ အတွင်းသို့ ရောက်ရှိလာခဲ့ပြီ မကြာမီ ကုန်ဆုံးတော့မည်ဖြစ်ပါသည်။

ထိုပြီးဆုံးခဲ့သည့် ရက်ပေါင်း ၉၀ ခန့်အတွင်းတွင် အစိုးရသစ်အနေဖြင့် အောင်မြင်အောင်၊ ခရီးပေါက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများစွာအထဲမှ အဓိကကျသည့် အရာကို လက်ညှိုးထိုးပြပါဆိုလျှင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -၂၁ ရာစု ပင်လုံကျင်းပနိုင်ရေးအတွက် အကြိုပြင်ဆင်ခြင်းလုပ်ငန်းများ အတော်ခရီးပေါက်နေသည့်ကိစ္စကိုသာ အထူးရွေးချယ်ပြီး ပြရမည် ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (Nationwide Ceasefire Agreement NCA) လက်မှတ်ရေးထိုးထားပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသာမက လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံနိုင်ခဲ့ခြင်းအဆင့်ထိ ပြုလုပ်နိုင်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ပေသည်။

၎င်းအပြင် ထိုသို့တိုးတက်ရရှိလာသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအပေါ် အခြေခံကာ တပ်မတော်ခေါင်းဆောင်ကြီးများနှင့် ယခင်ကထက် ပိုမိုရင်းနှီးမှု၊ ယုံကြည်မှုရယူကာ နွေးထွေးသည့် ဆက်ဆံရေးကိစ္စကို တိုးမြှင့်ဆောင်ရွက်လာနိုင်ခြင်းတို့ကိုလည်း ထင်ထင်ရှားရှားတွေ့မြင်ကြရမည် ဖြစ်ပါသည်။

ထိုအချင်းအရာ မှန်ကန်ကြောင်းကိုလည်း လွန်ခဲ့သည့်သီတင်းပတ်တွင် ကျင်းပခဲ့သည့် အာဇာနည်နေ့အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တက်ရောက်ခဲ့ခြင်း၊ ဝါဆိုသင်္ကန်းအတူ ကပ်လှူခဲ့ကြခြင်းနှင့် တပ်မတော်မှ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ၎င်းတို့၏ သဘောထားရပ်တည်ချက်များကို သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြခြင်းတို့က သက်သေခံလျက်ရှိခဲ့ကြပါသည်။

အမှန်ဆိုရလျှင် အစိုးရသစ်ဖော်ဆောင်ခဲ့သည့် ပြည်သူ့အတွက် ပထမ ရက်၁၀၀ မပြည့်မီကာလအတွင်းမှာပင် ကျွန်ုပ်တို့နိုင်ငံ၏ ရှေ့အနာဂတ်အတွက် အဓိကသော့ချက်ဖြစ်သည့် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ချက်များမှာ သိသိသာသာတိုးတက်မှု ရှိလာခဲ့သည်ကို အထင်အရှား တွေ့ရှိကြရမည်လည်းဖြစ်ပါသည်။ ကျွန်ုပ်တို့ပြည်သူများအနေဖြင့် အစိုးရတစ်ရပ်၏ ဆောင်ရွက်ချက်များအပေါ် ရှုမြင်သုံးသပ်ကြရာတွင်လည်း မကောင်းလျှင် မကောင်းဘူးဟု ဝေဖန်ထောက်ပြ ပြောဆိုခဲ့ကြသည့်နည်းတူ ကောင်းမွန်သည့်အချက်များကိုလည်း ကောင်းမွန်သည်။ တိုးတက်လာသည့်အချက်များကိုလည်း အမှန်တကယ်တိုးတက်လာသည်ဟု ပြောတတ်ကြရန်လိုလာပါသည်။ ထိုမှသာလျှင် တရားနည်းလမ်းကျရာ ရောက်မည်ဖြစ်ပါသည်။

ထို့ကြောင့်ပင် ကျွန်ုပ်အနေဖြင့်လည်း အစိုးရသစ်အနေဖြင့် တပ်မတော်နှင့် လက်တွဲပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအတွက် အခြေတည်ကာ စတင်ဆောင်ရွက်ခဲ့သည်မှစ၍ ယနေ့ကာလအထိ ဖြစ်ထွန်းတိုးတက်လာသည့် အခြေအနေများကို ပကတိအရှိကိုအရှိအတိုင်း အဆင့်လိုက်တင်ပြသွားမည် ဖြစ်ပါသည်။

### ငြိမ်းချမ်းရေးအတွက် အခြေခံကြသည့် ပထမသော့ချက်

(၂၁) ရာစုပင်လုံဟု ခေါ်ဆိုနေကြသည့် လာမည့်ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ကျင်းပရန်လျာထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်ရေးအတွက် အဓိကအခြေခံရမည့်အချက်မှာ ယခင်အစိုးရလက်ထက်က စတင်သန္ဓေတည် ဆောင်ရွက်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (Nationwide Ceasefire Agreement NCA)ပင်ဖြစ်ပါသည်။ ထိုအချက်နှင့်ပတ်သက်၍လည်း လွန်ခဲ့တဲ့ဇူလိုင်လ ၂၀ ရက်နေ့က ရန်ကုန်တွင်ပြုလုပ်ခဲ့သည့် တပ်မတော် သတင်းစာရှင်းလင်းပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးက "ငြိမ်းချမ်းရေးရဲ့ပင်မလမ်းကြောင်းက NCAပါ။ လမ်းကြောင်းက ပေါ်နေပါပြီ၊ မကြာမီပြုလုပ်တော့မည့် (၂၁) ရာစုပင်လုံညီလာခံမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ပါဝင်ခြင်း၊ မပါဝင်ခြင်းနဲ့ သက်ဆိုင်နေပါတယ်" ဟုပြောဆိုခဲ့သည်ကိုလည်း မှတ်သားမိခဲ့ရပါသည်။ ထို့ကြောင့်လည်းထိုအချက်သည်ပင်လျှင် ငြိမ်းချမ်းရေးအတွက် အဓိက သော့ချက်ဖြစ်နေခဲ့သည်ကို တွေ့ရှိကြရမည်သာဖြစ်ပါသည်။ ထိုသဘောတူညီချက်အပေါ်တွင်သာ မူတည်ပြီး ယခုဆက်လက်ဆောင်ရွက်နေကြရခြင်းပင် ဖြစ်ပါသည်။

### ၂၁ရာစုပင်လုံအတွက် အစိုးရသစ်၏ ပထမခြေလှမ်း

၂၀၁၆ ခုနှစ် ဧပြီလ(၁)ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို စတင်လွှဲပြောင်းရယူခဲ့သည့် အစိုးရသစ်အနေဖြင့် ၎င်းတို့၏ကနဦးအစခြေလှမ်းတစ်ရပ်ကို ပြီးခဲ့သည့် မေလ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort မှ စတင်ခဲ့သည်ဟု ပြောရမည်ဖြစ်ပါသည်။ ၎င်းနေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက် ပူးတွဲကော်မတီတစ်ရပ်ကို ပြင်ဆင်ဖွဲ့စည်းရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ပြန်လည်သတ်မှတ်ရန် အစည်းအဝေးတစ်ရပ် စတင်ကျင်းပနိုင်ခဲ့ကြပါသည်။ ထိုအစည်းအဝေးတွင် (၂၁) ရာစုပင်လုံညီလာခံကို ယခင်အစိုးရလက်ထက်ဖော်ဆောင်ပေးခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)အပေါ်အခြေခံ၍ တပ်မတော်နှင့် လက်တွဲပြီး အောင်မြင်အောင် ပူးပေါင်းဖော်ဆောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပြန်လည်အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ အခန်းကဏ္ဍသည် ဆက်လက် ရှင်သန်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်ကိုလည်း လေ့လာမိခဲ့ရပါသည်။

### အစိုးရသစ်၏ ဒုတိယခြေလှမ်း

ထို့နောက်တွင် ငြိမ်းချမ်းရေးအတွက် ဒုတိယခြေလှမ်းအဖြစ် ဇွန်လ ၂၈ ရက်နေ့တွင် အစည်းအဝေးတစ်ရပ် ထပ်မံကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေး ကျင်းပရခြင်းမှာ ယခင် တစ်လအကြာ မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ်အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ"အတွက် အထောက်အကူ ဖြစ်စေရန် ဒုတိယခြေလှမ်းအဖြစ် ဆက်လက်ကျင်းပကြကြောင်းကိုပါ တွေ့ရှိရနိုင်မည် ဖြစ်ပါသည်။ ထိုအစည်းအဝေးကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ဝင်များဖြစ်ကြသော စိုင်းဘောင်ခေး၊ ခွန်ဥက္ကာ၊ ပူးဇင်ကျုံး၊ ခိုင်စိုးနိုင်အောင်၊ ဒေါက်တာနော်ကပေါ်ထူး၊ ဦးသံခဲနှင့် စောမိုရှေးတို့ အစုံအလင် တက်ရောက်လာပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ၎င်းတို့၏ မူဝါဒများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်းကိုလည်း တွေ့ရှိရပါသည်။

ထိုအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီဝင်များက NCAလက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းနေမှုအခြေအနေများ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပနိုင်ရေး အကြိုဆောင်ရွက်နေမှုအခြေအနေများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ပါ အကောင်အထည်ဖော်ရမည့်အချက်များနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသွားခဲ့ကြသည်ကို သိရှိကြပြီးဖြစ်ကြပေမည်။

### တတိယခြေလှမ်းအဖြစ် ငြိမ်းချမ်းရေးကော်မရှင်ဖွဲ့စည်းခြင်း

ထို့နောက်တွင်မူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ချမှတ်ပေးသော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။

ငြိမ်းချမ်းရေးကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးသိန်းဇော်၊ အတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးခင်ဇော်ဦး၊ အဖွဲ့ဝင်များအဖြစ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဦးနိုင်ငံလင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိုးတို့ပါဝင်ပြီး ဦးအောင်ကြည် ခေါင်းဆောင်သည့် အကြံပေးအဖွဲ့ဝင် သုံးဦးနှင့် ဦးအေးလွင် ခေါင်းဆောင်သည့် အထောက်အကူပြုအဖွဲ့ဝင် ခုနစ်ဦးတို့လည်း ထူးထူးခြားခြား ပါဝင်ဖွဲ့စည်းထားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

### UNFC ဖြင့်တွေ့ဆုံခြင်းသည် စတုတ္ထခြေလှမ်းဖြစ်သည်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံအတွက် စတုတ္ထခြေလှမ်းဟုသာ အမည်နာမ တပ်ထားသော်လည်း အမှန်တွင်မူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိကပါဝင်ကြမည့် တိုင်းရင်းသားခေါင်းဆောင်များနှင့် ပထမဆုံးတွေ့ဆုံမှု ခရီးအစလည်း ဖြစ်ခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဇူလိုင်လ ၁၇ ရက်နေ့တွင် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် (၉) ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)အဖွဲ့မှ ခေါင်းဆောင်များဖြင့် ရန်ကုန်မြို့ရှိ NRPC ရုံးတွင် အစည်းအဝေးဆွေးနွေးပွဲပုံစံမျိုးမဟုတ်ဘဲ မိသားစုတွေ့ဆုံပွဲမျိုး တွေ့ဆုံခဲ့ကြသည်ကိုလည်း သိရှိကြရပြီး ဖြစ်ပါမည်။

### UNFC ကျော်ဖြတ်ကြရမည့်ပဉ္စမအဆင့် မိုင်ဂျာယန်ခရီး

ထိုသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဖြင့် တွေ့ဆုံခဲ့သည့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်(၉) ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)အဖွဲ့မှ ခေါင်းဆောင်များအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးလုပ်ငန်းများတွင် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော ကျန်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများထပ်တိုးပါဝင်နိုင်ရေးအတွက် ကချင်ပြည်နယ်အတွင်းရှိ မိုင်ဂျာယန်ဒေသတွင် မျက်နှာစုံညီအစည်းအဝေးတစ်ရပ်ကို ဇူလိုင်လ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်းကိုလည်း အားလုံး သိပြီးကြမည် ဖြစ်ပေမည်။

### မိုင်ဂျာယန်အတွက် တပ်မတော်၏ သဘောထားကြေညာချက်(ဆဋ္ဌမအဆင့်)

ထိုအဆင့်ကို အောင်မြင်စွာကျော်လွှားနိုင်ရေးအတွက် တိုင်းရင်းသားခေါင်းဆောင်များ လုံခြုံမှုရှိစွာ စိတ်အေးလက်အေး ဆွေးနွေးနိုင်ကြစေရေးအတွက်လည်း ဇူလိုင်လ ၂၀ ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် တပ်မတော်၏ သတင်းစာရှင်းလင်းပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးက "တပ်မတော်အနေဖြင့် ၂၁ရာစု ပင်လုံညီလာခံကိုရော၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုပါ အကောင်းဆုံး ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရရဲ့ မူဝါဒအတိုင်း ဆောင်ရွက်နေတဲ့ မိုင်ဂျာယန်အစည်းအဝေးကို တပ်မတော်အနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း၊ ထိုအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တပ်မတော်အနေဖြင့် လုံခြုံရေးလမ်းကြောင်း ဖွင့်ပေးမည်ဖြစ်ကြောင်းနှင့် ထိုအစည်းအဝေးသို့ သတင်းမီဒီယာသမားများကို သွားရောက်ခွင့်ပြုမှာဖြစ်ကြောင်း" ပြောကြားသွားခဲ့တာကို တွေ့ရှိလေ့လာမိကြရမည် ထင်ပါသည်။ ထိုအချက်သည်ပင်လျှင် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် နောက်ထပ်ကောင်းကျိုးများ ဖြစ်ထွန်းပေါ်ပေါက်စေမည့် အခွင့်အလမ်းကောင်းများ ဖြစ်စေခဲ့ပါသည်။ တပ်မတော်၏သဘောထားကိုလည်း ပွင့်ပွင့်လင်းလင်းသိရှိခွင့် ရရှိခဲ့ကြပါသည်။

### သတ္တမအဆင့် (ငြိမ်းချမ်းရေးကော်မရှင်၏ ထုတ်ပြန်ကြေညာချက်)

ရှေ့လာမည့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အဓိကကျသည့် မိုင်ဂျာယန်အစည်းအဝေး မစတင်မီ သုံးရက်အလို ဇူလိုင်လ ၂၃ ရက်နေ့တွင် အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပါသည်။ ထိုကြေညာချက်တွင် "NCAကိုအခြေခံ၍ ပေါ်ပေါက်လာသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး စုံညီစွာတက်ရောက်နိုင်စေမည့် ရလဒ်ကောင်းများ ဆောင်ကြဉ်းနိုင်မည်ဟုမျှော်လင့်ပါကြောင်း၊

ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့်(Nationwide Ceasefire Agreement NCA)ကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လစတုတ္ထပတ်နောက်ဆုံးထား၍ ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အထိ ကချင်ပြည်နယ် မိုင်ဂျာယန်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ မျက်နှာစုံညီ အစည်းအဝေး တစ်ရပ် ကျင်းပပြုလုပ်ရန်ရှိသည်ဟု သိရှိရပါကြောင်း၊ ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မိုင်ဂျာယန်သို့ သွားရောက်ရေး အစီအစဉ်များ အဆင်ပြေချောမွေ့စေရန်အတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနထံတင်ပြ၍ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ မကြာမီကျင်းပတော့မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေးကိုမျှော်ရည်၍ ငြိမ်းချမ်းရေးကော်မရှင်သည် အကြိုပြင်ဆင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်း၊

**စာမျက်နှာ ၂၀ သို့**

# မျှော်လင့်မိသည့်အရာ




à မှုမှု

ခေတ်များပြောင်းလဲကာ အချိန်ကာလတို့ ရွှေ့လျားချိန်ဝယ် ကျွန်မတို့ကိုင်ဆောင် သုံးစွဲနေသောငွေကြေးတို့၏ ပြောင်းလဲမှုကိုလည်း အမှတ်ရမိကြမည်ထင်သည်။ ကျွန်မတို့ငယ်စဉ်က တစ်ပြားစေ့ကိုမြင်ဖူးပြီး မသုံးစွဲခဲ့ရပါ။ တစ်ပြားတန်ပစ္စည်းဟူ၍ မရှိတော့သည့်အတွက်ပင်။ ကျွန်မတို့သုံးရသည်က ငါးပြားစေ့မှစကာ ဆယ်ပြားစေ့၊ ၂၅ ပြားစေ့(တစ်မတ်)၊ ပြား ၅၀စေ့(ငါးမူး)၊ တစ်ကျပ်စေ့နှင့် ငွေစက္ကူများဖြစ်သည်။

တစ်ပွဲလျှင် ၁၅ ပြားပေးရသော အသုပ်စုံတစ်ပွဲဝယ်စားပါက ဗိုက်ပြည့်အောင်စားရသည်။ မူလတန်းတက်စဉ်က မုန့်ဖိုးမရခဲ့သော်လည်း ကျောင်းမတက်မီ အမေဝယ်ကျွေးသောမုန့်မှာ ဂျုံယိုဖြစ်သည်။ ဂျုံစေ့ကို မုန့်လုပ်ထန်းလျက်ဟုခေါ်သည့် အရောင်မချွတ်ဘဲ သဘာဝအရောင် ထန်းလျက်ခဲမည်းမည်းကြီးများသုံးကာ ကျိုထားသော ထန်းလျက်ရည်ဖြင့် နူးမြည့်နေအောင် ယိုထိုးထားခြင်းဖြစ်သည်။ ထိုယိုကို ချုံပင်ဖြစ်အောင် ပေါများစွာပေါက်နေသည့် ဗုဒ္ဓံသရဏံပင်မှ အရွက်အား ရေစင်အောင်ဆေးပြီး ပိုင်းဖြတ်ထားသည့်ဖက်တွင်ထည့်လျက် ရောင်းခြင်းဖြစ်သည်။ ၅ ပြားဖိုးဝယ်ပါက အာသာပြေရုံမကဝမ်းဝပါသည်။

မုန့်ကျွဲသည်း၊ မုန့်ဦးနှောက်နှင့် မြန်မာမုန့်မျိုးစုံကို ဟိုတစ်ခုသည် တစ်ခုထည့်ပေးပြီး လက်ခြစ်အုန်းသီးဖတ် များများထည့်ကာရောင်းသည့် ၁၀ ပြားတန်မုန့်စုံဝယ်စားပါက မနက်စာသာမက နေ့လယ်ထမင်းစားပြီး အချိုတည်းကာ စားနိုင်ပါသေးသည်။ တယ်လီဖုန်းရှားပါးချိန်ဖြစ်သောကြောင့် ဆက်သွယ်ရေးရုံးမှတပ်ဆင်ထားသော ၅၀ ပြားတန် အဝါရောင်ကြေးပြားစေ့ထည့်ကာ ဖုန်းဆက်ခဲ့သည့်ခေတ်ကိုလည်းမီခဲ့သည်။ ဈေးတက်သွားသည့်အခါ တစ်ကျပ်စေ့ထည့်မှ ပြောနိုင်ပြီး ယခုအချိန်တွင်မူ ထိုဖုန်းကို မမြင်တွေ့ရတော့ပါ။

မုန့်ဖိုးငွေ တစ်ကျပ်တန်တစ်ရွက်စ၍ ရသည့်နေ့တွင် ငွေစက္ကူ၌ရိုက်နှိပ်ထားသော ဗိုလ်ချုပ်အောင်ဆန်း၏ပုံကို ဖင်ပြန် ခေါင်းပြန်ကြည့်ကာ အပျော်ကြီးပျော်ခဲ့သော ကျွန်မ၏ ငယ်ဘဝသည် ပြန်တွေးမိသော် ပြုံးမိပေသည်။ ထိုမှတစ်ဖန် ၅ ကျပ်တန်၊ ၁၀ တန်စသည်ဖြင့်တိုး၍ရခဲ့ပြီး ထိုငွေစက္ကူတိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ တည်ကြည်ရဲရင့်သည့်ပုံကို ယခုတိုင်မေ့မရပါ။

တက္ကသိုလ်စတက်သည့် ၁၉၈၇ ခုနှစ်မှစကာ ကြီးကျယ်သော နိုင်ငံရေးပြောင်းလဲမှုတွင် ကိုယ်တိုင်ပါဝင်ရင်း ငွေစက္ကူ အချို့အား နိုင်ငံတော်မှ သုံးခွင့်မပြုကြောင်း ကြေညာသည်ကိုကြားခဲ့ပြီးနောက် တဖြည်းဖြည်းနှင့် ဗိုလ်ချုပ်အောင်ဆန်းပုံ ရိုက်နှိပ်ထားသော ငွေစက္ကူတို့ ပျောက်ကွယ်ခဲ့သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအများစု၌ သုံးစွဲသော ငွေစက္ကူများပေါ်တွင် သူတို့နိုင်ငံ၏ လေးစားချစ်ခင်သူတို့ပုံကိုသာ ရိုက်နှိပ်သုံးစွဲကြပါသည်။ ကျွန်မတို့နိုင်ငံနှင့် အနီးဆုံးဖြစ်သော ထိုင်းနိုင်ငံတွင် ငွေစက္ကူနှင့်ပတ်သက်ပြီး ကြီးလေးသောအမိန့်ကို ထုတ်ပြန်ထားသည်။ ထိုင်းနိုင်ငံ၏ ငွေစက္ကူတွင် သူတို့နိုင်ငံ၏ ဘုရင်မင်းမြတ်ပုံကို ချစ်ခင်မြတ်နိုးစွာ ရိုက်နှိပ်ထားသည်။ ထိုငွေစက္ကူကို မနင်းရန်အတွက် ဥပဒေထုတ်ပြန်ထားပြီး နိုင်ငံသူ နိုင်ငံသားများကလည်း မတော်တဆဖြစ်စေ၊ တမင်ဖြစ်စေ မနင်းမိအောင်သတိထားကြကြောင်းကို ကြားသိရသည်မှာ လေးစားအတုယူဖွယ်ဖြစ်သည်။

ဒီမိုကရေစီစနစ် ထွန်းကားသော ဗြိတိန်နိုင်ငံတွင်လည်း သူတို့နိုင်ငံ၏ ဘုရင်မကြီးရုပ်ပုံပါသော တံဆိပ်ခေါင်းကို ပြောင်းပြန်ကပ်မိပါက ဘုရင်မကြီး၏ ဂုဏ်သိက္ခာအား ထိပါးစော်ကားသည်ဟုယူဆကာ အလွန်ကြီးလေးသော ရာဇဝတ်မှုဟု သတ်မှတ်ထားကြောင်းကို သိရသည့်အခါ ထိုနိုင်ငံ၏ ကြီးမြတ်သောရှိသေလေးစားမှုအား အံ့သြမိပြန်သည်။ ထိုကဲ့သို့ပင် အချို့သောနိုင်ငံများတွင်လည်း သူတို့ချစ်မြတ်နိုးသည့် နိုင်ငံ့ခေါင်းဆောင်များအား အလေးဂရုပြုကြကြောင်းကို ကြားရလေတိုင်း ကျွန်မသည်လည်း မိမိနိုင်ငံ၏ ငွေစက္ကူများပေါ်၌ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံကို ပြန်လည် မြင်တွေ့လိုလှပါပြီ။

Anyway (မည်သို့ဖြစ်စေ)ဟူသော ဘဝလမ်းညွှန်ဒဿနစာစုလေးမှ စာပုဒ်ကလေးကို သတိရမိသည်။ နှစ်ပေါင်းများစွာ သင်တည်ဆောက်ခဲ့သောအရာသည် နေ့ချင်းညချင်း ဖြိုလှဲဖျက်ဆီးခြင်းခံရလိမ့်မည်။ မည်သို့ဖြစ်စေ တည်ဆောက်စရာရှိတာ ဆက်၍တည်ဆောက်ပါ။ ကမ္ဘာလောကအတွက် အကောင်းဆုံးကို သင်ပေးလျက်လည်း သင့်အား ခါးသည်းနာကျည်းဖွယ် တုံ့ပြန်ကောင်းတုံ့ပြန်လိမ့်မည်။ မည်သို့ဖြစ်စေ သင့်မှာရှိသည့် အကောင်းဆုံးကိုသာ ပေးမြဲ သင်ပေးပါဟူသတည်း။ ထိုအတိုင်းပင် ကျွန်မတို့သည် မည်သို့ဖြစ်စေ အခက်အခဲများကြားမှ ကြိုးစားရုန်းထွက်နိုင်ခဲ့ကြပါပြီ။ အခြားသော ရလိုမှုတို့ကိုလည်း တရားသောနည်းဖြင့် ဆက်၍ ကြိုးစားရယူကြပါဦးမည်။ ထိုအထဲတွင် ငွေစက္ကူများပေါ်၌ ရိုက်နှိပ်ထားသော ကျွန်မတို့ အာဇာနည်ခေါင်းဆောင်ကြီး၏ပုံသည်လည်း ငွေစက္ကူပေါ်တွင်မရိုက်နှိပ်ရသေးသည့်တိုင် ကျွန်မတို့၏ မျက်ဝန်းအကြည်လွှာဝယ် စွဲထင်လျက်ရှိနေပြီး ထိုပုံရိပ်သည်ကား ကျွန်မတို့အသက်ရှိနေသမျှကာလပတ်လုံး ပျက်ပြယ်မသွားနိုင်သည့်၊ သူတစ်ပါး လာရောက်ဖျက်ဆီး၍မရသည့် စစ်မှန်သောပုံရိပ်အဖြစ် ပိုင်ဆိုင်နေမည်သာဖြစ်ပါတော့သည်။

## မကြာမီပြီးမြောက်အောင်မြင်တော့မည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ...

စာမျက်နှာ၁၉မှ

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံရေးဆွေးနွေးမှု မူဘောင် ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်၌ (Nationwide Ceasefire Agreement NCA) လက်မှတ်ရေးထိုးထားပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသာမက လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်နိုင်ရေးအတွက်လည်း ဖိတ်ကြားထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် NCAတွင် အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်နေသေးသည့် အချက်များကိုလည်း ဆွေးနွေးညှိနှိုင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ မိုင်ဂျာယန် မျက်နှာစုံညီအစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးလုပ်ငန်းများတွင် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထပ်တိုးပါဝင်နိုင်ရေးကို အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းနိုင်ပြီး NCA ကို အခြေခံ၍ ပေါ်ပေါက်လာသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံသို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး စုံညီစွာတက်ရောက်နိုင်စေမည့်ရလဒ်ကောင်းများ ဆောင်ကြဉ်းနိုင်မည်ဟုမျှော်လင့်ပါကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

### တစ်ဆင့်တက်ကြိုးပမ်းမှုတစ်ရပ်

ထိုသို့သော ငြိမ်းချမ်းရေးအတွက် ကြိုးစားပမ်းစား တိုင်းရင်းသားခေါင်းဆောင်များ ဆောင်ရွက်နေသည့် သတင်းများအကြားတွင် နောက်ဆုံးပေါ်ထွက်လာသည့် သတင်းတစ်ရပ်ကလည်း ကျွန်ုပ်တို့အတွက် အထူးအားတက်ဖွယ်ရာဖြစ်ခဲ့ရပါသည်။ ထိုအချက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ‘ဝ’၊ မိုင်းလား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ သီးသန့် တွေ့ဆုံမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ခဲ့သည့်သတင်း ဖြစ်ပါသည်။

ယင်း လက်နက်ကိုင်ခေါင်းဆောင်များကို ဒေါ်အောင်ဆန်းစုကြည်ဘက်မှ ပြည်တွင်းသို့ လာရောက်တွေ့ဆုံရန် ဖိတ်ကြားထားခြင်းဖြစ်ပြီး တွေ့ဆုံနိုင်မည့် နေ့ရက်ကို (၂၁) ရာစု ပင်လုံညီလာခံ အကြိုပြင်ဆင်ရေး ကော်မတီက ညှိနှိုင်းနေကြောင်း သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက ပြောကြားခဲ့ပါသည်။ ယင်းတွေ့ဆုံမှုတွင် (၂၁) ရာစုပင်လုံ ညီလာခံကျင်းပမည့် ကိစ္စရပ်များကို အဓိကထား ဆွေးနွေးမည်ဟုလည်း သိရှိခဲ့ရပါသည်။

ထိုသို့မတွေ့ဆုံမီ ပြီးခဲ့သည့် ဇွန်လ ၁၇ ရက်နေ့ကလည်း ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစု ပင်လုံညီလာခံ အကြိုပြင်ဆင်ရေး ကော်မတီက ‘ဝ’ ဒေသ၊ မိုင်းလားသို့ သွားရောက်ပြီး ‘ဝ’ ပြည် သွေးစည်းညီညွတ်ရေးတပ် (UWSA) နှင့် မိုင်းလားလက်နက်ကိုင်အဖွဲ့ (NDAA) တို့ကို တွေ့ဆုံခဲ့သည့်သတင်းကိုလည်း ဖတ်ခဲ့ရပါသေးသည်။ သို့သော်လည်း ယင်းတွေ့ဆုံမှုနှင့် ပတ်သက်၍ သတင်းအသေးစိတ်ကိုမူ ထုတ်ပြန်ခဲ့ခြင်း မရှိခဲ့ပေ။ ဇူလိုင်လ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကချင်ပြည်နယ် မိုင်ဂျာယန်တွင် တိုင်းရင်းသား လက်နက်ကိုင်များ အားလုံးပါဝင်မည့် ညီလာခံတစ်ခု ကျင်းပမည်ဖြစ်သော်လည်း ‘ဝ’ နှင့် မိုင်းလားအဖွဲ့များအနေနှင့် တက်ရောက်ခြင်း ရှိ၊ မရှိကို မသိရသေးပေ။

### မကြာမီပြီးမြောက်အောင်မြင်တော့မည့် (၂၁) ရာစုပင်လုံ

အချုပ်အားဖြင့် ဆိုရလျှင် ယခုအစိုးရသစ်လက်ထက်တွင် ၎င်းတို့၏ တစိုက်မတ်မတ်မူဝါဒအရ ရွေးကောက်ပွဲကာလတစ်လျှောက်လုံးတွင် ပြောဆိုခဲ့ကြသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယနေ့အချိန်တွင် ထိထိရောက်ရောက် အပူတပြင်း ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ခြင်း၊ မတိုးတက်ခြင်း၏ အဓိက အကြောင်းအရင်းတစ်ခုမှာ ထိုငြိမ်းချမ်းခြင်းရှိခြင်း၊ မရှိခြင်းဟူသည့် အချက်အပေါ်တွင်သာ တည်မှီနေလေသည်ဖြစ်ရာ ငြိမ်းချမ်းရေးသည် ပထမ၊ ငြိမ်းချမ်းရေးသည် ဒုတိယ၊ ငြိမ်းချမ်းရေးသည် တတိယအဖြစ် သတ်မှတ်ကာ မဖြစ်မနေ မလျှော့သောဇွဲလုံ့လထားပြီး ဆောင်ရွက်ကြရမည်သာ ဖြစ်ပါသည်။ သည့်အတွက်ပင်လျှင် ယနေ့အချိန်အခါတွင် အစိုးရသစ်အနေဖြင့်လည်း အင်တိုက်အားတိုက် ဆောင်ရွက်နေကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး တာထွက်ကောင်းနေကြောင်းကို မကွယ်မဝှက် တွေ့ရှိကြရမည်လည်း ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများအားလုံး အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရပြီး ငြိမ်းချမ်းရေးရပါက တောင်တန်းပြည်မ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ကာ ယခင်ထက် ပိုမိုချစ်ကြည်စည်းလုံးစေလာနိုင်မည်လည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံအတွက် အပူတပြင်း လိုအပ်နေသည့် အရာမှာလည်း ထိုငြိမ်းချမ်းရေးပင် ဖြစ်ပါသည်။ တိုင်းရင်းသားများအများစု နေထိုင်ကြသည့် တောင်တန်းဒေသများ မဖွံ့ဖြိုး မတိုးတက်ဘဲ နောက်ကျကျန်နေခဲ့ရသည့် အခြေခံအကြောင်းတရားမှာလည်း သည်ကိစ္စဖြစ်သည်မှာ ယုံမှားသံသယ မရှိလောက်ပေ။

အမှန်ဆိုရလျှင် ဤအချက်မှာ အစိုးရသစ်ကာလအစအကောင်အထည်ဖော်နေသည့် အခြားအရာရာသောကိစ္စများထက် ပြည်သူအများစုက အလေးထားပြီး တိုင်းရင်းသားများအကြား နှစ်ရှည်လများ မျှော်လင့်စောင့်စားနေခဲ့ကြရသည့် အိပ်မက်ရှည်ကြီးတစ်ခုဆိုလျှင်လည်း မှားနိုင်မည်မထင်ပါ။ တစ်ဖက်ကကြည့်လျှင်လည်း အစိုးရသစ်၏ အတိတ်အချိန်အခါဆီက အမှန်တကယ် အောင်မြင်အောင် အကောင်အထည်ဖော်ရန် ဆန္ဒပြင်းပြနေသည့် အပေါ် ၎င်းတို့အခါခါမက်ခဲ့သည့် အိပ်မက်တစ်ခုဟုဆိုသည်က ပိုမှန်မည်ထင်ပါသည်။ ယခုလက်ရှိမှာတော့ အစိုးရနှင့်ပြည်သူများအကြား နှစ်ဦးနှစ်ဖက် အခါခါမက်ခဲ့ကြသည့် မပီပြင်ဝိုးတဝါး ထိုအိပ်မက်များမှာ အမှန်တကယ်ဖြစ်ထွန်းပေါ်ပေါက်ရန် လမ်းစကို စမြင်နေကြရပြီဖြစ်သလို ပါဝင်သင့်သူများပါဝင်လာလျက် လမ်းသစ်ကိုလည်း စတင်ထွင်လျှောက်နေကြပြီလည်း ဖြစ်ပါသည်။

သည့်အတွက် နိဂုံးချုပ်ဆိုရလျှင် ယနေ့ချိန်အခါတွင် အစိုးရသစ်နှင့် တပ်မတော်ခေါင်းဆောင်များ၏ ဦးဆောင်မှုဖြင့် အပူတပြင်းဖော်ဆောင်နေသည့် ၂၁ ရာစု ပင်လုံဟုခေါ်ဆိုကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး ဖြစ်မြောက်ရန်မှာလည်း တစ်လကျော်ကျော်သာလိုပါတော့သည်။ သို့ဖြစ်၍ နိုင်ငံသားအားလုံးအတွက်၊ နိုင်ငံတော်၏ရှေ့ရေးအတွက်၊ အနာဂတ်လူငယ်များအတွက် ထိုသို့ကြီးမြတ်သည့် လုပ်ငန်းစဉ်ကြီး ဆောင်ရွက်နေကြသည့် ဤအချိန်အခါအတွင်းတွင် ကျွန်ုပ်တို့ပြည်သူများ၊ တိုင်းရင်းသား နိုင်ငံသားများအားလုံးကလည်း ထိုအရာအပေါ် စိတ်ပါဝင်စားစွာဖြင့် စောင့်ကြည့်လေ့လာခြင်း၊ အားပေးအားမြှောက်ပြုခြင်း၊ မိမိတို့တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီခြင်းများ ဆောင်ရွက်ကြရမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ဖြစ်ထွန်းပေါ်ပေါက်နေသည့် အခြေအနေမှန်များကို အဆင့်လိုက်ရေးသား၍ တိုက်တွန်းလိုက်ရပါသည်။

> ကျွန်ုပ်တို့ နိုင်ငံအတွက် အပူတပြင်းလိုအပ်နေသည့် အရာမှာလည်း ထိုငြိမ်းချမ်းရေးပင်ဖြစ်ပါသည်။ တိုင်းရင်းသားများအများစု နေထိုင်ကြသည့် တောင်တန်းဒေသများ မဖွံ့ဖြိုး မတိုးတက်ဘဲ နောက်ကျကျန်နေခဲ့ရသည့် အခြေခံအကြောင်းတရားမှာလည်း ...

ကြော်ငြာ

## ပေါ်ပြူလာစတား Travel & Services

**ဗုဒ္ဓဂယာခရီးစဉ်**

သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ(၄)ဌာန၊ နယူးဒေလီ၊ တာ့ချ်မဟာ

ရက် ၁၂ (ညအိပ် ၊ ရက်)

| | |
|---|---|
| အောက်တိုဘာ | - ၆ ၊ ၂၁ |
| နိုဝင်ဘာ | - ၄ ၊ ၁၈ |
| ဒီဇင်ဘာ | - ၂ |
| ဇန်နဝါရီ | - ၁၈ |
| ဖေဖော်ဝါရီ | - ၁ ၊ ၁၅ |
| မတ် | - ၁ ၊ ၁၅ ၊ ၂၉ |

လေယာဉ်လက်မှတ်၊ ဗီဇာသေချာမှု ရှိစေရန်ဓရဲငွေ(၂)သိန်းဖြင့်(၂)လကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

နေရာစုံသို့ မချွင်းမချန် ပို့ဆောင်ပေးခြင်း။ ညစဖောင်းခရီးစဉ် လုံးဝ မပါရှိခြင်း။ ၁၀နှစ်သက်တမ်းရှိ ဝါရင့်ဂိုက်၏ ဦးဆောင်မှု။ ဆရာဝန် ၊သူနာပြု ကျန်းမာရေး ဝန်ဆောင်မှု။ နယ်မှဘုရားဖူးများအတွက် တည်းခိုစရာ နှင့် ကြိုပို့စီစဉ်ပေးခြင်း။

ရန်ကုန်ရုံးချုပ် - အမှတ်(၇၄)၊ ပထမထပ်၊ နံ့သာလမ်း၊ ဌာနာရုံကွက်၊ အလုံမြို့နယ်။ Ph: 01 2301866, 09-5129134, 09-799676523

---

**GOLDEN STAR**

ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

---

**August** လအတွက် ပျော်စရာခရီးစဉ်လေးတွေလာပါပြီရှင်

| | | | |
|---|---|---|---|
| 8 Aug - 13 Aug | $1345 | 19 Aug - 21 Aug | $350 |
| 19 Aug - 22 Aug | $423 | 19 Aug - 21 Aug | $456 |
| 26 Aug - 30 Aug | $880 | 26 Aug - 29 Aug | $720 |

**5 August**

၀၁ ၂၄၆၁၃၇၊ ၂၄၆၁၃၈၊ ၂၅၄၁၇၈၊ ၃၉၂၈၇၀

ODYSSEY

---

**ကမ္ဘာကျော် Travel & Tours**

(3) ညအိပ် (4) ရက်ခရီး ပန်တောင်း (ရေထုတ်) အသွားအပြန် August-19 (3 Star Hotel, Guide-ကြေး၊ ဝင်ကြေး အပြည့်အစုံ)

09-442140334, 09-5121087

---

မူးယစ်ကင်းစင် အလှဆင်

---

## တက္ကသိုလ်ဝင်တန်း၊ IGCSE အောင်မြင်ပြီးသူများအတွက် ပညာရေးဆွေးနွေးပွဲ

UK ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သည့် Edexcel နှင့် GUSTO International College တို့ ပူးပေါင်းဖွင့်လှစ်သည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာအကြောင်းနှင့် နိုင်ငံတကာ ပညာရေးလမ်းကြောင်းများ၊ IT အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို ဆွေးနွေးဟောပြောပေးမည်ဖြစ်ပါသည်။



**GUSTO** International College

6th Aug (SAT), 2016
10:00 am ~ 12:00 nn
NOVOTEL Yangon Max
(Bagan Room)

(လူဦးရေကန့်သတ်ထားပါသည်။)

09 8628806
09 789 888 222
တွင် စာရင်းပေး၍ (အခမဲ့) တက်ရောက်နိုင်ပါသည်။

၁၀တန်းအောင်မြင်ပြီး နိုင်ငံတကာအသိအမှတ်ပြု UK ကွန်ပျူတာဘွဲ့ကို ပြည်တွင်း၌ ရယူလိုသူများ အထူးတက်ရောက်သင့်ပါသည်။
ထူးချွန်ကျောင်းသားအမြောက်အမြားကို မွေးထုတ်ပေးနိုင်သောကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းသားကျောင်းသူ အများအပြား GUSTO ၌တက်ရောက်ကြပါသည်။

---

**မြေကွက်ရောင်းဝယ်ရေး**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?

SEVEN ဝ နှင့် ဆက်သွယ်လိုက်ပါ။

09-33 333 511
09-33 333 514
09-33 333 644

---

**မင်္ဂလာပါ**

အိမ်ပြောင်း၊ အိမ်ရွှေ့ လုပ်ငန်း၊ မြို့တွင်း / နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-450042704
09-250095116
09-420096296

---

**Foundation for lifelong learning to meet the leadership challenges of today and tomorrow**

STI MYANMAR UNIVERSITY

STIMU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်းဖွင့်လှစ်ပါသည်။

University of Bedfordshire



### Faculty of Business

- Master of Business Administration
- BA (Hons) Business Administration
- BA (Hons) Accounting

### Faculty of Health Science

- MBA (Hospital and Health Services Management)
- Master of Science in Public Health
- Master of Science in Nutrition & Dietetics

### Faculty of Education & Linguistics

- MA Education ( Leadership & Management )

### Faculty of Engineering

- BEng (Hons) Civil Engineering
- BEng (Hons) Architectural Engineering
- BEng (Hons) Civil & Architectural Engineering
- BEng (Hons) Electronic Engineering
- BSc (Hons) Construction Management

နိုင်ငံတကာတက္ကသိုလ်ကြီးများရှိ Engineering Lab များအတိုင်း လက်တွေ့သင်ကြားခြင်း

- Auto CAD Design Lab
- Drawing Lab
- Construction Engineering Workshop
- Surveying Lab
- Structure Materials & Concrete Lab
- Soil Mechanic Lab
- Water Resource Lab
- Electronic Circuit Lab
- Architectural Design Studio
- Hydraulic Lab

### Why Study@ STI MU?

- ဘွဲ့ကြိုနှင့် မဟာဘွဲ့အမျိုးအစားအစုံအလင်ဆုံး တစ်ခုတည်းသော ကျောင်းဖြစ်ခြင်း
- UOB, UK ၏ သင်ကြားမှု သင်ယူမှုစနစ်နှင့် နည်းပညာအတိုင်း အရည်အသွေးအာမခံချက်ရရှိထားသည့် တစ်ခုတည်းသောကျောင်းဖြစ်ခြင်း
- သင်တန်းအောင်မြင်ပြီးသူများ MNC ကြီးများတွင် အလုပ်အကိုင်ကောင်းများရရှိခြင်း
- Queen's Award ရရှိထားသော University of Bedfordshire-UK မှတိုက်ရိုက်ချီးမြှင့်သောဘွဲ့ကို နောက်ဆုံးနှစ်အထိ STIMU တွင် တက်ရောက်နိုင်ခြင်း
- မဟာဘွဲ့တက်ရောက်နေသူများမှာ နယ်ပယ်အသီးသီးမှ အဆင့်မြင့်အရာရှိကြီးများဖြစ်ခြင်း
